အခြေခံဥပဒေရေးရာ

# အခြေခံဥပဒေရေးရာ ဆွေးနွေးခန်း ဆောင်းပါးများ

*မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ရေးသားစီစဉ်တင်ဆက်သော နိုင်ငံ့ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးရာ အခန်းဆက် ဆွေးနွေးခန်းဆောင်းပါးများကို ဒီမိုကရက်တစ်မြန်မာ့ အသံက ဇူလိုင်လ လဆန်းမှစ၍ အပတ်စဉ် အင်္ဂါနေ့တိုင်း ည၇း၁၅ မှ ၈း၁၅အထိ အစီအစဉ်တွင် ထုတ်လွှင့်လျက်ရှိသည်။ အခြေခံဥပဒေရေးရာစာစောင် ပရိသတ်များတွက် အပိုင်းခွဲ၍ ပြန်လည်ဖော်ပြလိုက်ရပါသည်။*

အယ်ဒီတာ

## အပိုင်း(၁)
## ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမိတ်ဆက်

| | |
|---|---|
| ကိုရင်မောင်။ | ဦးမြင့်အောင်–ဗျို့–ဦးမြင့်အောင်၊ |
| မသူဇာ။ | အော်–အိမ်ရှေ့က ခေါ်နေတာ ဘယ်သူများလဲလို့၊ ကိုရင်မောင်ပါလား၊ ခဏထိုင်အုံးနော်၊ ကိုကြီးရေချိုးခန်းဝင်နေတယ်၊ လာလိမ့်မယ်၊ |
| ကိုရင်မောင်။ | ရပါတယ်ရပါတယ်၊ ဆရာမလဲ ဒီနေ့စနေဆိုတော့ကျောင်း ပိတ်တယ်ပေါ့၊ |
| မသူဇာ။ | မပိတ်ပါဘူးရှင် စာတွေစစ်နေရတယ်လေ၊ သိပ်နေမကောင်းတာနဲ့ ဒီနေ့တရက် ခွင့်တင်လိုက်တာ၊ |
| ဦးမြင့်အောင်။ | ညှော့်သည်စကားပြေသံကြားနေတာဘယ်သူများလဲလို့၊ကိုရင်မောင် ရောက်နေတာကိုး၊ |
| ကိုရင်မောင်။ | ဟုတ်တယ်ဗျာ၊ ရုံးအားတာနဲ့လှည့်လာတာ၊ ဒီဘက်လဲမရောက်တာကြာပြီမှတ်လား၊ |
| မသူဇာ။ | ဟင်– ပြီးခဲ့တဲ့ နှစ်ရက်လောက်ကပဲ ရောက်သေးတယ်မဟုတ်လား ကိုရင်မောင်ရဲ့၊ |
| ဦးမြင့်အောင်။ | ညီမလေးကလဲကွယ်၊ ကိုရင်မောင်က ရုံးပိတ်ရက်ကလေးမှာ စကားပြောချင်တဲ့သူရှိလို့ဖြစ်မှာပေါ့၊ |

ကိုရင်မောင်။ ခင်ဗျား၊ မဟုတ်ပါဘူး၊ ကျနော်က အကိုကြီးကိုမြင့်အောင်နဲ့ ရုံးအားတုံးလေး အေးအေးဆေးဆေး စကားပြောရအောင်လို့ပါ၊

ဦးမြင့်အောင်။ ဟုတ်ပါတယ်၊ ကျနော်ကလဲဒါကိုပဲ ပြောတာပါ၊ ကဲ–ညီမလေးသူဇာ လဘက်သုတ်နဲ့ ရေနွေးကြမ်းလေး လုပ်ပါလားကွာ၊

မသူဇာ။ အကိုကြီးကတော့လုပ်ပြီ၊ ကျောင်းခွင့်ယူထားလို့ နားရမလားအောင့်မေ့တယ်၊

ဦးမြင့်အောင်။ သွားပါကွယ်၊ ညည့်သည်လဲစားရတာပေါ့၊

မသူဇာ။ ဟုတ်ကဲ့ပါ ဟုတ်ကဲ့ပါ၊

ကိုရင်မောင်။ အကိုကြီး ဒီနေ့တော့ အမှုလိုက်သွားစရာ မရှိဘူးပေါ့နော်၊

ဦးမြင့်အောင်။ မရှိပါဘူး ဒီနေ့တော့အားတယ်ဗျ၊

ကိုရင်မောင်။ ဒါဆိုကောင်းတာပေါ့ဗျာ၊ အေးအေးဆေးဆေး စကားပြောကြလို့ရတာပေါ့၊ ကျနော်ကလဲ ဥပဒေနဲ့ကျောင်းပြီးပေမဲ့ရတဲ့အလုပ်ဝင်လုပ်နေရတော့ ကျောင်းကသင်ထားတဲ့စာတွေအကုန်မေ့မေ့ကုန်တယ် အကိုကြီးတို့လိုသူတွေနဲ့ စကားပြောဖြစ်မှပဲ ဥပဒေနဲ့ ပါတ်သက်တဲ့ အကြောင်းတွေ ဆွေးနွေးဖြစ်တာ၊

ဦးမြင့်အောင်။ ဒါပေါ့ဗျာ၊ ဘုရားလဲဖူးရင်း၊ လိပ်ဥလဲ တူးရင်းပေါ့၊

ကိုရင်မောင်။ ဟာ–အကိုကြီးကလဲ စပြန်ပြီ၊ မလုပ်ပါနဲ့ဗျာ၊ နောက်တခါကျနော်လာရင် ဆရာမက ရိုက်ထုတ် နေပါအုန်းမယ်၊

မသူဇာ။ ကဲ–လဘက်သုတ်နဲ့ ရေနွေးကြမ်း ရပါပြီရှင်၊

ကိုရင်မောင်။ ရပါတယ်ဗျာ၊ ဒါနဲ့ စကားမစပ်ပြောရအုန်းမယ်၊ နအဖ ကသူတို့ရေးဆွဲနေတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကိုမကြာခင်မှာအတည်ပြုတော့မှာလိုလို ကြားနေလို့အကိုကြီးကောကြားသေးလား၊

ဦးမြင့်အောင်။ အင်း–ပြည်သူလူထုဆန္ဒမပါတဲ့ အခြေခံဥပဒေတရပ်ကို အတည်ပြုလဲ တိုင်းပြည်အတွက် အကျိုးထူး မလာနိုင်ပါဘူးကွာ၊

မသူဇာ။ အကိုကြီး ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုတာ အုပ်ချုပ်တဲ့အစိုးရနဲ့ပဲ သက်ဆိုင်တာမဟုတ်ဘူးလားပြည်သူလူထုနဲ့တိုက်ရိုက်ပါတ်သက်မှုရှိလို့လား၊

ကိုရင်မောင်။ ရှိတာပေါ့ ဆရာမရယ်၊ ဆရာမက ဥပဒေပညာရပ်ကို သိပ်စိတ်ဝင်စားမှုမရှိဘူးနဲ့ တူတယ်၊

ဦးမြင့်အောင်။ ဒရာဂ်ဘစ်ရှ် (Druhbich)၊ ဂရေဟမ်( Grahang )၊ ရာမူဆင် ( Russmussen ) နဲ့ ဆုရုတာနီ( Tsurutani )ဆိုတဲ့နိုင်ငံရေးသိပ္ပံပညာရှင်တွေကတော့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေဆိုတာအစိုးရရဲ့အာဏာကိုထိမ်းချုပ်ပြီး နိုင်ငံသားတွေရဲ့ အခွင့်အရေးတွေကို အကာအကွယ်ပေးထားတဲ့ ကိရိယာဖြစ်တယ်လို့ဆိုကြတယ်၊ အမှန်ကတော့ကွာအစိုးရကိုအပ်နှင်းထားတဲ့အာဏာအလွဲသုံးစားမလုပ်နိုင်ဘို့ကာကွယ်ထားတဲ့ ပြဌာန်းချက်တွေပဲပေါ့၊ ခလေးတွေစာသင်တဲ့ ဆရာမတယောက်လုပ်နေပြီး ဒီလောက်တော့သိထားသင့်တယ်

သူဇာရဲ့၊

မသူဇာ။ အကိုကြီးတို့ ဥပဒေတွေက ရှုတ်လွန်းပါတယ်၊

ကိုရင်မောင်။ သေချာ လေ့လာကြည့်ရင် မရှုတ်ပါဘူး ဆရာမရယ်၊ ဥပဒေ ဆိုတာ ဥပဒေ ပညာရှင်တွေနဲ့ပဲ ဆိုင်တယ်၊ ကိုယ်နဲ့ မဆိုင်ဘူးလို့ ယူဆပြီး နေရင်တော့ ဥပဒေ ဆိုတာတွေဟာ ရှုတ်ထွေးသလို ဖြစ်တတ်တာ ပေါ့။ တကယ်တော့ လူတိုင်းဟာ ကိုယ့်ကိုယ်ပိုင်လူ့အခွင့်အရေး တွေရှိနိုင်ဘို့၊ ကာကွယ်နိုင်ဘို့အတွက် ဥပဒေ ဆိုတာတွေကို သိကို သိထားသင့်တာဗျ။

မသူဇာ။ ဒါဆို အကိုကြီးစောစောက ရှင်းပြတဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ တခြားဥပဒေတွေကရော ဘယ်လို ကွာခြားမှုရှိလဲဟင်၊

ဦးမြင့်အောင်။ တခြားဥပဒေ ဆိုတာကတော့ လူ့အဖွဲ့အစည်းမှာရှိတဲ့ လူသားတွေ ငြိမ်းငြိမ်းချမ်းချမ်း လုံလုံခြုံခြုံနေထိုင်နိုင်အောင် ဥပဒေပြုပိုင်ခွင့်ရှိတဲ့ အဖွဲ့အစည်းတွေက နည်းလမ်းတကျပြဋ္ဌာန်းထားတဲ့ စည်းမျဉ်းစည်း ကမ်းတွေ ဖြစ်တယ်လို့ အကြမ်းဖျင်းပြောလို့ရတယ်ကွ၊

ကိုရင်မောင်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရပ် ရေးဆွဲတော့မယ်၊ အတည်ပြု တော့မယ်ဆိုရင် ပြည်သူလူထုရဲ့ ဆန္ဒရယူနိုင်ဘို့ကသိပ်အရေးကြီး တာဗျ။

မသူဇာ။ ဟင်–ဒါဆို အခုနအဖ ရေးနေတဲ့အခြေခံဥပဒေမှာ ကျမတို့လိုပြည် သူလူထုတွေရဲ့ ဆန္ဒရယူဘို့ လိုတာပေါ့နော်၊

ဦးမြင့်အောင်။ လိုတာပေါ့ သူဇာရဲ့၊ လူထုဆန္ဒကို အခြေခံပြီး ရေးဆွဲထားတဲ့ ဥပဒေ မျိုးမှ ရေရှည်တည်တန့်ခိုင်မြဲတာ၊ ကဲကိုရင်မောင် အမေရိကန်ပြည် ထောင်စုရဲ့အခြေခံဥပဒေ ပေါ်ပေါက်လာပုံလေး ပြောပြလိုက်စမ်းပါ ဗျာ၊ ကလေးတို့ ဆရာမ ဗဟုသုတရသွားအောင်လို့၊

ကိုရင်မောင်။ ဆရာမကို ဆရာလုပ်တာတော့ မဟုတ်ဘူးနော်၊ ဗဟုသုတတခုအ နေနဲ့ သိထားရအောင်လို့ပါ။

မသူဇာ။ ဟုတ်ကဲ့ပါ ကျမမသိတဲ့ ပညာရပ်တခုအတွက် ဆရာတင်ပါတယ် ပြောပါပြောပါ၊

ကိုရင်မောင်။ အမေရိကန်ပြည်ထောင်စုရဲ့ အခြေခံဥပဒေဟာ ၁၇၈၇ ခုနှစ်ဖိလာ ဒဲလ်ဖီးယားပြည်နယ်မှာ ကျင်းပခဲ့တဲ့ အခြေခံဥပဒေဆိုင်ရာ ညီလာ ခံကြီးကနေ ရေးဆွဲပြီး ပြည်နယ်(၁၃) ပြည်နယ်ရဲ့ အတည်ပြုချက်နဲ့ ပေါ်ပေါက်ခဲ့တာလေ၊

မသူဇာ။ ဟင်–လူထုဆန္ဒယူတဲ့ကိစ္စလဲ မပါပါလား၊

ဦးမြင့်အောင်။ သူဇာရယ် ဆက်ပြောမှာပေါ့ကွယ်၊ ကိုရင်မောင်ပြောတာဆုံးအောင် လဲ နားထောင်ပါအုံး၊

ကိုရင်မောင်။ ဟုတ်တယ်ဆရာမရဲ့ ကျနော်ကခုမှအစပျိုးတုံးရှိသေးတာ၊ အဲ့ဒီညီ လာခံကြီးမှာစုစုပေါင်း ကိုယ်စားလှယ်(၅၅)ဦး တက်ခဲ့တယ်၊ အဲ့ဒီ ကိုယ်စားလှယ်တွေဟာ သက်ဆိုင်ရာပြည်နယ်အလိုက် အောက်

ခြေပြည်သူလူထုက ရွေးချယ်ပြီး လွှတ်လိုက်တာလေ၊ အဲ့ဒီမှာ ထူးခြားတာက ကိုယ်စားလှယ်တွေဟာ ညီလာခံကို မသွားခင်မြို့ပြဒေသတွေတင်မကပဲ ကျေးလက်က ဝါစိုက်ခင်းတွေ ဆေးရွက်ကြီးစိုက်ခင်းတွေကလယ်သမားတွေအထိတအိမ်တက်ဆင်းသွားပြီးဆန္ဒသဘောထားတွေ မေးမြန်းကောက်ယူကြတယ်လေ၊




**အမေရိကန် ပြည်ထောင်စု အခြေခံဥပဒေ ဆွေးနွေးခဲ့သော ၁၇၈၇ ခုနှစ် ဖီလယ်ဒဲဖီးယား အခြေခံဥပဒေညီလာခံ ကျင်းပပုံမြင်ကွင်း**

မသူဇာ။ အင်း–ဒါမှတကယ့်ပြည်သူ့ဆန္ဒကို ယူတာပဲ သိပ်ကောင်းတာပဲနော်၊

ကိုရင်မောင်။ အဲ့ဒီမှာတင် တောင်သူလယ်သမားတွေကလဲ သူတို့ရဲ့လိုအပ်ချက်တွေကို လွှတ်လွှတ်လပ်လပ် တင်ပြကြတယ်၊ အဲ့ဒါကို ကိုယ်စားလှယ်တွေကလဲညီလာခံမှာတင်ပြပေးကြပြီးအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းနိုင်အောင် ဆွေးနွေးကြရတာပေ့ါ၊

ဦးမြင့်အောင်။ အေး–ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုတာနိုင်ငံရဲ့ အသက်သွေးကြောပဲ တိုင်းရင်းသားပြည်သူလူထုအားလုံး အေးအတူပူအမျှ ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်နိုင်ဘို့ဆိုတာဟာအခြေခံဥပဒေပေါ်မှာမူတည် နေတယ်လေ၊ ဒါကြောင့် ဥပဒေဆိုရင် ကြောက်တယ်၊ မပါတ်သက်ချင်ဘူးဆိုပြီး မနေသင့်ဘူး၊ ကိုယ့်ဘဝနဲ့ တိုက်ရိုက်ပါတ်သက်နေတဲ့ အခြေခံဥပဒေရေးဆွဲရေး၊ အတည်ပြုရေးတို့မှာ လေ့လာ စောင့်ကြည့်ပြီး လိုအပ်သလို ပါဝင်ပါတ်သက်မှုတွေလုပ်နေ ရှိနေကြရမှာ၊

မသူဇာ။ ဒါဆို အခုနအဖ ရေးနေတဲ့အခြေခံဥပဒေကပြည်သူတွေရဲ့ဆန္ဒတွေကိုလိုက်ပြီးခံယူတာလဲမဟုတ်၊ ပြည်သူတွေက ဆန္ဒပေးရွေးချယ်ထားတဲ့ ပြည်သူလွှတ်တော် ကိုယ်စားလှယ်တွေနဲ့လဲ တိုင်ပင်ရေးဆွဲတာ မဟုတ်ဘူးဆိုတော့ သူတို့ရေးချင်သလိုရေးထားတဲ့အခြေခံဥပဒေကိုကျမတို့က အတည်ပြုလို့ ဘယ်ဖြစ်မလဲနော်၊

ကိုရင်မောင်။ အင်း–ဒါကတော့ ဆရာမတို့ကျနော်တို့အပါအဝင်ပြည်သူတွေအားလုံး သေချာစဉ်းစားဆုံးဖြတ်ရမဲ့ ကိစ္စပဲလေ၊ ဒီတော့ ပြည်သူလူ ထုအနေနဲ့ မှန်ရာကိုစဉ်းစားဆုံးဖြတ်နိုင်ကြဘို့ အချိန်တန်ပြီလို့ တော့ ကျနော် ထင်တာပဲ ဆရာမရေ။

## အပိုင်း(၂)
## အခြေခံဥပဒေ ရေးဆွဲရေး လုပ်ငန်းစဉ်၏ အရေးကြီးမှု

ဦးမြင့်အောင်။ သူဇာရေ ဒီနေ့တော့ အချိန်မှန်ရထားကြီး ကိုရင်မောင် နောက်ကျနေပါလား၊

မသူဇာ။ အကိုကြီးကလဲ မစပါနဲ့၊ တော်ကြာဒီလူကြီးက အဟုတ်ထင်နေပါအုန်းမယ်။

ဦးမြင့်အောင်။ ထင်လဲထင်ပစေပေ့ါဟာ၊ ကိုရင်မောင် ကမဆိုးပါဘူး၊ ရိုးရိုးသားသား ရှိရှာပါတယ်၊ ဒီခေတ်ကြီးမှာ ရိုးသားတဲ့သူရှားတယ်ကွ၊

မသူဇာ။ တော်ပါတော့ အကိုကြီးရယ်၊ အေးအေးဆေးဆေး အပျိုကြီးဘဝနဲ့ပဲ အရိုးထုတ်ပါရစေတော့၊ ဒီလောက်ရှားပါးတဲ့ခေတ်ထဲအိမ်ထောင်ပြဘို့တွေးကို မတွေးချင်ပါဘူး၊

ဦးမြင့်အောင်။ ငါလဲအဲ့လိုတွေးရင်း စဉ်းစားရင်းကတဖြေးဖြေး အချိန်တွေကြာလာပြီးခုလိုလူပျိုဟိုင်းကြီး ဖြစ်သွားတော့တာဟေ့၊ ဟော–ပြောရင်းဆိုရင်း ဟိုကအထုတ်ဆွဲလာတာ အချိန်မှန်ရထားကြီးမဟုတ်လား၊

မသူဇာ။ ဟုတ်ပ့ါ ဟုတ်ပ့ါ၊

ဦးမြင့်အောင်။ လာဟေ့ ကိုရင်မောင်ရေ၊ ခုပဲပြောနေကြတာ၊ အချိန်မှန်ရထားကြီး မဆိုက်သေးပါလားလို့၊

ကိုရင်မောင်။ ဟာ–အကိုကြီးကလဲ နောက်တော့မယ်၊ အော်–ဒီမှာ ဘိန်းမုန့်ဝယ်လာတယ်၊ ရေနွေးကြမ်းလေးနဲ့ စားရအောင်လို့လေ၊ ဒါနဲ့ အကိုကြီး ပြီးခဲ့တဲ့အခေါက်က ဆွေးနွေးခဲ့ကြတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ပါတ်သက်ပြီး ကျနော်သိချင်တာက အင်္ဂလန်နိုင်ငံမှာတော့ အခြေခံဥပဒေ မရှိဘူးနော်၊

ဦးမြင့်အောင်။ အေး–ရေးဆွဲထားတဲ့အခြေခံဥပဒေတော့မရှိဘူး၊ ဒါပေမဲ့သီးသန့်ရေးဆွဲမထားပဲ အခြေခံဥပဒေမှာ ထည့်သွင်းဖေါ်ပြရမဲ့ ပြဌာန်းချက်မျိုးကို အခြားဥပဒေတွေမှာထည့်သွင်းဖေါ်ပြပြီး တနိုင်ငံလုံးလိုက်နာကျင့်သုံးကြရတယ်၊

မသူဇာ။ အကိုကြီး ညီမလေးကတော့ အခြေခံဥပဒေရေးဆွဲရေးမှာ ပြည်သူတွေ ပါဝင်သင့်တယ်ဆိုတဲ့ ကိစ္စနဲ့ပါတ်သက်ပြီး သေချာသိချင်တာ၊ ခြေခံဥပဒေရေးဆွဲတဲ့အခါ ပြည်သူလူထုတရပ်လုံး မျက်ချေမပြတ်ပါသင့်တယ်လို့အကိုကြီးတို့က ပြောတယ်နော်၊

ကိုရင်မောင်။ ဟုတ်တယ်လေဆရာမရဲ့ပြည်သူလူထုအနေနဲ့ဒီအပေါ်မှာစိတ်ဝင်စားမှုမရှိပဲလစ်လျူရှုထားမယ်ဆိုရင် လက်ရှိအာဏာပိုင်တွေက သူတို့ရေးနေတဲ့အခြေခံဥပဒေထဲမှာ ပြည်သူပြည်သားတွေအတွက် အခွင့်အရေးတွေကိုထိမ်းချုပ်လို့ရအောင်၊သူတို့တွေရေရှည်အာဏာ

ဆွဲကိုင်ထားလို့ရအောင် လိုသလို ရေးဆွဲသွားမှာပဲ၊

မသုဇာ။ အခုလက်တွေ့မှာလဲကျမတို့ပြည်သူတွေအနေနဲ့ သူတို့ရေးဆွဲနေတဲ့ အခြေခံဥပဒေပေါ်မှာ ပြည့်ပြည့်ဝဝ ပါဝင်ပါတ်သက်ချင်လို့မှမရပဲ ကိုရင်မောင်ရဲ့၊

ကိုရင်မောင်။ ဒါလည်းဟုတ်ပါတယ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်ဆိုပြီး နေ့စဉ်သတင်းစာတွေ ထဲမှာ ရေးနေတာနဲ့တကယ့်လက်တွေ့ အခြေအနေနဲ့ကတော့ တကယ့်ကို အခြားစီပဲ၊

ဦးမြင့်အောင်။ အခြေခံဥပဒေရေးဆွဲရေးကိစ္စမှာ ပါဝင်ပါတ်သက်ရင် ထောင်(၅)နှစ်ကနေ အနှစ်(၂၀)အထိ ချနိုင်တဲ့ဆိုပြီးနအဖစစ်အစိုးရကဥပဒေအမှတ် ၅–၉၆ ကိုတောင် ထုတ်ပြန်ကျေညာထားသေးတာပဲ၊

မသုဇာ။ အပြောနဲ့ အလုပ်တော်တော်ညီတာပဲနော် အကိုကြီး၊

ကိုရင်မောင်။ အခြေခံဥပဒေရေးဆွဲတဲ့အခါ ပြည်သူလူထုပါဝင်ပါတ်သက်တဲ့အကြောင်းထဲက ဥပမာတခုလောက် ပြောပြပါလား အကိုကြီး၊ ဆရာမလဲ စိတ်ဝင်စားတယ်ဆိုတော့ ဗဟုသုတအနေနဲ့ပေ့ါ၊

ဦးမြင့်အောင်။ အင်း–ကိုယ့်သက်တမ်းအတွင်းမှာ နီးနီးစပ်စပ်ရှိခဲ့တဲ့ ဖိလစ်ပိုင်အကြောင်းပြောပြမယ်၊

မသုဇာ။ ၁၉၈၆ ခုနှစ်တုံးက အာဏာရှင်သမ္မတမားကို့စ်ကို လူထုအုံကြွမှုနဲ့ ဖြုတ်ချပြီး ဒီမိုကရေစီစံနစ် တည်ဆောက်နေတဲ့ နိုင်ငံမဟုတ်လား အကိုကြီး၊

ကိုရင်မောင်။ ဆရာမက ဒီအကြောင်းတော့ သိသားပဲ၊

မသုဇာ။ ဆရာမ တယောက်လုပ်နေပြီး ဒီလောက်တော့ သိထားရမှာပေ့ါရှင့်၊ ဘာလဲ ကိုရင်မောင်ရဲ့ကျမကဥပဒေနဲ့ပါတ်သက်ရင်ဗဟုသုတသိပ်မရှိတာနဲ့ တခြားအကြောင်းအရာဗဟုသုတလည်းမရှိတော့ဘူးလို့ ထင်နေတာပေ့ါလေ၊

ကိုရင်မောင်။ မဟုတ်ပါဘူးဆရာမရယ်၊ ဒီလိုထင်လို့မဟုတ်ပါဘူး၊

ဦးမြင်အောင်။ ကဲကဲနောက်မှစကားနိုင်လုကြတော့၊ဖိလစ်ပိုင်နိုင်ငံရဲ့အခြေခံဥပဒေကိစ္စဆက်နားထောင်ကြပါအုံး၊

ကိုရင်မောင်။ ဟုတ်ကဲ့ ပြောပါအကိုကြီး၊

ဦးမြင့်အောင်။ သုဇာပြောသလိုပဲ အာဏာရှင်သမ္မတ ဖာဒီနန်မားကို့စ်ကို ဖြုတ်ချပြီးလုထုထောက်ခံမှုနဲ့အာဏာရလာတဲ့ကိုရာဇန်အကွီနိုလက်ထက်မှာအဖွဲ့ဝင်(၅၀)ပါတဲ့အခြေခံဥပဒေရေးဆွဲရေးကော်မရှင်တရပ်ကိုဖွဲ့စည်းတာဝန်ပေးခဲ့တယ်၊အဲ့ဒီကော်မရှင်ကအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တရပ်လုံးမှာလူထုသဘောထားဆန္ဒတွေအကံညာဏ်နဲ့ပူးပေါင်းဆောင်ရွက်မှုတွေကိုစံနစ်တကျလုပ်ကိုင်ခဲ့ကြတယ်၊

မသုဇာ။ ဘယ်လို လုပ်ကိုင်ကြတာလဲ အကိုကြီးရဲ့၊

ဦးမြင့်အောင်။ ပြောမှာပေ့ါဟာ၊ သူတို့ကသက်ဆိုင်ရာ အကြောင်းအရာအလိုက် သေချာဆောင်ရွက်ပေးနိုင်ဘို့အတွက်ဆပ်ကော်မတီ(၁၈)ခုကို ထပ်ဖွဲ့စည်းလိုက်ပြီးပြည်သူတွေရဲ့လိုလားတင်ပြချင်တာတွေ၊အကြံဉာဏ်တွေကို လက်ခံစုဆောင်းကြတယ်၊

ကိုရင်မောင်။ Public hearing ခေါ်တဲ့ လူထုကြားနာပွဲတွေ လူထုထံ ပြန်လည်ရှင်းပြတဲ့ အစည်းအဝေးတွေလဲ အစိုးရကလွတ်လွတ်လပ်လပ်လုပ်ခွင့်ပေးတယ်မဟုတ်လား အကိုကြီး၊

မသူဇာ။ အင်း– ဒီကနဲ့တော့ ကွာပ့ါကွာပ့ါ။

ကိုရင်မောင်၊ ၁၉၉၇ ခုနှစ်က ထိုင်းနိုင်ငံမှာလည်း ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တရပ်ကို ထပ်ပြီး အတည်ပြုခဲ့ကြတယ်နော်၊ ပေါ်ပေါက်ခဲ့သမျှအခြေခံဥပဒေတွေထဲမှာအကောင်းဆုံးလို့ပြောကြတယ်၊

ဦးမြင့်အောင်။ ထိုင်းနိုင်ငံရဲ့(၁၆)ခုမြောက် ပဲလေ၊ ဘယ်အခြေခံဥပဒေမဆို အားနည်းချက်တော့ ရှိတတ်ပါတယ်၊ ဒါပေမဲ့ပေါ်ပါက်ခဲ့တဲ့ အခြေခံဥပဒေတွေအားလုံး နှိုင်းယှဉ်ကြည့်ရင်တော့ စောစောကကိုရင်မောင်ပြောသလို အကောင်းဆုံးလို့ပြောနိုင်ပါတယ်၊

မသူဇာ။ ဘာဖြစ်လို့ပြောနိုင်တာလဲ အကိုကြီး၊

ကိုရင်မောင်၊ ကျနော်ထင်တာပြောရရင်တော့ ထိုင်းမှာသက်ဦးစံပိုင်ဘုရင်စံနစ်ကနေ စည်းမျဉ်းခံ ဘုရင်စံနစ်ကိုပြောင်းခဲ့တဲ့ ၁၉၃၂ ခုနှစ်နောက်ပိုင်းစပြီး ပေါ်ပေါက်ခဲ့တဲ့ အခြေခံဥပဒေတွေဟာ လူထုဆန္ဒကို အခြေခံစုစည်းပြီး ရေးဆွဲခဲ့တာမဟုတ်ဘူး၊ အခုနောက်ဆုံးရေးဆွဲအတည်ပြုခဲ့တဲ့ အခြေခံဥပဒေကတော့ နိုင်ငံသားတွေ၊ ပညာရှင်တွေ၊ လယ်သမားအလုပ်သမားတွေ၊ NGO တွေရဲ့ဆန္ဒသဘောထားတွေကိုယူပြီး ရေးဆွဲခဲ့တာမို့ လို့ထင်တယ်၊

ဦးမြင့်အောင်။ ဟုတ်တာပေ့ါဗျာ၊ နောက်ပြီး အဲ့ဒီ အခြေခံဥပဒေ ရေးဖွဲ့တဲ့နေရာမှာ စစ်ဗိုလ်ချုပ်တွေဟာ အဓိကကျတဲ့အခန်းကဏ္ဍကလုံးဝမပါခဲ့ဘူး၊လူထုတွေအားလုံးပါဝင်နိုင်ဘို့အတွက်လဲအခြေခံဥပဒေရေးဆွဲရေးလွှတ်တော်အဖွဲ့ဝင်တွေဟာ ရက်ပေါင်း(၂၄၀)အတွင်း ပြည်နယ်၊ တိုင်း၊ မြို့နယ်တွေကနေ ကျေးရွာတွေအထိသွားပြီးအခြေခံဥပဒေဆိုင်ရာရှင်းလင်းဆွေးနွေးမှု၊အကြံဉာဏ်စုဆောင်းမှုတွေလုပ်ခဲ့တယ်။တက္ကသိုလ်တွေအထက်တန်းကျောင်းတွေနဲ့လုပ်ငန်းဌာနတွေမှာလဲစာတိုက်ပုံးတွေဖွင့်ပြီး အကြံပေးစာတွေကို လက်ခံခဲ့ကြတယ်၊ သတင်းစာတွေရုပ်မြင်သံကြားတွေကလဲလူထုရဲ့အမြင်စုံဒေါင့်စုံကနေ ဆွေးနွေးတင်ပြတာတွေကို ဘာမှဆင်ဆာအဖြတ်အတောက် မရှိ ထုတ်လွှင့်ပေးခဲ့တယ်၊

ကိုရင်မောင်၊ ကျနော်တို့ဆီကနဲ့ တော့ ကွာလိုက်တာနော်ဆရာမ

မသူဇာ။ ဟုတ်တယ်ကိုရင်မောင်ရေ၊ ဒါနဲ့အခြေခံဥပဒေရေးဆွဲတဲ့နေရာမှာပါဝင်ပါတ်သက်မိရင်ထောင်(၅)နှစ်၊ အနှစ်(၂၀) ချမယ်ဆိုတဲ့ ဥပဒေမျိုး

| | |
|---|---|
| | တခြား ဘယ်နိုင်ငံမှာ ရှိသလဲဟင် ၊ |
| ကိုရင်မောင်။ | ကျနော်တော့ နိုင်ငံတကာဥပဒေရေးရာနဲ့ပါတ်သက်လို့ လက်လှမ်းမှီသလောက် လေ့လာကြည့်ပါတယ်၊ ဒီလို ဥပဒေမျိုးတော့ တခါမှ မကြားဘူးပါဘူး၊ |
| ဦးမြင့်အောင်။ | အေးကွာ ငါတို့တိုင်းပြည်ကတော့ ကြုံဘူးပေါင် ဂုဏ်ထူးဆောင်ပါပဲ ဟေ့။ |

## အပိုင်း(၃)
## အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်၏ အရေးကြီးမှု(၂)

| | |
|---|---|
| ဦးမြင့်အောင်။ | ကဲ–ကိုရင်မောင်ရေ ဒီတခါတော့ အသားရောင်ခွဲခြားမှုနဲ့ လူမျိုးရေးပြဿနာအင်မတန်ရှုတ်ထွေးခဲ့တဲ့ တောင်အာဖရိက နိုင်ငံကဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း ဆွေးနွေးကြရင် မကောင်းဘူးလား၊ |
| ကိုရင်မောင်။ | ကောင်းတာပေါ့ အကိုကြီးရယ်၊ ဒါနဲ့ ဆရာမလဲ မတွေ့ပါလားအကိုကြီး၊ |
| ဦးမြင့်အောင်။ | ကျောင်းကပြန်မလာသေးဘူးကွ၊ရောက်တော့မှာပါ၊အစည်းဝေး တွေပါတွေရှိလို့ နောက်ကျတာနဲ့တူပါတယ်၊ အရင်ဒီအချိန်ဆိုပြန်ရောက်နေပြီကွ၊ ဟောဟော ပြောရင်းဆိုရင်း လာပါပြီ၊ |
| မသျှဇာ။ | ကိုရင်မောင်ရောက်နေတာကြာပြီလား၊ |
| ကိုရင်မောင်။ | မကြာသေးပါဘူးခင်ဗျ၊ |
| မသျှဇာ။ | အကိုကြီးနဲ့ကိုရင်မောင်ကိုမိတ်ဆက်ပေးရအုံးမယ်၊ ကျမတို့ကျောင်းက ဆရာမဒေါ် နန်းခမ်းထွေးတဲ့၊ နန်းရေဒါကကျမ အကိုကြီးဦးမြင့်အောင်၊ ရှေ့နေလုပ်ပျိုကြီးလေ၊ ဒါကကိုရင်မောင်တဲ့ ဥပဒေနဲ့ဘွဲ့ရပေမဲ့လုပ်တော့ စာရင်းစစ်ရုံးမှာ လုပ်တယ်လေ၊ |
| နန်းခမ်းထွေး။ | ဟုတ်ကဲ့တွေ့ရတာဝမ်းသာပါတယ်၊ ကျမအထက်တန်းရှေ့နေအောင်ထားပါတယ်၊ အကိုကြီးတို့ စကားဝိုင်းလေးအကြောင်းသူဇာကပြောပြတော့ ကျမလဲ စိတ်ဝင်စားတာနဲ့ နားထောင်ရအောင် လိုက်လာတာပါ၊ |
| ဦးမြင့်အောင်။ | ကောင်းတာပေါ့ဗျာ၊ စကားဝိုင်းလေးပိုစည်ကားသွားတာပေါ့၊ ကျနော်တို့က တောင်အာဖရိကနိုင်ငံကဖွဲ့စည်းပုံ အခြေခံဥပဒေအကြောင်း ဆွေးနွေးကြမလို့၊ |
| ကိုရင်မောင်။ | ကဲ–ကျနော်ကပဲ စလိုက်မယ်နော် အကိုကြီး၊ |
| မသူဇာ။ | နေပါအုံးနေပါအုံး၊ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် နယ်လ်ဆင်မန်ဒဲလားဆိုတာ တောင်အာဖရိကနိုင်ငံကမဟုတ်လား၊ အဲ့ဒီနိုင်ငံက လူဖြူလူမဲအသားရောင် သိပ်ခွဲခြားတဲ့ နိုင်ငံဆို၊ |
| ဦးမြင့်အောင်။ | တချိန်ကတော့ ဒီပြဿနာဟာ တော်တော်ကြီးကြီးမားမားရှိခဲ့တာပေါ့၊ ခုတော့လဲ ဒီလောက်မဟုတ်တော့ပါဘူး၊ လူမျိုးရေးမှာ တရား |

မျှတမှုရှိလာတဲ့ ဒီမိုကရေစီ နိုင်ငံတခုဖြစ်နေပါပြီ၊

နန်းခမ်းထွေး။ တောင်အာဖရိက နိုင်ငံဟာ ၁၉၁၀ ခုနှစ်ကပြည်နယ်လေးခု စုပေါင်းပြီး ပေါ်ပေါက်ခဲ့တဲ့နိုင်ငံနော်၊ အဲ့ဒီတုံးက ဗြိတိသျှပါလီမန်ကတောင်အာဖရိကနိုင်ငံအတွက် အတည်ပြုပေးခဲ့တဲ့ အခြေခံဥပဒေဟာအသားအရောင်ရှိတဲ့ ပြည်သူတွေရဲ့အခြေခံ လူ့အခွင့်အရေးတွေကိုငြင်းပါယ်ခဲ့တယ်နော်၊

ကိုရင်မောင်။ ဆရာမ မနန်းခမ်းထွေးကလဲ တော်တော်လေ့လာထားတာပဲ၊ဟုတ်တယ်ဗျမဟတ္တမဂန္ဒီအပါအဝင်လူမဲခေါင်းဆောင်တွေရဲ့ မေတ္တာရပ်ခံတင်ပြချက်ကိုတောင်လက်မခံပဲ လူဖြူတွေသာတက်ရောက်ခွင့်ရတဲ့အမျိုးသားညီလာခံကသဘောတူရေးဆွဲပေးလိုက်တဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဗြိတိသျှတို့ကအတည်ပြုပေးလိုက်တယ်လေ၊

မသူဇာ။ ဒီလိုလုပ်တာကို လူဖြူမဟုတ်တဲ့ သူတွေက မကန့်ကွက်ဘူးလားဟင်။

ဦးမြင့်အောင်။ ကန့်ကွက်တာပေါ့ကွယ်၊၁၉၅၀ခုနှစ်ပိုင်းတွေမှာဆို အားကောင်း တဲ့ လူထုလှုပ်ရှားမှုကြီးတွေပေါ်ပေါက်ခဲ့တယ်လေ၊ အဲ့ဒီနောက်၁၉၅၅ ခုနှစ်ဇန်နဝါရီလ (၂၅)ရက်နေ့မှာ အာဖရိက အမျိုးသားကွန်ကရက် (ANC)ကနေပြီး တောင်အာဖရိက အမျိုးသားအားလုံးရဲ့ တန်းတူရေးအတွက် တောင်းဆိုတဲ့လွတ်မြောက်ရေး ပဋိညာဉ် စာတမ်းကို အတည်ပြုခဲ့ရတယ်၊

နန်းခင်ထွေး။ အဲ့ဒီအချိန်ကစပြီး လူမျိုးမခွဲခြား၊ လူဖြူလူမဲမခွဲခြားပဲ တောင်အာဖရိကကို စုပေါင်းပိုင်ဆိုင်ကြတယ်ဆိုတဲ့ စိတ်ဓါတ်ဟာ အခုအချိန်အထိ ခိုင်ခိုင်မာမာ တည်ရှိခဲ့တယ်နော်၊

ကိုရင်မောင်။ ၁၉၉၀ခုနှစ် နယ်လ်ဆင်မန်ဒဲလား ထောင်ကလွတ်လာပြီးတဲ့နောက်သမ္မတသစ် ဒီကလပ်ခေါင်းဆောင်တဲ့ အစိုးရက လူဖြူလူမဲခွဲခြားရေးစံနစ် လုံးဝချုပ်ငြိမ်းဘို့ကို လက်ခံခဲ့တယ်၊ ပါလီမန်ရွေးကောက်ပွဲအတွက် မဲဆန္ဒပေးခွင့်ကိုငြင်းပါယ်ထားခံခဲ့ရတဲ့ လူများစုကြီးနဲ့ ညှိနှိုင်းဆွေးနွေးအဖြေရှာရေး လမ်းကြောင်းကိုလဲ လျှောက်လှမ်းခဲ့ကြတယ်လေ၊

ဦးမြင့်အောင်။ အခက်အခဲတွေအများကြီးထဲကပဲ တောင်အာဖရိကနိုင်ငံရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းတရပ်ကို ၁၉၉၃ခုနှစ်မှာ ပါလီမာန်ကအတည်ပြုပေးခဲ့ပြီး ၁၉၉၄ ခုနှစ်ဧပြီလမှာ ပထမဆုံးဒီမိုကရေစီနည်းကျတဲ့ ရွေးကောက်ပွဲတွေလဲ ကျင်းပနိုင်ခဲ့ကြတယ်၊

ကိုရင်မောင်။ အဲ့ဒီမှာ စိတ်ဝင်စားဘို့ ကောင်းတာက တရားဝင်အတည်ပြုတော့မဲ့အခြေခံဥပဒေကိုလက်တွေ့ ရေးဆွဲတဲ့နေရာမှာလူထုတွေကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပါဝင် ပါတ်သက်မှုပေးပြီး၊ တရားဝင်ရွေးချယ်တင်မြှောက်ခြင်းခံထားရတဲ့ ကိုယ်စားလှယ်တွေကသာ ရေးဆွဲကြမယ်ဆိုတဲ့ အချက်ဖြစ်တယ်၊

မသူဇာ။ အမလေး ကွာလိုက်တာနော် ကွာလိုက်တာ၊ ကျမတို့ဆီက ပြည်သူတွေရွေးချယ်ပေးထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ ခမြာတော့ ဥပဒေရေးဆွဲဘို့နေနေသာသာ၊ ဘယ်နေ့ကိုယ်စားလှယ်အဖြစ်က နှုတ်ထွက်ခွင့်တင်ခိုင်းမယ်ဆိုတာ စောင့်နေကြရတယ်၊

နန်းခင်ထွေး။ နောက်ပြီးတောင်အာဖရိကမှာ အခြေခံဥပဒေဆိုင်ရာလူထုအစည်းဝေးပွဲတွေကိုလဲ တနိုင်ငံလုံးကျယ်ကျယ်ပြန့်ပြန့် လုပ်ခဲ့ကြတယ်နော်၊ တနိုင်ငံလုံးမှာ လူထုအစည်းဝေးပွဲမလုပ်တဲ့ နယ်မြေဒေသရယ်လို့ မရှိဘူးလို့သိရတယ်။အဲ့ဒီစည်းဝေးပွဲတွေမှာ ကျမလေ့လာလို့သိရသလောက်တော့ အဖွဲ့ပေါင်း (၇၀၀)ကျော် တက်ရောက်ခဲ့တယ်ဆိုပဲ၊

မသူဇာ။ ဘာလဲဒီက ကြံ့ဖွံ့လိုအဖွဲ့တွေ၊ အင်ဒိုနီးရှားကဂိုလ်ခါလိုအဖွဲ့ တွေလား၊

ကိုရင်မောင်။ မဟုတ်ပါဘူးဆရာမရယ်၊ အစိုးရနဲ့မပါတ်သက်တဲ့လွတ်လပ်တဲ့ အဖွဲ့တွေပါ။ ဘာသာရေးအဖွဲ့တွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ အတတ်ပညာရှင်အဖွဲ့အစည်းတွေ၊ အလုပ်သမားအဖွဲ့တွေ၊ စီးပွားရေးလုပ်ငန်းရှင် အဖွဲ့တွေ မျိုးတွေပေ့ါ၊

မသူဇာ။ အင်း–ဒါဆိုရင်တော့အစစ်အမှန်ပါပဲ၊ ကျမတို့ဆီမှာကတော့ လူထုလူထုနဲ့ အင်တွေက များနေတာမှတ်လား၊

ဦးမြင့်အောင်။ သူတို့ဟာ လူထုပါဝင်ပါတ်သက်မှုအတွက် ဘယ်လောက်အထိကျိုးစားခဲ့ကြသလဲဆို၊ သာမန်လူတွေ အခြေခံဥပဒေကို စိတ်ဝင်စားလာအောင် ၊ အခြေခံသဘောတွေ နားလည်လာအောင် အခြေခံဥပဒေအကြောင်းကို ကာတွန်းရုပ်ကလေးတွေနဲ့ရေးပြီး စာအုပ်လေးတွေထုတ်ခဲ့ကြတယ်၊နောက်ပြီးလူထုတွေလေ့လာအကြံပေးလို့ရအောင်လဲ အခြေခံဥပဒေမူကြမ်းကို မိတ္တူလေးသန်းအထိကူးပြီးအိမ်ထောင်စုအားလုံးလက်ထဲရောက်အောင် ဖြန့်ဝေပေးခဲ့တာ၊

မသူဇာ။ အဲ့ဒီတော့လူထုဆီကပြန်လည်တုန့်ပြန်မှုတွေရောရလားအကိုကြီး၊

ဦးမြင့်အောင်။ ရတာပေ့ါသူဇာရဲ့၊ လူထုဆီကအကြံပေးစာစုစုပေါင်း နှစ်သန်းကျော်တောင်ရတယ်တဲ့၊

နန်းခင်ထွေး။ ဒါတွေ နားထောင်ရတော့ ကျမတို့နိုင်ငံကပြည်သူတွေကို စာနာမိတယ်။ လူထုရဲ့ဘဝကြမ္မာကိုဖန်တီးမယ်ဆိုတဲ့ အခြေခံဥပဒေကြီးကို ၁၉၉၃ ခုနှစ်ကထဲကရေးဆွဲတယ်လို့ကြားရတာအခုဆို(၆)နှစ်(၇)နှစ်ဖြစ်လာပြီ၊တခါမှလဲလူထုကြားထဲမှာလွတ်လွတ်လပ်လပ်လေ့လာမေးမြန်းဆွေးနွေးတယ်ဆိုတာ မရှိဘူးနော်၊

ကိုရင်မောင်။ ဆရာမနန်းခမ်းထွေးရေတကယ်ဆိုရင် အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်တဲ့အချိန်မှာ မြန်မာပြည်တဝှမ်းလုံး နိုင်ငံရေးကိစ္စတွေမှာ ပါဝင်နိုင်ဖို့အတွက်အခြေခံအခွင့်အရေးနဲ့ ဒီမိုကရေစီဝန်းကျင် ရှိနေရမှာ၊

မသူဇာ။ ဘာလဲကိုရင်မောင်ရဲ့ ဒီမိုကရေစီဝန်းကျင်ဆိုတာ၊ ရှင်းရှင်းပြောပြစမ်း

ပါ၊

ကိုရင်မောင်။ အော်–ဆရာမရယ်ဒီမိုကရေစီဝန်းကျင်ဆိုတာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တို့၊ ပုံနှိပ်ထုတ်ဝေခွင့်တို့၊ သတင်းဖြန့်ချီခွင့်တို့၊ စုဝေးခွင့်တို့ ကိုပြောတာလေ၊

ဦးမြင့်အောင်။ ဒါမှလဲကိုယ့်ပြည်ထောင်စုသစ်ကြီးတည်ဆောက်ရေးအတွက်အခြေခံ ဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်မှာ ပြည်သူပြည်သားတွေအနေနဲ့ ကိုယ့်ယူဆချက်၊ ကိုယ့်ဆန္ဒတွေကို လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြနိုင်မှာပေါ့၊

မသုဇာ။ ပြည်သူပြည်သားတွေ ဆန္ဒလုံးဝမပါတဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေတရပ်ဟာ ဘယ်တော့မှ အစစ်အမှန် ဖြစ်လာမှာ မဟုတ်ဘူးနော်၊

ကိုရင်မောင်။ ဒါပေါ့ဆရာမရယ်၊ စစ်မှန်တဲ့ဥပဒေတရပ်မဟုတ်တဲ့အပြင် ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း ဖော်ဆောင်နိုင်မှာမဟုတ်ဘူး၊ အဲ့ဒီအခြေခံဥပဒေကြီးကလဲ တနေ့ကျဆုံးပျောက်ပျက်သွားမှာ မလွဲပါပဲဗျာ။

## အပိုင်း(၄)
## တပြည်ထောင်စံနစ်လား၊ ပြည်ထောင်စု စံနစ်လား၊

ဦးမြင့်အောင်။ ကဲ–ကိုရင်မောင်လဲရောက်ပြီ၊ဆရာမနန်းခမ်းထွေးလဲရောက်ပြီဆိုတော့ လူစုံပြီပဲ၊ စကား ဝိုင်းလေး စလိုက်ကြစို့လား၊

မသုဇာ။ ဒီတပါတ် ဘာအကြောင်းအရာ ဆွေးနွေးကြမှာလဲ၊

ဦးမြင့်အောင်။ ကျနော်တို့နိုင်ငံကို တပြည်ထောင်စံနစ်နဲ့ဖွဲ့စည်းမလား၊ပြည်ထောင်စုစံနစ်နဲ့ဖွဲ့စည်းမလားဆိုတဲ့မေးခွန်းဆွေးနွေးအဖြေရှာကြည့်ရင်မကောင်းဘူးလား၊

ကိုရင်မောင်။ ဒီအကြောင်းအရာက ဆွေးနွေးဘို့သင့်တဲ့ အကြောင်းအရာပဲ၊

မသုဇာ။ တပြည်ထောင်စံနစ်ဆိုတာ ဘယ်လိုဟာလဲ အကိုကြီး အဲ့ဒါအရင်ဆုံးရှင်းပြပါအုံး၊

ဦးမြင့်အောင်။ တပြည်ထောင်စံနစ်ဆိုတာက နိုင်ငံအတွင်းမှာလူမျိုးကွဲ အများကြီးမရှိရင် ဒါမှမဟုတ် လူမျိုးတမျိုးတည်းသာရှိရင်၊ လူမျိုးရေးပြဿနာ အထူးအထွေမပေါ်ပေါက်ရင် ဖွဲ့စည်းလို့ ကောင်းတဲ့ စံနစ်မျိုးပေါ့၊

ကိုရင်မောင်။ ဗြိတိနိုင်ငံနဲ့တရုတ်နိုင်ငံတွေမှာတော့ လူမျိုးတမျိုးထက်မကရှိနေကြပေမဲ့ တပြည်ထောင်စံနစ်ကိုပဲ ကျင့်သုံးကြတယ်နော်၊

ဦးမြင့်အောင်။ ဟုတ်ပါတယ်၊ တပြည်ထောင်စံနစ်မှာပုံစံကွဲ နှစ်မျိုးတွေ့နိုင်တယ်၊ ပထမပုံစံက နှစ်သွယ်ဖြစ်မှုပုံစံ၊ နောက်ပုံစံကပေါင်းကူးထားမှု ပုံစံဖြစ်တယ်၊

နန်းခမ်းထွေး။ အဲ့ဒီပုံစံနှစ်မျိုးနဲ့ပါတ်သက်လို့ကျမလဲနဲနဲလေ့လာဘူးတယ်၊နှစ်

သွယ်ဖြစ်မှုပုံစံက ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့တွေအနေနဲ့ အာဏာကိုကျင့်သုံးတဲ့နေရာမှာ ဗဟိုအစိုးရရဲ့ ထိမ်းချုပ်မှုအောက်ကကင်းလွတ်ပြီး လွတ်လပ်မှုရှိနေတယ်ဆိုရင်ဗဟိုအစိုးရနဲ့ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့တို့ရဲ့အာဏာကျင့်သုံးမှုဟာသီးခြားနှစ်သွယ်ဖြစ်တယ်လို့ ခေါ်ဆိုကြတယ်နော်၊

ကိုရင်မောင်။ ဟုတ်တာပေါ့ဗျ၊ တပြည်ထောင်ဖြစ်တဲ့ အင်္ဂလန်နိုင်ငံမှာကြည့်ရင် ဒေသန္တရကောင်စီဖြစ်တဲ့ အုပ်ချုပ်ရေးအဖွဲ့ရဲ့ လုပ်ဆောင်မှုတွေမှာဗဟိုအစိုးရက လုံးဝမစွတ်ဖက်ဘူး၊ သီးခြားလုပ်ပိုင်ခွင့် ပေးထားတယ်၊ ဒီပုံစံကိုတပြည်ထောင်စံနစ် နိုင်ငံတွေဖြစ်တဲ့စပိန်၊ နယ်သာလန်နဲ့ အီတလီနိုင်ငံတွေမှာလည်း ကျင့်သုံးကြတယ်လေ၊

ဦးမြင့်အောင်။ ဟုတ်တာပေါ့ ကိုရင်မောင်ရေ၊ ပေါင်းကူးထားတဲ့ပုံစံကတော့ ဗဟိုအစိုးရရဲ့ပေါ်လစီကို အကောင်အထည်ဖေါ်ရာမှာ ဒေသန္တရအစိုးရ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့ကပူးပေါင်းလုပ်ဆောင်ပေးရတယ်လေ၊ ဒါကြောင့် ဗဟိုဦးစီးချုပ်ကိုင်တဲ့ ပုံစံဖြစ်တယ်လို့ ဆိုကြတယ်၊

နန်းခင်ထွေး၊ ကျမတို့နိုင်ငံမှာ၁၉၇၄ အခြေခံဥပဒေအရတပြည်ထောင်စံနစ်ဖြစ်ပြီး ပေါင်းကူးထားမှုပုံစံနဲ့ဖွဲ့စည်းထားတယ်လို့ ပြောလို့ရမှာပေါ့နော်၊

ဦးမြင့်အောင်။ ဟုတ်ပါတယ်၊ ဒီပုံစံကို ပြင်သစ်၊ လူဇင်ဘတ်၊ ဒိန်းမတ်နဲ့ ဂျပန်နိုင်ငံတွေမှာလည်း တွေ့နိုင်တယ်၊

ကိုရင်မောင်။ ဒါပေမဲ့အဲဒီနိုင်ငံတွေမှာက ပါတီစုံနိုင်ငံရေးစံနစ်ကျင့်သုံးလို့ လူထုက ကိုယ်နှစ်သက်ရာအယူဝါဒ၊ကိုယ်ကြိုက်ရာပါတီရဲ့ဦးဆောင်မှုနောက်မှာ ကျေကျေနပ်နပ်ကြီးလိုက်လို့ရတယ်၊ ကျနော်တို့နိုင်ငံမှာက(၆၂) ခုနှစ်နောက်ပိုင်းမှာ တပါတီအာဏာရှင်၊ စစ်အာဏာရှင်တွေ ထင်တိုင်းကြဲနေခဲ့တာ ပေါင်းကူးထားမှုပုံစံချင်းတူရင်တောင် လူမှုလွတ်လပ်ခွင့်တို့ လူ့အခွင့်အရေးတန်ဘိုးထားမှုခြင်းတို့ ကွာခြားပါတယ်ဗျာ၊

မသူဇာ။ ကမ္ဘာ့နိုင်ငံတွေကိုကြည့်လိုက်ရင်တပြည်ထောင်စံနစ်၊ဒါမှမဟုတ်ပြည်ထောင်စုစံနစ်နဲ့ဖွဲ့စည်းတည်ဆောက်ထားတာတွေ့ရပြီဆိုပါတော့၊ ကျမတို့နိုင်ငံကိုရော ဘယ်စံနစ်မျိုးနဲ့တည်ဆောက်သင့်သလဲဟင်၊

ကိုရင်မောင်။ ရှင်းရှင်းလေးပါ ဆရာမရယ်၊ ပြည်ထောင်စုစံနစ်နဲ့သွားရမှာပေါ့၊ ကျနော်တို့နိုင်ငံမှာက လူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြတာပဲ၊

နန်းခင်ထွေး။ လူမျိုးအရည်အတွက်များတာ တခုထဲကြောင့်ပြည်ထောင်စုစံနစ်နဲ့ ဖွဲ့စည်းရမယ်လို့ ဆိုလိုတာလား ကိုရင်မောင်၊

ကိုရင်မောင်။ ကျနော်ဆိုလိုချင်တာကမြန်မာပြည်ကလူမျိုးစုတွေရဲ့သမိုင်းကြောင်းကိုပြန်ကြည့်ရင် လူမျိုးစုအလိုက် ဒေသအလိုက်သီးခြားစီနေလာခဲ့ကြတယ်၊ တစုတရုံးထဲနေလာခဲ့တာမဟုတ်ဘူး၊ မြေပြန့်

ပိုင်းကိုကြည့်တဲ့အခါ သူတနယ်ငါတမင်းကွဲပြားနေတဲ့ မင်းပဒေသရာဇ်အာဏာပိုင်တွေကို စုစည်းပြီး၊ မင်းနိုင်ငံတော်တွေ အဖြစ်ထူထောင်ခဲ့ကြတယ်၊ ဒါကြောင့်ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်းနဲ့ကုန်းဘောင်ပဲခူးဆိုတဲ့ မင်းနိုင်ငံတွေ ပေါ်ပေါက်ခဲ့ကြဘူးတယ်၊

ဦးမြင့်အောင်။ ကိုရင်မောင် ပြောတာမှန်တယ်၊ တောင်တန်းဒေသတွေမှာကျတော့ ပထဝီအနေအထားနဲ့ လမ်းပမ်းဆက်သွယ်မှုအခက်အခဲတွေကြောင့် မြေပြန့်ဒေသမှာလိုကျယ်ပြန့်တဲ့မင်းနိုင်ငံတော်တွေမတည်ဆောက်နိုင်ခဲ့ကြဘူး၊

နန်းခင်ထွေး။ ဒေသအလိုက်တော့ စော်ဘွားတွေ၊ ဒူးဝါးတွေစော်ကဲတွေတောင်ပိုင်တွေနဲ့ တောင်အုပ်တွေဆိုပြီး ပဒေသရာဇ်အာဏာပိုင်တွေအဖြစ်တော့ အုပ်ချုပ်ခဲ့ကြတယ်နော်၊

ကိုရင်မောင်။ ဟုတ်ပါတယ်၊ ဒီလိုကိုယ့်ထီးကိုယ့်နန်းနဲ့သီးသီးခြားခြားနေလာခဲ့ကြတာကြောင့် မြန်မာနိုင်ငံတော်သစ်ကြီးကိုတည်ဆောက်တဲ့အခါပြည်ထောင်စုစံနစ်ဖြစ်ဘို့သင့်တယ်လို့ပြောတာပေါ့၊တပြည်ထောင်စံနစ်နဲ့တော့ ဘယ်လိုမှ မကိုက်ညီနိုင်ဘူးလေ၊

မသူဇာ။ အင်း–ကိုရင်မောင် ဆွေးနွေးတာ သဘာဝကျပါတယ်၊

ဦးမြင့်အောင်။ ပြည်ထောင်စုစံနစ်ထူထောင်တဲ့နိုင်ငံတွေဟာ ပြည်နယ်တွေရဲ့သဘောတူညီချက်တွေရယူပြီးမှ ဖွဲ့စည်းကြတာ ကမ္ဘာပေါ်မှာ အမေရိကန်၊ ဆွစ်ဇာလန်၊ အာဂျင်တီးနား၊ အိန္ဒိယ၊ ကနေဒါ၊ ဂျာမဏီ၊ ဩစတေးလျနဲ့ အာရပ်စော်ဘွားများနိုင်ငံတွေဟာ ဒီစံနစ်နဲ့ရပ်တည်နေကြတဲ့ နိုင်ငံတွေပေါ့၊

နန်းခင်ထွေး။ အမေရိကန်ပြည်ထောင်စုကို ၁၇၈၉ခုနှစ်မှာထူထောင်ခဲ့ကြတာနော်၊ အခုဆိုရင်နှစ်(၂၀၀)ကျော်သွားပြီပဲ၊ ကမ္ဘာ့အတိုးတက်အဖွံ့ဖြိုးဆုံးနိုင်ငံလဲ ဖြစ်နေပြီနော်၊

ကိုရင်မောင်။ ဆွစ်ဇာလန်နိုင်ငံမှာက ဂျာမန်အီတာလျံနဲ့ပြင်သစ်လူမျိုးတွေနဲ့ဖွဲ့စည်းထားတဲ့ပြည်ထောင်စုလေ၊ ဒီလူမျိုးသုံးမျိုးကို ဆွစ်လူမျိုးလို့ပဲခေါ်ကြတယ်၊

ဦးမြင့်အောင်။ အိန္ဒိယနိုင်ငံကျတော့ပြည်ထောင်စုစံနစ်ကျင့်သုံးတဲ့နိုင်ငံလို့ယေဘုယျခေါ်ကြပေမဲ့ တဝက်တပျက် ပြည်ထောင်စုစံနစ်နဲ့ သွားနေကြတာလို့ပြောကြတယ်၊ ဘာကြောင့်လဲဆိုတော့ပြည်နယ်တွေရဲ့ လုပ်ပိုင်ခွင့်ပြဌာန်းချက်တွေဟာ တပြည်နယ်နဲ့တပြည်နယ် တူညီမျှတမှုမရှိလို့တဲ့၊

နန်းခင်ထွေး။ တချို့လူမျိုးစုတွေအနေနဲ့သီးခြားလွတ်လပ်တဲ့နိုင်ငံအဖြစ်တည်ထောင်ချင်တယ်ဆိုတဲ့ အသံတွေကြားရတာလဲ ရှိတယ်၊ အဲ့ဒီအပေါ်မှာရော ဘယ်လိုထင်သလဲဟင်၊

ဦးမြင့်အောင်၊ အင်း–ဒီကိစ္စနဲ့ပါတ်သက်လို့ကျနော်နားလည်သလောက်တော့ ၁၉၄၈ ခုနှစ်လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်း တိုင်းရင်းသားလူမျိုး

တွေကြားထဲမှာတန်းတူအခွင့်အရေးတွေဆုံးရှုံးတဲ့အခါမကြေလည်တဲ့အတွက်သမိုင်းကြောင်းပေါ်အခြေခံပြီးတောင်းဆိုဘို့ကြိုးစားကြတာလို့ထင်တယ်၊ ဒါကြောင့် အမှန်တကယ်တော့တန်းတူအခွင့်အရေးရရှိရေးက အဓိကပါပဲ၊

ကိုရင်မောင်။ ကျနော်နဲနဲ ဖြည့်ပြီးဆွေးနွေးချင်တာကတော့ပိုပြီးအဓိကကျတဲ့ အချက်အနေနဲ့ မိမိတို့လူမျိုးတွေအမျိုးသားတွေအတွက် ဘယ်အကြောင်းတရားဟာ ထိထိရောက်ရောက်အကျိုးရှိမလဲ ဆိုတဲ့ကိစ္စပဲ၊ ဒီနေ့ကမ္ဘာကြီးဟာ မိမိနိုင်ငံနဲ့လူမျိုးတွေ ရပ်တည်ရှင်သန်ကြီးထွားနိုင်အောင် ယှဉ်ပြိုင်နေကြတယ်လေ၊ စီးပွားရေးအရ၊ နိုင်ငံရေးအရ တူရာတူရာတွေ စုပေါင်းဖွဲ့စည်းလာကြရတယ်၊

ဦးမြင့်အောင်။ ဟုတ်ပါတယ် ဥပမာ အီးယူလို့ခေါ်တဲ့ ဥရောပယူနီယံကိုကြည့်ရင် လွတ်လပ်တယ်ဆိုတဲ့ (၁၅)နိုင်ငံစုပေါင်းဖွဲ့စည်းထားတာနော်၊ သူတို့ကိုကိုယ်စားပြုတဲ့ ဥရောပပါလီမန်ဆိုတာရှိလာပြီ၊ Council of Minister ဆိုတာရှိလာပြီ၊ မကြာသေးခင်ကတင် အီးယူနိုင်ငံတွေအားလုံး လက်ခံသုံးစွဲဘို့ငွေစက္ကူလဲ စထုတ်နေပြီ၊ ရှင်းဂန်းဗီဇာဆိုတဲ့ အီးယူနိုင်ငံတနိုင်ငံကလက်ခံရင် ကျန်တဲ့နိုင်ငံတွေကိုသွားလည်လို့ရပြီ၊ အီးယူထဲကဆင်းရဲတဲ့နိုင်ငံအတွက် ဖွံ့ဖြိုးမှုအသုံးစားရိတ်ထုတ်ပေးတဲ့စံနစ်ကျင့်သုံးနေပြီ၊ ဒါဟာပြည်ထောင်စုကြီးသဘောတဖြေးဖြေး ဖြစ်လာတာပဲလို့ ကျနော် ယူဆတယ်၊

နန်းခင်ထွေး။ ဒါကတော့ ကျမတို့တိုင်းရင်းသား ပြည်သူလူထုတွေ လွတ်လွတ်လပ်လပ် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆုံးဖြတ်ကြရမဲ့ကိစ္စပဲ၊

ကိုရင်မောင်။ ကဲ–ဟိုမှာဆရာမသူဇာလဲ အိပ်ငိုက်နေပြီ၊ ဒီနေ့တော့ ကျနော်တို့စကားဝိုင်း ဒီလောက်နဲ့ပဲ နားလိုက်ကြတာပေ့ါနော်။

## အပိုင်း(၅)
## ဘယ်လိုပြည်နယ်အမျိုးအစားတွေနဲ့ပြည်ထောင်စုကို ဖွဲ့စည်းမလဲ

ဦးမြင့်အောင်။ ကဲ–ဒီတပါတ်တော့ဘယ်လိုပြည်နယ်အမျိုးအစားတွေနဲ့ပြည်ထောင်စုကို ဖွဲ့စည်းမလဲဆိုတာ ဆွေးနွေးကြရင် ကောင်းမလား၊

ကိုရင်မောင်။ ကောင်းတာပေ့ါဗျာ၊ အကိုကြီးကပဲ စပေတော့၊

ဦးမြင့်အောင်။ အင်း–စတာပေါ့ဗျာ၊ကမ္ဘာ့ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတွေကို လေ့လာကြည့်တဲ့အခါ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တွေဟာလူမျိုးကိုအခြေခံပြီးဖွဲ့တာနဲ့ပထဝီကိုအခြခံပြီးဖွဲ့တာဆိုပြီးနှစ်မျိုးနှစ်စား တွေ့နိုင်တယ်၊

နန်းခင်ထွေး။ ကျမတို့ရဲ့ ၁၉၄၇ ခုနှစ်အခြေခံဥပဒေအရဆိုရင် မြန်မာနိုင်ငံဟာ လူမျိုးကိုအခြေခံပြီး ပြည်နယ်တွေ သတ်မှတ်ခဲ့တာနော်၊

ဦးမြင့်အောင်။ ဟုတ်တယ်ဗျ၊အိန္ဒိယရယ်ယူဂိုဆလားဗီးယားရယ်နဲ့အရင်ဆိုဗီယက်ပြည်ထောင်စုတို့ဟာ လူမျိုးကိုအခြေခံပြီး ပြည်နယ်တွေဖွဲ့စည်းခဲ့တာ၊ လူမျိုးရေး မတူကွဲပြားမှုတွေကိုနိုင်ငံတခုအောက်မှာ ဘယ်လိုစုစည်းနိုင်မလဲဆိုတဲ့ ရှုဒေါင့်ကနေ စဉ်းစားထားကြတယ်လေ၊

ကိုရင်မောင်။ ကျနော်လည်း ဒီကိစ္စကိုလေ့လာဘူးတယ်၊ တချို့နိုင်ငံတွေဆိုရင် လူမျိုးကိုအခြေမခံပဲ ပထဝီကိုအခြေခံတဲ့ပြည်နယ်တွေနဲ့ ပြည်ထောင်စုလုပ်ထားတာ၊ ဥပမာ အမေရိကန်ပြည်ထောင်စု၊ ပြည်ထောင်စုသမတဂျာမဏီနိုင်ငံ ဩစတေးလျနိုင်ငံတွေဟာ ပထဝီအနေအထားကိုအခြေခံပြီး ပြည်နယ်တွေသတ်မှတ်ထားတာ၊




**အမေရိကန်ပြည်ထောင်စုမှ မစ္စစပီမြစ်**

**အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ်များ၏ အမည်ကို ပထဝီသွင်ပြင်များဖြစ်သော မြစ်ချောင်း၊ တောင်တန်း စသည်တို့ကို အစွဲပြု၍ သတ်မှတ်သည်။**

မသူဇာ။ အဲ့ဒီနိုင်ငံတွေကဘာကြောင့် ပထဝီအနေအထားပေါ်မှာ အခြေခံပြီး ပြည်ထောင်စုဖွဲ့ကြတာလဲ၊

ဦးမြင့်အောင်။ အဓိကကတော့ လူမျိုးရေးပြဿနာနည်းတဲ့နိုင်ငံတွေမှာ ပထဝီကိုအခြေခံတဲ့ပြည်နယ်တွေနဲ့ ပြည်ထောင်စုကို ဖွဲ့စည်းကြတယ်၊ လူမျိုးရေးပြဿနာများတဲ့ နိုင်ငံတွေမှာတော့လူမျိုးကိုအခြေခံတဲ့ ပြည်နယ်တွေနဲ့ပြည်ထောင်စုကိုဖွဲ့စည်းပြီး တန်းတူရေးအခြေခံနဲ့ ဖြေရှင်းနိုင်အောင်ကျိုးစားကြတယ်၊

ကိုရင်မောင်။ ကျနော်တို့နိုင်ငံမှာ အမေရိကန်ပြည်ထောင်စုမှာလို အားလုံးကိုပထဝီပေါ်မှာအခြေခံတဲ့ ပြည်နယ်တွေနဲ့ချည်းပဲ ပြည်ထောင်စုကို ဖွဲ့စည်းရင်မကောင်းဘူးလား၊ ဒီလူမျိုးက ဟိုပြည်နယ်ရသင့်တယ်၊ ဟိုလူမျိုးက ဒီပြည်နယ်ရသင့်တယ်ဆိုတဲ့ ပြဿနာတွေ မပေါ်တော့ဘူးပေါ့၊

မသူဇာ။ ဟုတ်တယ်နော်၊ ဒါဆိုရင် ဘယ်လူမျိုးမဆိုကြိုက်တဲ့ ပြည်နယ်မှာ နေခွင့်ရှိမယ်၊ ပြည်နယ်သားအဖြစ်ခံယူခွင့်ရှိမယ်၊ လူမျိုးရေးနဲ့ဆိုင်တဲ့ ပြည်နယ်အကန့်အသတ်ဘောင်လဲမရှိတော့ဘူး၊ ပိုပြီးကျယ်ပြန့်တဲ့

ပြည်ထောင်စုအမြင်လဲ ရှိလာမယ်လို့ထင်တယ်၊

နန်းခင်ထွေး။ လူဦးရေအများစုကြီးဖြစ်တဲ့ဗမာလူမျိုးတွေဘက်ကကြည့်ရင်တော့ အဲ့ဒါကပြဿနာမရှိဘူး၊ဒါပေမဲ့ လူဦးရေနည်းပြီးကိုယ့် လူမျိုး၊စာပေ၊ ယဉ်ကျေးမှုတွေကိုကိုယ့်အမျိုးသားပြည်နယ်အမည်တွေနဲ့ယှဉ်တွဲပြီးထိမ်းသိမ်းထားချင်တဲ့ လူမျိုးတွေကျတော့လက်ခံနိုင်ကြပါ့မလား၊ကြာရင်သူတို့ လူမျိုးစုတွေပျောက်ကွယ်သွားမယ်ဆိုပြီးစိုးရိမ် ကြမယ်ထင်တယ်။

မသူဇာ။ လူမျိုးတမျိုးပြည်နယ်တပြည်နယ်မူနဲ့ ပြည်ထောင်စုကိုတည်ဆောက်လို့ရောဖြစ်ပါ့မလား၊ လူမျိုးတရာရှိရင်ပြည်နယ်တရာရှိနေမှာပေါ့၊

နန်းခင်ထွေး။ အဲ့ဒါကလက်ရှိအာဏာယူထားတဲ့ စစ်အစိုးရကပြောတဲ့ပုံစံမျိုးဖြစ်နေတယ် သူဇာရဲ့၊ သမိုင်းကြောင်းအရ ပြည်နယ်ရခဲ့တဲ့လူမျိုးတွေလဲရှိတယ်၊ နောက်ထပ် ပြည်နယ်ရသင့်တဲ့ရနိုင်တဲ့လူမျိုးတွေလဲ ရှိနိုင်တာပဲ၊ ဒီတော့ ဒါဟာသဘောထားမှန်မှန်နဲ့ ညှိညှိနှိုင်းနှိုင်းဖြေရှင်းကြရင် ဖြေရှင်းလို့ရတဲ့ ပြဿနာလို့ ကျမတော့ယုံကြည်တယ်၊

မသူဇာ။ ကျမတို့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ တိုင်းနယ်ပြည်နယ်(၁၄)ခုဆိုပြီးဖွဲ့ခဲ့တယ်နော်၊

ကိုရင်မောင်။ ဟုတ်ပါတယ်၊ ဒါပေမဲ့အနာဂါတ်မှာ ဖယ်ဒရယ်ပြည်ထောင်စု တည်ထောင်မယ်ဆိုရင်တော့ သတိထားလုပ်ရမှာတွေရှိတယ်၊ တိုင်း(၇)တိုင်းကို ပြည်နယ်တွေလိုနိုင်ငံရေး အဆင့်အတန်းပေးခဲ့ရင် တိုင်းရင်းသားလူမျိုးစုတွေအကြား တန်းတူရေးကိုဖေါ်ဆောင်နိုင်မယ်မထင်ဘူး၊

ဦးမြင့်အောင်။ ဒါပေါ့–ဗမာတိုင်းရင်းသားတွေဟာလူဦးရေအချိုးအစားအရဖွဲ့စည်းမဲ့ပြည်သူ့လွှတ်တော်မှာ လူများစုနေရာရနေမယ်၊ ပြီးတော့ ညီတူမျှတူကိုယ်စားလှယ်အရည်အတွက်နဲ့ဖွဲ့မဲ့ လူမျိုးစုလွှတ်တော်မှာလဲ လူများစုဖြစ်နေမယ်၊ ဒီလိုဆိုရင် လွှတ်တော်နှစ်ရပ်လုံးမှာ ဗမာတွေပဲများပြီး၊ ဗမာလူမျိုးကိုပဲ အထူးဦးစားပေးသလို ဖြစ်သွားနိုင်တယ်၊

ကိုရင်မောင်။ အဓိကကတော့ တိုင်းရင်းသားလူမျိုးတွေအချင်းချင်းကြားမှာ အခွင့်အရေးတန်းတူမှုရှိအောင်လက်တွေ့ ဘယ်လိုဖွဲ့စည်းကြမလဲဆိုတာကို သမိုင်းကြောင်းပေါ်မှာ အခြေခံပြီး လူထုဆန္ဒကိုယူကြရမှာပဲ၊

နန်းခမ်းထွေး။ အမှန်က ဗမာလူမျိုးလဲ ပြည်နယ်တခုပဲ ရသင့်တယ်ထင်တယ်၊ ကျမတို့ပြည်ထောင်စုဟာ တိုင်းရင်းသား လူမျိုးအသီးသီးရဲ့ ပြည်နယ်တွေနဲ့ ဖွဲ့စည်းထားတာ၊ အပြန်အလှန်အကျိုးရှိမယ်၊ အခွင့်အရေးတန်းတူမှုရှိမယ်ဆိုရင် ဘယ်သူမှခွဲထွက်မယ်မထင်ဘူး၊ တိုင်းရင်းသားတန်းတူညီမှုဆိုတာ ရှိကိုရှိရမှာမရှိရင် ပြည်ထောင်စု ပြိုကွဲမှာပဲ၊

ဦးမြင့်အောင်။ ဝန်ကြီးချုပ်ဟောင်း ဦးနုရေးခဲ့တဲ့ တာတေစနေသားစာအုပ်ထဲမှာ

တော့ ဖက်ဒရယ်မူနဲ့ပါတ်သက်ပြီး ဖက်ဒရယ်မူဆိုတာကြောက်စရာကောင်းတဲ့ မူမဟုတ်ဘူးတဲ့ ဒီမူဟာအမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကိုမှီ ပြီးရေးဆွဲထားတာဖြစ်တယ်တဲ့၊ ဒီမူမှာ အကြမ်းအားဖြင့် အချက်ကြီး (၃) ချက်ပါတယ်တဲ့၊

မသူဇာ။ ဘာအချက်တွေလဲဟင် အကိုကြီး၊

ဦးမြင့်အောင်။ တစ်အချက်က ဗမာပြည်မကိုတခြားပြည်နယ်တွေလို ပြည်နယ်တခုအဖြစ်နဲ့ သတ်မှတ်ပေးရန်တဲ့၊ နံပါတ်(၂)ကတော့ လူမျိုးစုလွှတ်တော်နဲ့ပြည်သူ့လွှတ်တော်တို့ အာဏာခြင်းတူညီတယ်လို့ သတ်မှတ်ပေးရန်တဲ့၊ (၃)မှာကလူမျိုးစုလွှတ်တော်မှာ ပြည်နယ်တိုင်းရဲ့အမတ်ဦးရေဟာ ညီတူညီမျှဖြစ်ရန်ဆိုတဲ့အချက်ကိုဖေါ်ပြထားတယ်၊

ကိုရင်မောင်။ စောစောက ဆရာမနန်းခမ်းထွေးပြောသလိုပဲပေ့ါ၊ ဗမာပြည်မကိုလဲ ပြည်နယ်တခုအဖြစ် သတ်မှတ်လို့ရပါတယ်၊ ဒါပေမဲ့ကျနော့်သဘောကတော့ အားလုံးကိုပထဝီပေါ်မှာ အခြေခံတဲ့ပြည်နယ်တွေချည်း သတ်မှတ်လိုက်ရင် အုပ်ချုပ်ရတာပိုပြီးလွယ်ကူမယ်ထင်တယ်၊

နန်းခင်ထွေး။ ကိုရင်မောင်ကလဲ ဇွတ်အတင်းပဲပထဝီပေါ်မှာ အခြေခံချင်တော့တာကိုး၊ ကိုယ့်အမြင်တခုထဲနဲ့ မပြောနဲ့လေ၊ ကျန်တဲ့လူဦးရေနည်းတဲ့ တိုင်းရင်းသား လူမျိုးတွေရဲ့ဆန္ဒကိုလဲ လေ့လာအုံးမှပေ့ါ၊

ကိုရင်မောင်။ ဆရာမ–နန်းခမ်းထွေးရယ်ဗမာတွေကပြည်ထောင်စုထဲမှာတကယ့်လူများစုကြီးဟာ၊ သူတို့မကျေနပ်ရင်ကော ပြည်ထောင်စုဖွဲ့လို့ ဖြစ်ပါ့မလား၊

နန်းခင်ထွေး။ ကျမအယူအဆကတော့တက်လာခဲ့တဲ့ စစ်အစိုးရအဆက်ဆက်က ဝါဒဖြန့်တာကိုခံထားရလို့ အခုလိုဖြစ်နေကြရတာ၊ လွတ်လပ်ပွင့်လင်းတဲ့အခြေနေအောက်မှာကျယ်ကျယ်ပြန့်ပြန့်လေ့လာခွင့် ဆွေးနွေးခွင့်ရရင်လူများစုဖြစ်တဲ့ဗမာလူမျိုးတွေလဲ လူနည်းစုဖြစ်တဲ့ တိုင်းရင်းသားတွေရဲ့ဘဝနဲ့ တောင်းဆိုချက်တွေကို နားလည်ပေးနိုင်မယ်လို့ ကျမအနေနဲ့ ယုံကြည်တယ်၊

ဦးမြင့်အောင်။ ကဲကဲ–အငြင်းပွားမနေကြပါနဲ့တော့၊ ဒီစကားဝိုင်းကနေပြီးတော့လဲ အဆုံးအဖြတ်ပေးလို့ မရပါဘူး၊ သမိုင်းမှာကျနော် လေ့လာလို့သလောက်တော့ ၁၉၆၁ခုနှစ်ရှမ်းပြည်နယ် တောင်ကြီးမြို့မှာကျင်းပခဲ့တဲ့ ပြည်နယ်ပေါင်းစုံညီလာခံကြီးမှာ ဗမာပြည်နယ်အပါအဝင် လူမျိုးကိုအခြေခံတဲ့ ပြည်နယ်တွေနဲ့ပြည်ထောင်စုကို ဖွဲ့စည်းဘို့ အဆိုပြုခဲ့ကြတယ်၊

နန်းခင်ထွေး။ ၁၉၄၇ ခုနှစ်မှာလဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၁၀)ခုနဲ့ တပ်ပေါင်းစု ဖွဲ့စည်းခဲ့တဲ့ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုကြီးကလဲ လူမျိုးကိုအခြေခံတဲ့ပြည်နယ်တွေနဲ့ ပြည်ထောင်စုကိုဖွဲ့စည်းဘို့တောက်လျှောက် တောင်းဆိုခဲ့တယ်လို့ သိရတယ်၊

ဦးမြင့်အောင်။ ပြီးခဲ့တဲ့ ၁၉၉၀ မေလရွေးကောက်ပွဲမှာအမတ်နေရာ(၆၀) ကျော်အ

နိုင်ရခဲ့တဲ့ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်ကလဲ လူမျိုးကိုအခြေခံတဲ့ပြည်နယ်တွေနဲ့ပဲ ပြည်ထောင်စုကို ဖွဲ့စည်းဘို့ တောင်းဆိုကြပါတယ်၊

မသူဇာ။ အဲ့ဒီတော့ ပြည်ထောင်စုကိုဘယ်လို ဖွဲ့စည်းကြမလဲ ဆိုတဲ့တကယ့်အဆုံးအဖြတ်ကတော့ လူထုကြီးဆီမှာပဲရှိပါလိမ့်မယ်၊ ကျမပြောတာဟုတ်တယ်မဟုတ်လား၊ ကဲ–ဒါကြောင့်ဒီနေ့တော့ ဒီလောက်နဲ့ပဲ နားလိုက်ကြစို့လားနော်။

## အပိုင်း(၆)
## ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် အခြေခံအခွင့်အရေးများ(၁)

နန်းခင်ထွေး။ သူဇာရေ ဆရာဦးမြင့်အောင်၊

ဦးမြင့်အောင်။ လာလာ ဆရာမ နန်းခမ်းထွေးရေ၊

နန်းခင်ထွေး။ ကိုရင်မောင်လဲ လာနေပါပြီ၊ လမ်းထိပ်မှာ ပဲမုန့်ဝင်ဝယ်နေလေရဲ့၊

မသူဇာ။ ဘာလုပ်ကြမလို့လဲ နန်းရဲ့၊

နန်းခင်ထွေး။ တို့ဟူးသုတ်လုပ်စား ဘို့တဲ့လေ၊

ကိုရင်မောင်။ ကဲဆရာမရေ ပဲမုန့်တော့ ဝယ်လာပြီဗျို့၊

မသူဇာ။ ပဲမုန့် ဝယ်လာပြီဆိုတော့ ကျမတို့က ကြိုရချက်ရတော့မှာပေ့ါ၊

ဦးမြင့်အောင်။ မိန်းခလေးတွေအလုပ်ပဲ သူဇာရယ်၊ နောက်ပြီးငါတို့ချက်တာထက် နင်တို့ချက်တာက ပိုပြီးစားလို့ ကောင်းပါတယ်ဟ၊

မသူဇာ။ အကိုကြီးတို့က ဒီအပြောလေးတွေနဲ့ ကျမတို့ကိုညာညာပြီးခိုင်းနေတာပဲ၊

ကိုရင်မောင်။ ကျနော်လည်း ဝိုင်းကူပေးပါ့မယ် ဆရာမရယ်၊

ဦးမြင့်အောင်။ ကျနော်တို့ကတော့ ပိုးကြေးပန်းကြေးနဲ့ မကူနိုင်ဘူးဗျို့၊

မသူဇာ။ အကိုကြီးနော် နန်းတယောက်ထဲ လုပ်ရမယ်ဆိုရင်တော့ဝင်ကူမှာမဟုတ်လား၊

ဦးမြင့်အောင်။ ဟာ–ဒီကောင်မလေး၊ ပေါက်ကရပြောတော့မယ်၊

ကိုရင်မောင်။ ဒါနဲ့ စကားမစပ်ပြောရအုန်းမယ်၊ မနေ့ကမောင်တိုးအောင်လေး တောတန်းအိုင်လွှက်ရည်ဆိုင်မှာ မိုးကိုဒူးနဲ့တိုက်စို့ဆိုတဲ့ကဗျာစာရွက်သွားကပ်လို့ ဖမ်းခံရတာ ကြားသေးလား၊

ဦးမြင့်အောင်။ ကြားပါတယ်ကွာ၊ နိုင်ငံရေးလွတ်လပ်ခွင့်အပါအဝင် လူ့အခွင့်အရေး မှန်သမျှဆုံးရှုံးနေသရွေ့တော့ ဒီအဖြစ်မျိုးတွေဖြစ်နေအုံးမှာပဲ၊ ခက်တယ်ဗျာ စစ်အစိုးရကလူ့အခွင့်အရေး လူ့သိက္ခာကိုတန်ဘိုးထားတာ မဟုတ်ဘူး၊

နန်းခင်ထွေး။ ရာထူးကအထုတ်ခံခဲ့ရတဲ့နအဖနိုင်ငံခြားရေးဝန်ကြီးဟောင်းဦးအုန်းဂျော်ကတော့၊ ၁၉၈၉ခုနှစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှာအထွေထွေ

ညွှန်ကြားရေးမှူးချုပ်တာဝန်ယူထားတုန်း ဩစတေးလျသတင်းစာဆရာတဦးနဲ့တွေ့တဲ့အချိန် သတင်းစာဆရာကလူ့အခွင့်အရေးနဲ့ပါတ်သက်ပြီးမေးတဲ့အခါလူ့အခွင့်အရေးဆိုတဲ့စကားဟာကျုပ်တို့ဝေါဟာရမှာ မရှိဘူးလို့ ဖြေခဲ့တယ်တဲ့၊

မသူဇာ။ အင်းနော်–စစ်အစိုးရဟာ လူ့အခွင့်အရေးကိုဘယ်လောက်ထိ လစ်လျူရှုထားတယ်ဆိုတာ ပေါ်တာပဲ၊ ကဲ–စကားဆက်နေရင်ပြီးတော့မှာမဟုတ်ဘူး၊ တို့ဟူးကြိုလိုက်အုံးမယ်၊ စကားပြောရင်းစောင့်ကြတော့၊

ဦးမြင့်အောင်။ ကဲ–အရသာရှိတဲ့ တို့ဟူးသုတ်လေးလဲစားပြီးပြီ၊ စကားဝိုင်းလေးစကြစို့လား၊ ဒီတခါတော့နိုင်ငံသားတွေရဲ့ မူလပိုင်ဆိုင်ခွင့်တွေဖြစ်တဲ့ Bill of Rights ကိုအခြေခံဥပဒေထဲ ပြဌာန်းဘို့သင့်တဲ့ကိစ္စဆွေးနွေးကြတာ ပေ့ါ၊




**အမေရိကန်ပြည်ထောင်စု စတုတ္ထမြောက်သမတ ဂျိမ်း(စ)မယ်ဒီဆင်**

**မူလရပိုင်ခွင့်များ (Bill of Rights) ဟု ယခုအခါလူ သိများသည့် ပထမဆုံးသော အခြေခံဥပဒေပြင်ဆင်ချက်(၁၀)ချက်ကို ဦးဆောင်တင်သွင်းခဲ့သဖြင့် သူ့ကို အခြေခံဥပဒေ၏ ဖခင်ဟု တင်စားခေါ်ဝေါ်သည်။**

မသူဇာ။ အဲ့ဒါမဆွေးနွေးခင် အခြေခံအခွင့်အရေးဆိုတဲ့အထဲမှာ ဘာတွေပါလဲဆိုတာ အရင်ရှင်းပြပါအုံး၊

ဦးမြင့်အောင်။ အခြေခံအခွင့်အရေးတွေထဲမှာ နိုင်ငံရေးအခွင့်အရေး၊ စီးပွားရေးအခွင့်အရေး၊ ဘာသာရေး၊ လူမှုရေးနဲ့ယဉ်ကျေးမှုအခွင့်အရေးတွေဟာ အဓိကပါဝင်ကြတယ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွေမှာလဲ ထည့်သွင်းပြ ဌာန်းလေ့ရှိကြတယ်၊

နန်းခင်ထွေး၊ နိုင်ငံရေးအခွင့်အရေးဆိုတဲ့နေရာမှာ လူတိုင်းဟာကိုယ်နှစ်သက်တဲ့ နိုင်ငံရေးအယူအဆကိုယူဆတွေးခေါ်ခွင့်၊ ခံယူကျင့်သုံးခွင့်၊ ရေးသားထုတ်ဖေါ်ခွင့်၊ လွတ်လပ်စွာစည်းရုံးခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်၊ သတင်းစုဆောင်းခွင့်၊ ဖြန့်ချီခွင့်နဲ့နိုင်ငံရေးပါတီတခုခုမှာ ပါဝင်ဆောင်ရွက်ခွင့်တွေ ပါမှာပေ့ါနော်၊

ကိုရင်မောင်။ ထုတ်ဖေါ်ပြောဆိုခွင့်နဲ့ပါတ်သက်လို့ မနေ့ကပြည်သူ့ဆန္ဒထုတ်ဖေါ်ပွဲလုပ်တာမျိုးတော့လဲ ဘယ်မှာတရားမျှတမှုရှိလို့လဲ၊ တအိမ်တ

ယောက်မတက်မနေရ တက်ခိုင်းတာ၊ မတက်ရင်ဒဏ်ငွေ(၄၀၀) ဆောင်၊ မဆောင်နိုင်ရင်အဖမ်းခံရမယ်ဆိုတာကပါသေးတယ်၊ဘယ်မှာလဲလူ့အခွင့်အရေး၊

ဦးမြင့်အောင်၊ ဒီမိုကရေစီနိုင်ငံတွေမှာဆိုရင်တော့ ဒါမျိုးလုပ်လို့မရဘူး၊ လူ့အခွင့်အရေးတွေ၊ နိုင်ငံသားအခွင့်အရေးတွေကိုလဲ အခြေခံဥပဒေတွေထဲမှာ ကိုအတိအကျ ပြဋ္ဌာန်းထားတာ၊

နန်းခင်ထွေး။ မြန်မာနိုင်ငံက ၁၉၄၇ ခုနှစ်အခြေခံဥပဒေထဲမှာလဲအဲ့သလိုပဲပြဋ္ဌာန်းထားတယ်မဟုတ်လား၊

ဦးမြင့်အောင်။ ဟုတ်ပါတယ်၊ နိုင်ငံသားအခွင့်အရေးတွေကို ၁၉၄၇ ခုနှစ်အခြေခံဥပဒေထဲမှာ အတိအလင်းပြဋ္ဌာန်းခဲ့တဲ့အတွက် ၁၉၄၈ ခုနှစ်လွတ်လပ်ရေးရပြီးချိန်ကစပြီး ၁၉၆၂ ခုနှစ်စစ်တပ်အာဏာသိမ်းတဲ့အချိန်အထိ ကျနော်တို့နိုင်ငံသားတွေဟာ အခြေခံအခွင့်အရေးတွေကိုရာနှုန်း အများစုခံစားခွင့်ရခဲ့ကြတယ်၊

မသူဇာ။ ရာနှုန်းအများစုဆိုတော့ အပြည့်အဝမဟုတ်သေးဘူးနော်အကိုကြီး၊ ဘာလဲပြဋ္ဌာန်းချက်တွေထဲမှာ အားနည်းချက်တွေပါနေသေးလို့လား၊

ကိုရင်မောင်။ ကျနော့်အမြင်ပြောရရင်တော့ ပါတယ်လို့ထင်တယ် ဆရာမရဲ့၊ ဥပမာဗျာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းရဲ့ အ ပိုဒ်၂၆(က)မှာလူတိုင်းပညာသင်ကြားခွင့်ရှိသည်၊ အနည်းဆုံးမူလတန်းနှင့် အခြေခံပညာအဆင့်တွင် အခမဲ့သင်ကြားခွင့်ရှိစေရမည်လို့ ပြဋ္ဌာန်းထားတယ်လေ၊ ဒါပေမဲ့ ၁၉၄၇ ခုနှစ်အခြေခံဥပဒေရဲ့မူလအခွင့်အရေး ကဏ္ဍမှာပြဋ္ဌာန်းထားတာ မတွေ့ရဘူး၊

နန်းခင်ထွေး။ ပညာသင်ကြားနိုင်သောအခွင့်အရေးဆိုပြီး ပုဒ်မ(၃၃)မှာဖော်ပြထားတယ် မဟုတ်လား၊

ကိုရင်မောင်။ ဟုတ်ပါတယ်၊ ဒါပေမဲ့ဒီပြဋ္ဌာန်းချက်ကမူလအခွင့်အရေးများ အခြေခံအခွင့်အရေးများဆိုတဲ့ ခေါင်းစဉ်အောက်မှာမဟုတ်ပဲ နိုင်ငံတော်၏ဝါဒရည်ညွှန်းချက်များဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဖြစ်နေတယ်၊

မသူဇာ။ အဲ့ဒါဘာကွာလို့လဲ၊ ဘယ်ခေါင်းစဉ်မှာပဲပါပါ အခြေခံဥပဒေထဲပါရင်ပြီးတာပဲ မဟုတ်လား၊

ဦးမြင့်အောင်။ မဟုတ်သေးဘူးကွဲ့၊ အခြေခံအခွင့်အရေးဆိုတဲ့ကဏ္ဍက နိုင်ငံသားတွေအားလုံးရကိုရရမဲ့အခွင့်အရေးတွေဖြစ်တယ်၊ အဲ့ဒီအခွင့်အရေးတွေမရရင်အခြေခံဥပဒေနဲ့အညီသက်သာခွင့်(Remedy) တောင်းဆိုခွင့်ရှိတယ်၊ နိုင်ငံတော်ဝါဒ ရည်ညွှန်းချက်များဆိုတဲ့ကဏ္ဍက အခြေခံဥပဒေကနေနိုင်ငံတော်ကို လမ်းညွှန်ယုံပဲညွှန်ထားတာ၊ နိုင်ငံတော်ကလိုက်နာချင်လိုက်နာမယ်၊ မလိုက်နာတဲ့အတွက်လဲသက်သာခွင့်(Remedy) တောင်းလို့မရဘူး၊ အစိုးရကို တရားစွဲလို့လဲမရဘူး၊

မသူဇာ။ အော်–ဒီလိုလား၊ ကျမက မသိပါဘူး၊

ကိုရင်မောင်။ အခုတော့ သိသွားပြီမဟုတ်လားဆရာမရဲ့၊ ဆရာမလဲတဖြေးဖြေးနဲ့ ဥပဒေရေးရာတွေ သိလာပြီနော်၊

ဦးမြင့်မောင်။ သိရမှာပေ့ါကွာ၊ သိရမှာပေ့ါ၊

မသူဇာ။ အကိုကြီးနော်၊ မစနဲ့နောက်တခါ စကားဝိုင်းထဲ ဝင်မပါပဲနေလိုက်မယ်၊

ဦးမြင့်အောင်။ မစနဲ့ဆိုမစတော့ပါဘူးကွာ၊ ဒီလိုတော့မလုပ်လိုက်ပါနဲ့ ငါ့ညီမရယ်၊ စိတ်မကောင်းတဲ့သူက စိတ်မကောင်းဖြစ်နေပါအုံးမယ်၊

မသူဇာ။ ဟာ–အကိုကြီးကတော့ ပြောလေ ဆိုးလေပါလားနော်။

## အပိုင်း(၇)
## ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် အခြေခံအခွင့်အရေးများ(၂)

နန်းခင်ထွေး။ ဒီတခါတော့ကျမတို့အခြေခံဥပဒေထဲမှာတရားဝင်ပြဋ္ဌာန်းရမဲ့အခြေခံအခွင့်အရေးတွေထဲက စီးပွားရေးအခွင့်အရေးအကြောင်း ဆွေးနွေးကြရင် မကောင်းဘူးလား၊

ဦးမြင့်အောင်။ ကောင်းပါတယ်၊

မသူဇာ။ အကိုကြီးကတော့နန်းပြောရင်အကုန်ကောင်းတာကြီးပဲမှတ်လား၊

ဦးမြင့်အောင်။ ဟာ–ဒီကောင်မလေး လျှောက်ပြောတော့မယ်၊ ငါကအကောင်း ပြောနေတာ၊ ဒီမယ်နားထောင် စီးပွားရေးအခွင့်အရေးဆိုတာ နိုင်ငံသားတိုင်း လွတ်လပ်တဲ့စီးပွားရှာဖွေလုပ်ပိုင်ခွင့်၊ စုဆောင်းခွင့်တွေပဲ၊ နောက်ပြီးအဲ့သလို ရှာဖွေစုဆောင်းထားတဲ့ဥစ္စာပစ္စည်းတွေကို ပိုင်ဆိုင်ခွင့်၊ အမွေဆက် ခံခွင့်တွေပါ ရှိနေရမှာ၊

ကိုရင်မောင်။ ကြားရတဲ့ဥပဒေကတော့ကောင်းသား၊ ဒါပေမဲ့အခုလက်ရှိအခြေအနေနဲ့ကတော့အတော်ကွာဝေးတာနော်၊ ကျနော်တို့နိုင်ငံမှာကစီးပွားရေးအခွင့်အရေးဆိုတာ နအဖ စစ်ဗိုလ်ချုပ်တွေရဲ့ဆွေတော်မျိုးတော်တွေနဲ့သူတို့တွေနဲ့ပဏာစားတဲ့ငွေရှင်ကြေးရှင်တွေလောက်သာ အထူးအခွင့် အရေးရနေကြတာ၊

မသူဇာ။ အဲ့ဒါကတော့ အမှန်ပဲ၊

ဦးမြင့်အောင်။ နင်ကကိုရင်မောင်ပြောတာဆိုတော့ အပြည့်အဝ ထောက်ခံမှာပေ့ါ၊

မသူဇာ။ အကိုကြီးနော်၊ စကားကောင်းပြောနေရင်းက ဖောက်မလာနဲ့အုံး၊ ကျမပြောချင်တာက လူတွေမှာအခြေခံလိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေးအတွက် နိုင်ငံရေးလွတ်လပ်ခွင့်တင်မကပဲ စီးပွားရေးလွတ်လပ်ခွင့်လည်း ရှိနေရမယ်လို့ထင်တယ်၊မြန်မာပြည်ကစစ်အစိုးရလို စီးပွားရေးကို လူတဦးတယောက်ထဲ၊ အုပ်စုတစုထဲက အစစအရာရာ လက်ဝါးကြီးအုပ်ပြီး ကြိုးကိုင်ကန့်သတ်ချုပ်ချယ်နေလို့ ဘယ်

ဖြစ်မလဲနော်၊

နန်းခင်ထွေး၊ ဒါပေါ့ သူဇာရဲ့ အရင်ဆုံးစီးပွားရေးပညာ တတ်ကျွန်းတဲ့ပညာရှင်တွေကို လူထုကသေသေချာချာရွေးချယ်ပြီးမှ ဒီပညာရှင်တွေဆီကတမျိုးသားလုံးကောင်းစားရေး၊ ကြီးပွားတိုးတက်ရေးအတွက်စေတနာပါတဲ့အကြံ ပြုချက်တွေကိုယူပြီး စီးပွားရေးနဲ့ပါတ်သက်တဲ့ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေကို ချမှတ်ရမှာ၊

ဦးမြင့်အောင်။ ဟုတ်တယ်ဗျ၊ ဒီအဆင့်တွေပြီးတော့မှ အဲ့ဒီဥပဒေပြဋ္ဌာန်းချက်တွေနဲ့အညီအမျိုးသား စီးပွားရေးလုပ်ငန်းတွေကို ပြည်သူပြည်သားအားလုံးက တက်ညီလက်ညီဝိုင်းပြီးလုပ်ကိုင်ကြရမယ်၊ အဲ့ဒီမှာအရေးအကြီးဆုံးအချက်ကဆရာမနန်းခင်ထွေးပြောသလိုစီးပွားရေးပညာရှင်ဆိုသူတွေကို လူထုကလွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်ရှိရမယ်၊

ကိုရင်မောင်။ နအဖ ဗိုလ်ချုပ်တွေကတော့သူတို့လိုချင်တဲ့ရလာဒ်ရအောင်ပညာရှင်တွေကိုရေးဆွဲခိုင်းနေတာပဲ၊ ပြီးတော့မှ ကမ္ဘာကိုလွတ်လပ်တဲ့ဈေးကွက် စီးပွားရေးတို့၊ လွတ်လပ်တဲ့ကုန်သွယ်ရေးတို့၊ ပုဂ္ဂလိကလွတ်လပ်ခွင့်တို့ဆိုပြီး လျှောက်အော်ပြနေတာ၊

မသူဇာ။ အမှန်ပဲ၊အမှန်ပဲ တကယ့်လက်တွေ့မှာ ဘာလွတ်လပ်ခွင့်မှ မရှိပါဘူးရှင်၊

နန်းခင်ထွေး။ လူထုတွေအတွက် မလွတ်လပ်ပေမဲ့ သူတို့အသိုင်းအဝိုင်းတွေကတော့ အစစအရာရာ လွတ်လပ်နေတာပဲ၊

ဦးမြင့်အောင်။ ကဲကဲ–စီးပွားရေးလွတ်လပ်ခွင့်ထဲမှာပါတဲ့ ရှာဖွေစုဆောင်းထားတဲ့ဥစ္စာပစ္စည်းတွေကို စုဆောင်းခွင့်နဲ့အမွေဆက်ခံခွင့်ဆိုတဲ့ အချက်ကိုဆက်ဆွေးနွေးကြည့်ကြရအောင်လား၊

မသူဇာ။ အကိုကြီးရယ်ဒီကိစ္စကပိုတောင်ဆိုးသေးတယ်၊အထွေအထူးတောင်ဆွေးနွေးစရာမလိုဘူး၊

ဦးမြင့်အောင်။ ဟုတ်ပါပြီလေ၊ညီမလေးက နအဖလုပ်နေကျအိမ်ယာတွေသိမ်းတာ၊ ဘာသာရေးအဆောက်အအုံတွေ ဖျက်ဆီးတာ၊ လယ်ကွက်တွေသိမ်းပြီး စစ်တပ်နယ်မြေလုပ်တာ၊ အိမ်တခြမ်းဖျက်ပြီးလမ်းဖောက်တာတွေ ပြောချင်တာမှတ်လား၊ ဒီလုပ်ရပ်တွေလုပ်ရင်ပြည်သူလူထုအနေနဲ့ ဘယ်လောက်နစ်နာသလဲဆိုတာ သိလား၊

နန်းခင်ထွေး။ သိပါတယ်ရှင်၊ ကျမတို့တွေမှ မဟုတ်ပါဘူး၊ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်လူမျိုးဘယ်နိုင်ငံသားပဲဖြစ်ဖြစ် ကိုယ်ပိုင်ပစ္စည်း၊ ဘိုးဘွားပိုင်ပစ္စည်းတွေကို အမြတ်တနိုးထိမ်းသိမ်းစောင့်ရှောက်ချင်တဲ့စိတ်ရှိတာပဲ၊ ဒီစိတ်ဓါတ်ကိုဖျက်စီးပြစ်လို့ရတာမဟုတ်ဘူး၊ နောက်ယှက်ဖျက်စီးသူတွေကိုလဲ ဘယ်တော့မှ လိုလားမှာမဟုတ်ဘူး၊

ကိုရင်မောင်။ ဟုတ်တယ် ဆရာမ နန်းခင်ထွေးရေ၊ ဒီအချက်ဟာအုပ်ချုပ်သူမှန်သမျှသတိထားအလေးထားပြီး မြင်အောင်ကြည့်တတ်ဘို့လိုတယ်၊

ဒီမိုကရေစီရဲ့အနှစ်သာရမှာ အဲဒီအချက်ကို အလေးထားထားတယ် လူမျိုးတမျိုးရဲ့သမိုင်းဝင်ပစ္စည်းတွေ အမျိုးသားပြယုဂ်တွေ ဘိုးဘွား ပိုင်အိမ်မြေယာမြေတွေ၊ ပစ္စည်းတွေကိုလုပ်ချင်တိုင်းလုပ်ဘို့အခွင့်မရှိဘူး၊ လူမျိုးငယ်မို့လို့ဆိုပြီး၊ လူမျိုးကြီးကပဲဖြစ်ဖြစ် အာဏာပိုင်တွေကပဲဖြစ်ဖြစ် နိုင်ထက်စီးနင်း လုပ်ခွင့်မရှိဘူး၊

မသူဇာ။ အဲ့ဒီအကြောင်းအရာနဲ့ပါတ်သက်တဲ့ ကိစ္စတခုပြောရအုံးမယ်၊ ဘာသာရေးလွတ်လပ်ခွင့်နဲ့ သက်ဆိုင်သွားမလားတော့ မသိဘူး၊ လွန်ခဲ့တဲ့လပိုင်းအတွင်းကပဲ၊ ချင်းတောင်ကလာတဲ့ ညီမလေးသူငယ်ချင်း မိုင်လှမြိုင်ကပြောပြတာ၊ ချင်းပြည်နယ်ဟားခါးမှာ ခရိယာန်သာသနာရာပြည့်ပွဲတော် ကျင်းပတဲ့ကိစ္စပေါ့၊

ဦးမြင့်အောင်။ စိတ်ဝင်စားစရာပဲ ဆိုစမ်းပါအုံး၊

မသူဇာ။ အဲ့ဒီအခန်းအနားမှာ ချင်းတောင်ကိုသာသနာပြုခဲ့တဲ့သူတွေရဲ့သားသမီးတွေဖြစ်တဲ့ နိုင်ငံခြားကညွှေ့သည်တွေကို ဂုဏ်ပြုဘို့ဖိတ်ကြားတာစစ်အစိုးရက ပြည်ဝင်ခွင့်မပေးဘူးတဲ့၊

ကိုရင်မောင်။ သူများတွေရဲ့ ယုံကြည်မှုတခု၊ အထွတ်အမြတ်ထားတဲ့ ပွဲတော်တခုကို တမင်နှောက်ယှက်သလို ဖြစ်တာပေါ့၊

မသူဇာ။ ဒါတင်မကသေးဘူးတဲ့ ထန်တလန်မှာ ရာပြည့်အမှတ်တရအနေနဲ့ စိုက်ထူထားတဲ့ လက်ဝါးကပ်တိုင်ကိုလဲ ဆွဲနှုတ်ပစ်ကြတယ်တဲ့၊

ဦးမြင့်အောင်။ ကြားရတာစိတ်မကောင်းစရာပဲ၊ ဘယ်မှာလဲဘာသာရေးလွတ်လပ်ခွင့်၊ ဘာသာအယူဝါဒနဲ့ပါတ်သက်ပြီး ဒီလိုဖျက်လိုဖျက်စီးတွေ လုပ်မယ်ဆိုရင် တိုင်းပြည်ကြီး ဘယ်လိုလုပ်ငြိမ်းချမ်းပါမလဲ၊

ကိုရင်မောင်။ လူတယောက်အတွက် တသက်မှာတခါကြုံဘို့ မလွယ်ကူတဲ့လူမျိုးတမျိုးလုံးခရိယာန်ဘာသာဝင်အားလုံးရဲ့ထူးမြတ်လှတဲ့ဒီလိုပွဲတော်မျိုးတောင် လွတ်လွတ်လပ်လပ် ကျင်းပဘို့ အခွင့်အရေးတောင်မရကြရှာပါလား၊

နန်းခင်ထွေး။ ကျမတို့ ရှမ်းပြည်မှာလဲ ဟော်နန်းတွေကို အဓမ္မဝင်စီးပြီး စစ်စခန်းတွေလုပ်ပစ်တာရှိသေးတယ်၊ ကျမတို့မသိနိုင်တဲ့အခုလိုအဓမ္မလုပ်ရပ်တွေ အခြားမှာအများကြီးရှိအုံးမှာ၊

ဦးမြင့်အောင်။ ဒါကြောင့် အခုလိုလုပ်ရပ်တွေမဖြစ်နိုင်အောင် အခြေခံဥပဒေထဲမှာ အခြေခံအခွင့်အရေးတွေကို သေချာစနစ်တကျ မှန်မှန်ကန်ကန်ရေးထည့်ပြဋ္ဌာန်းပြီးအုပ်ချုပ်သူတွေဟာလေးစားလိုက်နာကြမယ်စောင့်ထိမ်းကြမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ၊

ကိုရင်မောင်။ ဟုတ်တယ်ဗျာ လူမှုလွတ်လပ်ခွင့်ရှိတဲ့နိုင်ငံသားတွေ လူမျိုးတွေအဖြစ်ရောက်ကြပြီးငြိမ်းချမ်းသာယာတဲ့နိုင်ငံကြီးကိုတည်ဆောက်နိုင်ကြမှာမလွဲပဲ၊

ဦးမြင့်အောင်။ ဟဲ့–သူဇာ ဟုတ်တာပေါ့ရှင်လို့ ထောက်ခံလိုက်အုံးလေ၊

မသူဇာ။ အကိုကြီးနော် ဖောက်လာပြန်ပြီ၊

နန်းခင်ထွေး။ အခြေခံအခွင့်အရေးတွေထဲမှာ လူမှုရေးနဲ့ယဉ်ကျေးမှု လွတ်လပ်ခွင့် ဆိုတာတွေလဲ ပါသေးတယ်မှတ်လား၊

ဦးမြင့်အောင်။ ပါတာပေါ့ဗျ၊ နောက်နောင်တိုင်ဆိုင်တဲ့အခါ ထည့်ပြီးဆွေးနွေးကြတာပေါ့၊ ကဲ–အခုတော့ နားကြအုံးစို့၊

ကိုရင်မောင်။ နောက်တခါဘယ်ကြောင်းအရာ ဆွေးနွေးရင်ကောင်းမလဲအကိုကြီး၊

ဦးမြင့်အောင်။ သူဇာကို မေးကြည့်လေကွာ၊

ကိုရင်မောင်။ ဟာ–အကိုကြီးကလဲ၊

ဦးမြင့်အောင်။ ဟုတ်တယ်လေကွာ၊ ဥပဒေနဲ့ပါတ်သက်ပြီး ဗဟုသုတလိုနေတာက သူဇာမှတ်လား၊ဒါကြောင့်သူသိချင်တာကို၊ဆွေးနွေးကြရင်ပိုကောင်း မလားလို့ပါကွာ၊

မသူဇာ။ အကိုကြီးတို့ဆွေးနွေးကြတာကိုပဲ ကျမနားထောင်ပါ့မယ်၊ ကြိုက်တဲ့ အကြောင်းအရာသာရွေးကြပါ၊ ကဲနန်းကပဲ ရွေးပေးလိုက်ပါလား၊

နန်းခင်ထွေး။ နန်းကတော့ နိုင်ငံတခုမှာမရှိမဖြစ်လိုအပ်တဲ့ ပါလီမန်လွှတ်တော် တွေအကြောင်းဆွေးနွေးကြရင် ကောင်းမလားလို့၊

ဦးမြင့်အောင်။ ကောင်းတယ်ဗျို့– ကောင်းတယ်၊ ကောင်းတယ်ဒီခေါင်းစဉ်ပဲ ရွေး လိုက်ကြတာပေါ့ဗျာ။

## အပိုင်း(၈)
## ပါလီမန်ဖွဲ့စည်းခြင်းနှင့် လွှတ်တော်နှစ်ရပ်စနစ်

မသူဇာ။ ကိုရင်မောင်နဲ့နန်းရေ ဥပဒေစကားဝိုင်းလေးမစမီ အရေးကြီးတာတ ခုမေးချင်လို့၊

ကိုရင်မောင်။ ဆိုပါအုံး ဆရာမရဲ့၊

မသူဇာ။ အကိုကြီး ဦးမြင့်အောင်ကိုသေချာကြည့်ကြပါအုံး၊ တဖြေးဖြေးပ ဒေါင်လည်ပင်းရှည်နဲ့ တူမလားဘူးလားလို့၊

ဦးမြင့်မောင်။ ကြုံကြုံဖန်ဖန်သူဇာရယ် ငါကဘယ်နှယ့်ကြောင့်လည်ပင်းရှည်ပဒေါင် နဲ့ တူရပြန်ပြီလဲ၊

မသူဇာ။ နန်းမရောက်သေးရင် လမ်းကိုလည်ပင်းတဆန့်ဆန့်နဲ့ မျှော်မျှော်နေ ရလို့လေ၊

ဦးမြင့်အောင်။ ဟာ–ဒီကောင်မလေး လုပ်တော့မယ်၊ တော်ကြာဆရာမနန်းမိုခမ်း ကရှက်ပြီး မလာပဲနေပါအုံးမယ်ဟာ၊ ကဲကဲ–စကားဝိုင်းလေးစလိုက် ကြရအောင်၊

နန်းခင်ထွေး။ အကိုကြီး ပါလီမန်လွှတ်တော် အကြောင်း ပြောကြမှာနော်၊

ဦးမြင့်အောင်။ အေးလေကွာပြောရမယ်ဆိုရင်တော့နိုင်ငံတခုရဲ့ဥပဒေပြုအာဏာ ပိုင်အဖွဲ့ကို ပါလီမန်ဒါမှမဟုတ် ဥပဒေပြု လွှတ်တော်လို့ ခေါ်တယ်၊

မသူဇာ။ အဲ့ဒီလို ပါလီမန်က ရေးဆွဲပေးလိုက်တဲ့ ဥပဒေတွေအတိုင်း အစိုးရ

တွေက အုပ်ချုပ်ရတာပေါ့နော်၊

ကိုရင်မောင်။ ဟုတ်တယ်ဆရာမရဲ့ ဒီဘက်ခေတ်မှာတော့ နိုင်ငံတော်တော်များများဟာ ဒီမိုကရေစီနည်းကျကျ အဲ့ဒီလိုပဲကျင့်သုံးကြတယ်လေ၊ ဟိုးအရင်သက်ဦးစံပိုင် ဘုရင်ခေတ်ကတော့ဥပဒေပြုရေးရော၊ အုပ်ချုပ်ရေးရော၊ တရားစီရင်ရေးရော ဘုရင်တယောက်ထဲကသိမ်းပိုက်ထားကြတယ်၊

နန်းခင်ထွေး။ ကျမတို့ တိုင်းပြည်ကလက်ရှိအစိုးရလဲ သိပ်မထူးပါဘူး၊ အကုန်လုံးသူတို့လက်ထဲမှာပဲ၊

ကိုရင်မောင်။ ဟုတ်တယ်ဗျို့၊ဒီမိုကရေစီနည်းလမ်းတကျဆောင်ရွက်တဲ့နိုင်ငံအများစုမှာတော့ လူထုကိုကိုယ်စားပြုတဲ့အစိုးရစံနစ်ကိုကျင့်သုံးတယ်၊ ပြီးတော့ အာဏာသီးခြားထားရေးစံနစ်လည်းထွန်းကားလာတယ်၊ ဒါကြောင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး တရားစီရင်ရေးဆိုတဲ့အာဏာတိုင်ကြီး(၃)ရပ်ခွဲ ခြားလိုက်တယ်နော် အကိုကြီး၊

ဦးမြင့်အောင်။ ဒါပေါ့ဗျာ ပါလီမန်ကိုလည်း ဘုရင်တွေခေတ်တုန်းကလို သူတို့ကိုတိုင် ရွေးချယ်ခန့်ထားတဲ့ကိုယ်စားလှယ်မျိုးတွေကနေပြည်သူလူထုကရွေးချယ်ပေးတဲ့ ကိုယ်စားလှယ်တွေနဲ့ အစားထိုးလာကြတယ်၊

နန်းခင်ထွေး။ နောက်ပြီး ပါလီမန်တွေဟာ ဥပဒေပြုရေးကိုပဲလွတ်လွတ်လပ်လပ်ကျင့်သုံးခဲ့ကြတယ်၊ အဲ့ဒီဥပဒေပြုရေး အာဏာကိုကျင့်သုံးတဲ့အခါမှာလဲဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ပြဌာန်းချက်အတိုင်း ကျင့်သုံးကြတယ်နော်၊

မသုဇာ။ အခုဆွေးနွေးခဲ့ကြတာတွေကို ကြည့်မယ်ဆိုရင် ပါလီမန်လို့ခေါ်တဲ့ ဥပဒေပြုလွှတ်တော်ဟာ နိုင်ငံတော်အတွက် ဥပဒေပြုရေးအာဏာကိုကျင့်သုံးဘို့အဓိက တာဝန်ယူထားရတဲ့ အဖွဲ့ပေါ့နော်၊ မျက်မှောက်ခေတ်နိုင်ငံတွေမှာ ပိုင်ဆိုင်တဲ့အချုပ်အချာအာဏာကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာဆိုပြီး ခွဲခြမ်းထားပေမဲ့ ပါလီမန်ဟာ ဥပဒေပြုရေးသက်သက်ကိုပဲ ကျင့်သုံးရမဲ့သဘောပေါ့နော်၊

ဦးမြင့်အောင်။ တချို့ပါလီမန်တွေကတော ချွင်းချက်အနေနဲ့ ဥပဒေပြုရေးအာဏာထက်ပိုပြီး လုပ်ပိုင်ခွင့်ရှိတာတွေလည်း ရှိပါတယ်၊

ကိုရင်မောင်။ ဟုတ်တယ်ဗျ အင်္ဂလန်နိုင်ငံမှာဆိုရင် ပါလီမန်ဟာဥပဒေပြုရေးအပြင်တရားစီရင်ရေးကိုပါ တစိတ်တပိုင်းကျင့်သုံးထိမ်းချုပ်ရတဲ့ အာဏာကိုပါပိုင်ဆိုင်တယ်၊အာဏာ(၃)ရပ်စလုံးအတန်ငယ်ကျင့်သုံးခွင့်ရှိတာကြောင့် အချုပ်အချာအာဏာပိုင် သဘောမျိုးပေါ့၊

ဦးမြင့်အောင်။ အမေရိကန်မှာတော့ ဒီလိုမဟုတ်ဘူး၊ ဥပဒေပြုရေးအာဏာပိုင်ဖြစ်တဲ့ကွန်ကရက်လွှတ်တော်ဟာအချုပ်အခြာအာဏာတခုလုံးမကျင့်သုံးဘူး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာ (၃) ရပ်ကိုဗိုခနောင့်ဆိုင်သဘောမျိုးအပြန်အလှန်ထိမ်းညှိထားတယ်၊

အဲ့ဒီအာဏာ(၃)ရပ်ကို ခွဲခြားကျင့်သုံးတဲ့အာဏာပိုင်အဖွဲ့အစည်းတွေဟာဘောင်ကျော်ပြီး ရောပြွန်းပြီးအာဏာကျင့်သုံးခွင့် မရှိကြဘူး၊

နန်းခင်ထွေး။ ဒါကြောင့် ကမ္ဘာပေါ်မှာအင်္ဂလန်စံနစ်နဲ့အမေရိကန်စံနစ်ဆိုပြီးနှစ်မျိုးဖြစ်လာတာပေါ့နော်၊

မသူဇာ။ ပါလီမန်လွှတ်တော်နဲ့ပါတ်သက်ပြီး ကျမတခုသိချင်တာက တချို့နိုင်ငံကပါလီမန်တွေမှာ ဘာဖြစ်လို့လွှတ်တော်နှစ်ရပ်ဆိုပြီး ဖွဲ့ကြတာလဲဟင်၊

ကိုရင်မောင်။ ကျနော်လေ့လာကြည့်ရသလောက်တော့ပြည်ထောင်စုတခုဖြစ်ရင် ပြည်ထောင်စုတဝှမ်းလုံးမှာရှိတဲ့ ပြည်သူလူထုက ရွေးချယ်တင်မြှောက်တဲ့လွှတ်တော်ရယ်၊ ပြည်နယ်တွေကညီတူညီမျှ ရွေးချယ်တင်မြှောက်ထားတဲ့ လူမျိုးစုလွှတ်တော်ရယ်ဆိုပြီး လွှတ်တော်နှစ်ရပ် ရှိကိုရှိရမယ်၊

ဦးမြင့်အောင်။ ဒီစံနစ်ကတော့ ကိုရင်မောင်ပြောသလိုပဲ ပြည်ထောင်စုနိုင်ငံတွေမှာ လုပ်လေ့လုပ်ထရှိတဲ့ စံနစ်ပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ပြည်ထောင်စုနိုင်ငံဆိုတာနိုင်ငံအတွင်းမှာလူမျိုးစုတမျိုးထဲနေတာမဟုတ်ဘူးတမျိုးထဲမကလူမျိုးပေါင်းစုံ နေထိုင်ကြတယ်၊ နောက်ပြီးလူမျိုးတွေအလိုက်ဖွဲ့စည်းထားတဲ့ ပြည်နယ်တွေလည်းရှိနေတာကိုး၊

နန်းခင်ထွေး။ မြန်မာပြည်မှာတော့ တိုင်းရင်းသားလူမျိုးကွဲပေါင်းစုံနဲ့ ပြည်နယ်တွေအသီးသီးလဲရှိပေမဲ့ ၁၉၇၄ အခြေခံဥပဒေအရလွှတ်တော်တရပ်ပဲရှိတယ်နော်၊

ကိုရင်မောင်။ ဒါကတော့ဗျာဦးနေဝင်းက တပါတီအာဏာရှင်စံနစ်နဲ့အုပ်ချုပ်ကိုး၊ လာမဲ့အနာဂါတ်မှာဒီမိုကရေစီပြည်ထောင်စုစံနစ်နဲ့သွားမယ်ဆိုရင် လွှတ်တော်နှစ်ရပ်တော့ထားမှဖြစ်မယ်၊မြန်မာနိုင်ငံဟာလူမျိုးပေါင်းစုံရဲ့ပြည် နယ်တွေနဲ့ ဖွဲ့စည်းထားတာမဟုတ်လား၊

ဦးမြင့်အောင်။ အေးလေဗျာဒါကြောင့်လူနည်းစုတိုင်းရင်းသားတွေရဲ့အခွင့်အရေးတွေကိုကာကွယ်ဘို့၊ လူများစုကလူနည်းစုကို အနိုင်မကျင့်ဘို့လူမျိုးစုလွှတ်တော်ဆိုတာ ဖွဲ့စည်းဘို့ လိုအပ်တာပေါ့၊

နန်းခင်ထွေး။ ဒီလိုဖွဲ့စည်းတဲ့နေရာမှာလည်း ပြည်နယ်တွေကအညီအမျှစေလွှတ်တဲ့ ကိုယ်စားလှယ်တွေနဲ့ဖွဲ့မှနော်၊ပြည်နယ်ကြီးရင်ကြီးသလိုကိုယ်စားလှယ်ဦးရေပိုယူမယ်ဆိုရင်လည်း ပြည်နယ်ကြီးတဲ့လူမျိုးတွေက လူမျိုးစုလွှတ်တော်မှာ လူများစုဖြစ်ပြီး လွှမ်းမိုးသွားမှာပဲ၊

ဦးမြင့်အောင်။ ပြည်နယ်တွေကို ကိုယ်စားတာနဲ့ပါတ်သက်ပြီး တချို့ပြည်ထောင်စုနိုင်ငံတွေမှာတော့ ခြွင်းချက်ရှိတယ်၊ ကနေဒါနိုင်ငံကိုကြည့်မယ်ဆိုရင် ပြည်နယ်တွေရဲ့ အရွယ်အစားအလိုက်ကြီးရင်ကြီးသလိုင်ရင်ငယ်သလို ကိုယ်စားလှယ်ဦးရေ အရည်အတွက် ပြောင်းလဲမှုရှိတယ်၊

ကိုရင်မောင်။ ရုရှားမှာတော့ ပြည်နယ်အကြီးအသေး၊ လူဦးရေအနည်းအများပေါ်

မကြည့်တော့ဘူး၊ကိုယ်စားလှယ်ဦးရေဟာ အားလုံးအညီအမျှပဲ၊

မသူဇာ။ အကိုကြီးလွှတ်တော်(၂)ရပ်နဲ့ ပါတ်သက်ပြီးနောက်ထပ်သိထားသင့်တာတွေရော ရှိသေးလား၊

ဦးမြင့်အောင်။ ရှိတာပေ့ါ သူဇာရယ် ဘာလဲဆိုတော့ ပြည်သူ့လွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်နှစ်ခုစလုံးကို အာဏာတူ ပေးအပ်ထားရမယ်ဆိုတာပဲ၊

ကိုရင်မောင်။ အဲ့ဒီကိစ္စနဲ့ပါတ်သက်ပြီးကျနော်ဆက်ပြောရမယ်ဆိုရင်တော့ဒီလွှတ်တော်နှစ်ခုကို အာဏာတူပေးမထားရင် ဘယ်လိုမှလူမျိုးရေးတန်းတူညီမျှမှုကိုဖေါ်ဆောင်နိုင်မှာမဟုတ်ဘူး၊ နောက်ဒီမိုကရေစီအနှစ်သာရကိုလည်း လက်တွေ့ဖေါ်ဆောင်ရာရောက်မှာမဟုတ်ဘူး လို့ထင်တယ်ဗျ၊

ဦးမြင့်အောင်။ ဒါပေ့ါဗျာ ရှင်းရှင်းလေးမြင်သာအောင် ပြောမယ်ဆိုရင်ကျနော်တို့နိုင်ငံမှာပြည်သူလွှတ်တော်ကို အာဏာပိုပေးခဲ့မယ်ဆိုရင် ဗမာတိုင်းရင်းသားကအခွင့်အရေးပိုသာမှာပေ့ါ၊ ကိုယ့်လူမျိုးအကျိုးရှိမဲ့ဥပဒေမျိုးကိုလည်းစိတ်ကြိုက်ရေးဆွဲသွားနိုင်တာပေ့ါ၊လူမျိုးစုလွှတ်တော်ကိုအာဏာပိုပေးမယ်ဆိုရင်လဲ လူနည်းစုတိုင်းရင်းသားတွေကို အခွင့်အရေးပိုပေးလိုက်သလို ဖြစ်သွားနိုင်တာပေ့ါ၊ မဟုတ်ဘူးလား၊

နန်းခင်ထွေး။ ဟုတ်တာပေ့ါ ၊ ဒါကြောင့်လွှတ်တော်နှစ်ရပ်အကြားမှာအာဏာတူပေးအပ်ထားမှတိုင်းရင်းသားတွေရဲ့တန်းတူညီမျှရေးကို ဖေါ်ဆောင်နိုင်မှာ၊ ဒါဟာတကယ့်ကို သဘာဝကျတဲ့ အယူအဆပဲ၊

မသူဇာ။ အင်း–အကိုကြီးနဲ့နန်းကတော့ အတိုင်အဖေါက်ကို ညီနေတာပဲနော် ကိုရင်မောင်၊

ကိုရင်မောင်။ ဟုတ်ပ့ါဗျာ ဟုတ်ပ့ါ၊

နန်းခင်ထွေး။ ဟာ–သူဇာကလဲ စပြန်ပါပြီ၊ ကဲကဲ–ဒီနေ့တော့လွှတ်တော်နှစ်ရပ်အကြောင်းနဲ့ပဲ နားလိုက်ကြအုံးစို့နော်၊

## အပိုင်း(၉)
## အစိုးရဖွဲ့စည်းခြင်း

ကိုရင်မောင်။ ဒီနေ့တော့ကျနော်ကပဲ စပါရစေလား၊ အစိုးရဖွဲ့စည်းပုံနဲ့ ပါတ်သက်ပြီး ဆွေးနွေးချင်လို့လေ၊

ဦးမြင့်အောင်။ ဆိုစမ်းပါအုံးဗျ၊

မသူဇာ။ ဆိုစမ်းပါအုံးဆိုပြီး အကိုကြီးမျက်လုံးတွေက အိမ်အဝပဲရောက်နေပါလားအကိုကြီးရဲ့၊ မမျှော်နဲ့အကိုကြီးရေ နန်းသူ့အမေနေမကောင်းလို့ ခွင့်တလယူပြီး ရှမ်းပြည်ပြန်သွားတယ်ရှင့်၊

ဦးမြင့်အောင်။ ဟာ–ဒီကောင်မလေးပြောလိုက်ရင်ဒီအတိုင်းကြီးပဲ၊ကဲစောစောကစကားလေးပြန်ဆက်ပါအုံး ကိုရင်မောင်ရယ်၊

| | |
|---|---|
| ကိုရင်မောင်။ | စကၠာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယုကပြောတယ်လေ၊ ပြည်သူလူထုဆိုတာသူနဲ့ထိုက်တန်တဲ့အစိုးရပဲရတယ်တဲ့အဲ့ဒီအပေါ်မှာဘယ်လိုသဘော ရလဲ အကိုကြီး၊ |
| ဦးမြင့်အောင်။ | အင်း–လီကွမ်ယုဆိုတာကျနော်တို့တိုင်းပြည်က စစ်အစိုးရနဲ့အတော်ပြေလည်တဲ့သူပဲ၊ အဲ့ဒါကြောင့် သူပြောသမျှလက်မခံဘူးဆိုတာမျိုးတော့ မဖြစ်သင့်ဘူး၊ ကျနော့်အယူအဆကတော့ သူပြောတာကိုလက်ခံတယ်၊ |
| မသူဇာ။ | ဘာဖြစ်လို့ လက်ခံတာလဲ အကိုကြီးရဲ့၊ |
| ဦးမြင့်အောင်။ | ဒီလိုလေကွာ လက်တွေ့ကိုယ့်နိုင်ငံကိုပဲကြည့် အခုစစ်အစိုးရကို လူထုကမကြိုက်ဘူး၊ ဒါပေမဲ့ဒီနေ့ထိသူတို့စိုးမိုးအုပ်ချုပ်နေတုံးပဲ၊ ဒါကြောင့်ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေလူထုအနေနဲ့တော်လှန်ဖယ်ရှားနိုင်တဲ့ အဆင့်မှ မရောက်သေးတာ၊ |
| ကိုရင်မောင်။ | ဟုတ်တယ်ဗျ၊ ကိုယ်ကလက်ခံထားသလိုဖြစ်နေသ၍သူတို့ကတော့ ဆက်အုပ်ချုပ်ဘို့ အခွင့်အရေးတွေ ရနေအုံးမှပဲ၊ |
| မသူဇာ။ | ကျမလဲ ဒီအတိုင်းပဲထင်ပါတယ်၊ လွတ်မြောက်သင့်တယ်လို့ ဘယ်လောက်ပဲအသိတရားရှိရှိ လွတ်မြောက်ဘို့အတွက် လိုအပ်ချက်မှန်သမျှမဖြည့်ဆည်းနိုင်သ၍ ဘယ်လွတ်မြောက်နိုင်ကြပါ့မလဲ၊ ဒေါ်အောင်ဆန်းစုကြည်ကတော့ဦးဆောင် တိုက်ပွဲဝင်နေတာပဲ၊ |
| ဦးမြင့်အောင်။ | ဒီလိုရှိတယ်သူဇာရဲ့ ပြည်သူတရပ်လုံးက ခေါင်းဆောင်ကောင်းတယောက်နဲ့၊ မှန်ကန်တဲ့ဦးဆောင်မှုတရပ်ကို အပြည့်အဝထောက်ခံတယ်ဆိုစေအုံး၊ ကိုယ်ကိုတိုင် ပါဝင်လှုပ်ရှားရမဲ့အရေးတွေမှာ ပါဝင်မှုမရှိသရွေ့တော့ ဘယ်လိုလုပ် လွတ်မြောက်မှာတုံး၊ |
| မသူဇာ။ | ဟုတ်သားပဲနော်၊ ဒါနဲ့ခုနကိုရင်မောင် စကားပြန်ဆက်ပါရစေအုံးအစိုးရဆိုလို့ ကမ္ဘာပေါ်မှာအစိုးရအမျိုးအစား ဘယ်နှစ်မျိုးလောက်ရှိလဲဟင်၊ |
| ကိုရင်မောင်။ | ကျနော်သိသလောက်ကတော့ ဘုရင်စံနစ်အစိုးရရှိတယ်၊ ဝန်ကြီးချုပ်စံနစ်လို့ခေါ်တဲ့ ပါလီမန်အစိုးရရှိတယ်၊ သမ္မတအစိုးရရှိတယ်၊ ဆိုပြီးရှိတယ်၊ |
| ဦးမြင့်အောင်။ | တဝက်တပျက် သမ္မတအစိုးရဆိုတာမျိုးလဲ ရှိတယ်လေ၊ |
| မသူဇာ။ | ကိုရင်မောင် ဘုရင်စံနစ်အစိုးရဆိုတာ ဟိုးတုန်းကနိုင်ငံကိုအကြွင်းမဲ့အာဏာနဲ့အုပ်ချုပ်တဲ့ ဘုရင်အုပ်ချုပ်ရေးစံနစ်ကိုပြောတာ မှတ်လား၊ |
| ကိုရင်မောင်။ | ဟုတ်တယ်လေဗျာ ဒါပေမဲ့(၁၆)ရာစုနောက်ပိုင်းမှာတော့ အကြွင်းမဲ့အာဏာပိုင်ဘုရင်စံနစ်ဟာတဖြေးဖြေးမှေးမှိန်လာခဲ့တယ်ပြီး ဝန်ကြီးချုပ်ကတာဝန်ယူအုပ်ချုပ်ရတဲ့စံနစ် အစားထိုးဝင်လာတယ်၊ အခုအချိန်မှာတော့ အာဏာရှင်ဘုရင်စံနစ်ဆိုတာ တော်တော်လေးပပျောက်လုမတတ်ဖြစ် နေပါပြီ၊ |

မသူဇာ။ ဆော်ဒီအာရေးဗီးယားနဲ့ ဂျော်ဒန်နိုင်ငံတွေမှာတော့ ခုထိဘုရင်စံနစ်ရှိတုံးပဲနော်၊

ဦးမြင့်အောင်။ ဟုတ်တယ်၊ ကူဝိတ်၊ ဘာရိန်းနဲ့ အာရပ်စော်ဘွားနိုင်ငံတွေဟာလဲ ဘုရင်နိုင်ငံ စော်ဘွားနိုင်ငံတွေပေါ့။

ကိုရင်မောင်။ လွန်ခဲ့တဲ့(၁၀)နှစ်လောက်က ဘုရင်စံနစ်ကနေ ဝန်ကြီးချုပ်စံနစ်ကူးပြောင်းလာတဲ့ နိုင်ငံတခုလဲရှိတယ်၊

မသူဇာ။ နေအုံးနေအုံး အဲ့ဒါကျမသိတယ်၊ နီပေါနိုင်ငံမှတ်လား၊ ၁၉၉၀ မှာ ပြောင်းသွားတာလေ၊

ကိုရင်မောင်။ သိတ်ဟုတ်တာပေါ့ ဆရာမရယ်၊

မသူဇာ။ ဝန်ကြီးချုပ်ဦးဆောင်တဲ့ပါလီမန်အစိုးရစံနစ်ဆိုတာ နဲနဲရှင်းပြပါလား၊

ဦးမြင့်အောင်။ ပါလီမန်အစိုးရစံနစ်အကြောင်း ပြောရမယ်ဆိုရင် အင်္ဂလန်နိုင်ငံနော်မန်ဘုရင်လက်ထက်တုံးက ဘုရင်ကိုအကြံပေးနိုင်ဘို့ အုပ်ချုပ်ရေးကိစ္စတွေမှာ ကူညီဆောင်ရွက်နိုင်ဘို့ အတိုင်ပင်ခံကောင်စီဆိုတာဖွဲ့စည်းခဲ့တယ်၊ ဆဌမမြောက် အက်ဒွတ်ဘုရင်လက်ထက်မှာတော့ အဲ့ဒီအတိုင်ပင်ခံကောင်စီကို ပရီဗွီကောင်စီဆိုပြီးပြောင်းခေါ်လာတယ်၊




**၁၉၅၂ ခုနှစ်တွင် နန်းတက်လာသော လက်ရှိ ဗြိတိသျှဘုရင်မကြီး အလိဇဘက်**

**ဗြိတိန်နိုင်သည် ပါလီမန်အစိုးရစနစ်ကို စည်းမျဉ်းခံဘုရင်စစနစ်နှင့် တွဲဖက်ကျင့်သုံးသော နိုင်ငံဖြစ်သည်။ ထိုစနစ်အရ ဘုရင်မသည် နိုင်ငံတော်ကို ကိုယ်စားပြုရ သော နိုင်ငံတော် ဦးသျှောင်မျှသာဖြစ်သည်။**

မသူဇာ၊ အဲ့ဒါက ပါလီမန်ဖြစ်လာတာလား၊

ကိုရင်မောင်။ မဟုတ်သေးဘူးဆရာမရဲ့ ပရီဗွီကောင်စီရဲ့အလုပ်က ဝန်ကြီးအဖွဲ့ကိုမွေးထုတ်ပေးယုံပဲ၊ တတိယမြောက်ဝီလျံခေတ်ရဲ့ ဘုရင်မအက်ဆစ်ဖ်အမ်းလက်ထက်ကျမှ ပါလီမန်ရဲ့အချုပ်အချာအာဏာပိုင်မှု အကောင်အထည် ပေါ်လာတာ၊ ဟုတ်တယ်နော် အကိုကြီး၊

ဦးမြင့်အောင်။ ဒါပေါ့ဗျာကက်ဗိနက်ဝန်ကြီးတွေအာဏာပိုရှိလာတဲ့အချိန်ကတော့ ပထမမြောက် ဂျော့ဘုရင် လက်ထက်မှာပဲ၊

မသူဇာ။ အဲ့ဒီ ဂျော့ဘုရင်က အင်္ဂလန်ကို အုပ်ချုပ်ပေမဲ့ လူမျိုးက ဂျာမန်ဆို၊

ဦးမြင့်အောင်။ ဟုတ်တယ်လေအဲ့ဒီတော့သူကိုယ်တိုင်ကက်ဗိနက်ဝန်ကြီးအစည်းအဝေးတွေကို ဦးဆောင်ဘို့အခက်အခဲ ဖြစ်လာတယ်၊ ဒါနဲ့ပဲသူ

ကိုယ်စားဆောင်ရွက်ပေးဘို့ ဝန်ကြီးချုပ်ရာထူးဆိုတာဖြစ်လာခဲ့တယ်လေ၊

မသုဇာ၊ ဝန်ကြီးချုပ်ဖြစ်လာပုံ သမိုင်းကြောင်းလေးကလဲ စိတ်ဝင်စားစရာကောင်းသားပဲ၊ အဲ့ဒီတော့ဝန်ကြီးချုပ်ကဘုရင့်ကိုယ်စား အစစအရာရာဆောင် ရွက်ခွင့်ရသွားတာပေ့ါနော်၊

ဦးမြင့်အောင်။ အဟုတ်ပဲပေ့ါ ဆရာမရဲ့၊ ဒါပေမဲ့ ၁၇၄၂ ခုနှစ်လောက်ကဝန်ကြီးချုပ်ဆာရောဘတ်ဝေါပိုးလ်ခမြာတော့ အယုံအကြည်မရှိဘူးဆိုပြီး ပါလီမန်ကနေ ဖယ်ရှားပစ်လိုက်တယ်၊

မသုဇာ။ ဘုရင့်ရဲ့ ကိုယ်စားလှယ်ကို ဒီလိုပဲဖြုတ်ချလို့ရလား၊

ကိုရင်မောင်။ ရတယ်ဆရာမရဲ့ ဝန်ကြီးချုပ်ကိုပဲဖြစ်ဖြစ်၊ ဝန်ကြီးအဖွဲ့ကိုပဲဖြစ်ဖြစ်ပါလီမန်မှာ အယုံအကြည်မရှိ အဆိုတင်သွင်းလို့ရတယ်၊ ပြီးတော့မဲအရည်အတွက် အနည်းအများနဲ့ ဖြုတ်ချလို့ရတယ်၊

ဦးမြင့်အောင်။ ဟုတ်တယ်ကွဲ့ဝန်ကြီးချုပ်ဦးဆောင်တဲ့ပါလီမန်အစိုးရစံနစ်မှာဝန်ကြီးချုပ်ကိုမကြိုက်ရင်လူထုကိုယ်စားလှယ်တွေကချက်ချင်းဖြုတ်ချခွင့်ရှိတယ်၊

မသုဇာ ကမ္ဘာ့နိုင်ငံတွေကပါလီမန်အစိုးရစံနစ်တွေမှာ အစိုးရဖွဲ့စည်းတာတွေဝန်ကြီးအဖွဲ့ရွေးချယ်တာတွေ အနည်းနဲ့အများကွဲပြားမှုတွေတော့ရှိတတ်တယ်နော်၊

ဦးမြင့်အောင်။ ဟုတ်ကဲ့ ရှိတတ်ပါတယ်၊ ဒါပေမဲ့ပါလီမန်အစိုးရစံနစ်ဆိုရင်တော့အဓိကအားဖြင့် ဝန်ကြီးချုပ်က ဦးဆောင်တတ်ကြတာများပါတယ်၊

ကိုရင်မောင်။ ဘုရင်ဆီမှာအုပ်ချုပ်ရေးအာဏာလျော့ပါးလာပြီးဝန်ကြီးချုပ်ဟာအုပ်ချုပ်ရေးအာဏာအရှိဆုံးနဲ့ ဝန်ကြီးအဖွဲ့ကို ဦးဆောင်ရတဲ့သူဖြစ်လာတာပေ့ါ၊ နိုင်ငံရဲ့မူဝါဒတွေကို ချမှတ်အကောင်အထည်ဖော်ရာမှာလဲ အဓိကကျတဲ့ သူပဲပေ့ါ၊

မသုဇာ။ နောက်တခါ တခြားအစိုးရစံနစ်အကြောင်းတွေဆက်ဆွေးနွေးကြရအောင်နော်၊

ဦးမြင့်အောင်။ ရပါတယ်ဗျာခင်ဗျားတို့သဘောပါပဲ၊ဒါမှလဲကျယ်ကျယ်ပြန့်ပြန့်သိလာကြပြီး ကျနော်တို့နိုင်ငံနဲ့အသင့်လျော်ဆုံးဖြစ်မဲ့ အစိုးရစံနစ်ကိုလည်း စဉ်းစားရွေးချယ်တတ်လာကြမှာပေ့ါ၊

မသုဇာ။ ဒါဆိုနောက်တခါ သမ္မတအစိုးရစံနစ်ဆိုတာကိုဆွေးနွေးကြရအောင်နော်၊

ကိုရင်မောင်။ ကောင်းတာပေ့ါ ဆရာမရယ်၊

ဦးမြင့်အောင်။ ကိုရင်မောင်တို့ကတော့ ထောက်ခံလိုက်ပြန်ပြီ၊

ကိုရင်မောင်။ ဟာ–အကိုကြီးကလဲ ကျနော်ကအကောင်းပြောတာပါ၊ ဒီလိုအစိုးရစံနစ်နှစ်မျိုးလောက်ကို သေချာဆွေးနွေးဖြစ်ရင် အစိုးရဖွဲ့စည်းပုံအကြောင်း တော်တော်လေးသဘောပေါက်သွားမှာမို့ပါ၊

ဦးမြင့်အောင်။ ဟုတ်ပါတယ်ဗျာ ဟုတ်ပါတယ်။

**လူ့အခွင့်အရေး**

# အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ

ဦးခင်မောင်ဝင်း

*ဒီမိုကရက်တစ်မြန်မာ့အသံမှ ၂၀၀၀ ပြည့်နှစ် ဩဂုတ်လအတွင်း ထုတ်လွှင့်ခဲ့သော အသံလွှင့်ဆောင်းပါးများကို အခြေခံ၍ ဆောင်းပါးရှင်က ဤစာစောင်အတွက် ပြန်လည်ရေးသားသော စာမူဖြစ်သည်။*

*အယ်ဒီတာ*

## (၁) လူ့အခွင့်အရေးကော်မရှင်အကြောင်း မိတ်ဆက်

ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဂျာမန်တွေ ရက်ရက်စက်စက် ကျူးလွန်ခဲ့တဲ့ လူ့အခွင့်အရေး ချိုးဖေါက်မှုမျိုးတွေ နောက်ထပ် ကမ္ဘာ့ဘယ်အရပ်ဒေသမှာမှ ထပ်မံမဖြစ်ပွါးခွင့်မပြုတော့ဘူးလို့ အဲဒီအချိန်က ကမ္ဘာ့ကုလသမဂ္ဂဦးဆောင်ဖွဲ့စည်းတဲ့ ကမ္ဘာ့ခေါင်းဆောင်တွေက စိတ်ပိုင်းဖြတ်ကြပါတယ်။ လူသားအချင်းချင်း ရက်စက်မှုတွေဟာ ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်တဲ့အတွက် အဲဒါမျိုးတွေ ထပ်မံမဖြစ်ပွါးအောင်တားမြစ်ဖို့ ကမ္ဘာ့ကုလသမဂ္ဂကမှာ လုပ်ငန်းစဉ်တွေချမှတ်ပြီး အကောင်အထည် ဖေါ်လာပါခဲ့တယ်။ လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်း၊ တကမ္ဘာလုံး စံအဖြစ်လက်ခံသင့်တဲ့ လူ့အခွင့် အရေး ဥပဒေတွေ ရေးဆွဲပြဌာန်းခြင်း၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်နိုင်ရေးအတွက် လူ့အခွင့်အရေး ပညာပေးခြင်းတွေဟာ ကမ္ဘာ့ကုလသမဂ္ဂက ဦးဆောင်လုပ်နေတဲ့ လုပ်ငန်းစဉ်တွေဖြစ်လာပါတယ်။

ကုလသမဂ္ဂ စီးပွါးရေးနဲ့ လူမှုရေးကောင်စီဆုံးဖြတ်ချက်အရ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေး ကော်မရှင်ကို ၁၉၄၆ခုနှစ် ဖေဖေါ်ဝါရီလ(၁၆)ရက်နေ့မှာ စတင်တည်ထောင်ခဲ့ပါတယ်။ ၁၉၄၇ခုနှစ်မှာ ပထမဦးဆုံးကျင်းပတဲ့ လူ့အခွင့်အရေးကော်မရှင်အစည်းအဝေးမှာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း ရေးဆွဲရေးကိစ္စ စတင်လုပ်ဆောင်ခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာ စာတမ်းကြီးကို ၁၉၄၈ခုနှစ် ဒီဇင်ဘာလ(၁၀)ရက်နေ့မှာ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံမှာ မဲခွဲမှုမရှိပဲ တ

ညီတညွတ်တည်း အတည်ပြုခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းမှာ ပြည့်စုံမှုမရှိသေးတဲ့ လူ့အခွင့်အရေးစံတွေကို ထပ်မံဖြည့်စွက်တဲ့အနေနဲ့ ၁၉၆၆ ခုနှစ်မှာ အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနဲ့နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (International Covenant on Civil and Policitcal Rights) နဲ့ အပြည်ပြည်ဆိုင်ရာ စီးပွါးရေး၊လူမှုရေးနဲ့ယဉ်ကျေးမှုဆိုင်ရာ သဘောတူစာချုပ် (International Covenat on Economic, Social and Cultural Rights) တွေကို ပြဋ္ဌာန်းပြီး အဲဒီစာချုပ်နှစ်ခုစလုံး ၁၉၇၇ ခုနှစ်မှာ အာဏာတည်လာပါတယ်။ ဒီကနေ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေလို့ပြောယင် အဲဒီစာချုပ်နှစ်ခုနဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတွေက အဓိက ပါဝင်ပါတယ်။




**အမေရိကန်သမတ တဦး၏ဇနီးဖြစ်သူ အလီယ န်နော–ရို့ဇဗက်**

**သူမသည် ၁၉၄၈ခုနှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို ဦးဆောင်ရေးသားသူများအနက် တဦးအပါအဝင်ဖြစ်သည်။**

တကမ္ဘာလုံးအတိုင်းအတာနဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုတွေကိုတားမြစ်ဖို့၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ပေးရေးလုပ်ဖို့ဟာ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်ရဲ့တာဝန် ဖြစ်လာပါတယ်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၊ နှစ်စဉ်ကျင်းပတဲ့အထွေထွေညီလာခံတွေဟာလည်း နိုင်ငံအသီးသီးရဲ့ လူ့အခွင့်အရေးအခြေအနေတွေကို ဆွေးနွေးတဲ့ ရင်ပြင်တွေဖြစ်လာပါတယ်။ ၁၉၉၃ခုနှစ်မှာ လူ့အခွင့်အရေးမဟာမင်းကြီးကို စတင်တာဝန်ပေးခန့်အပ်လိုက်ပြီး လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးကိစ္စကို ကမ္ဘာ့ကုလသမဂ္ဂက ပိုပြီး အရှိန်အဟုန်မြှင့် လုပ်ဆောင်ခဲ့ပါတယ်။

ဒါပေမဲ့ တကမ္ဘာလုံးမှာ နေ့စဉ်နဲ့အမျှဖြစ်ပွါးနေတဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို တားဆီးရေးနဲ့ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးကိစ္စမှာ ကုလသမဂ္ဂ လူ့အခွင့်အရေးခွင်အရေးကော်မရှင်နဲ့ ယန္တယားတွေကိုသာ အားကိုးနေလို့မရဘူးလို့ တွေ့ရှိလာပါတယ်။ သက်ဆိုင်ရာဒေသကြီးတွေအလိုက် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးလုပ်ဆောင်သွားမဲ့ ဒေသဆိုင်ရာလူ့အခွင့်အရေးကော်မရှင်တွေကို တည်ထောင်ပြီး၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးကို လုပ်ဆောင်ဖို့လိုတယ်လို့ နိုင်ငံတချို့ကယူဆကြပါတယ်။ ဒါကြောင့် ဒေသအတွင်းနိုင်ငံတွေရဲ့ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးရေးရည်ရွယ်ချက်နဲ့ ဥပရောပလူ့အခွင့်အရေးကော်မရှင်ကို ၁၉၅၃ခုနှစ်မှာလည်းကောင်း၊ အမေရိကန်နိုင်ငံများ လူ့အခွင့်အရေးကော်မရှင်ကို ၁၉၇၈ခုနှစ်မှာလည်းကောင်း၊ အာဖရိကနိုင်ငံများလူ့အခွင့်အရေးကော်မရှင်ကို ၁၉၈၆ခုနှစ်မှာလည်းကောင်း အသီးသီးတည်ထောင်

ကာ ဒေသအတွင်းနိုင်ငံတွေရဲ့ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။

ကမ္ဘာပေါ်မှာ ဒေသဆိုင်ရာလူ့အခွင့်အရေးကော်မရှင် မရှိသေးတဲ့ ဒေသကြီးနှစ်ခုကတော့ အာရှဒေသနဲ့အရှေ့အလယ်ပိုင်းဒေသပဲ ဖြစ်ပါတယ်။ အခုအချိန်မှာ အရှေ့တောင်အာရှနိုင်ငံတွေကို ကိုယ်စားပြုမဲ့ အာစီယံလူ့အခွင့်အရေးကော်မရှင် တည်ထောင်ရေးကို အာစီယံနိုင်ငံအသီးသီးက တသီးပုဂ္ဂလ(NGO)အဖွဲ့အစည်းတွေ စည်းရုံးလှုပ်ဆောင်မှုတွေ အရှိန်ရနေတာကိုတွေ့နေရပါပြီ။ ဒါပေမဲ့ တချို့အာစီယံခေါင်းဆောင်တွေက အာစီယံနိုင်ငံအသီးသီးမှာ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တွေပေါ်လာပြီးမှ အာစီယံလူ့အခွင့်အရေးကော်မရှင်တည်ထောင်နိုင်မဲ့သဘောမျိုး ပြောနေကြပါတယ်။ ဒေသဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် တည်ထောင်ရေးဟာ နိုင်ငံအသီးသီးက အမျိုးသားလူ့အခွင့်အရေးကော်မရှင်တည်ထောင်ရေးနဲ့ ဘာမှပတ်သက်မှုမရှိဘူးဆိုတာ အမျိုးသားလူ့အခွင့် အရေးကော်မရှင်မရှိပဲ ဒေသလူ့အခွင့်အရေးကော်မရှင်တွေတည်ထောင်ခဲ့ကြတဲ့ တခြားဒေကြီးတွေရဲ့ အတွေ့အကြုံက ပြသနေပါတယ်။

ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်နဲ့ ဒေသဆိုင်ရာလူ့အခွင့်အရေးကော်မရှင်တွေဟာ တကမ္ဘာလုံး ဒါမှမဟုတ် ဒေသတခုလုံးက လူ့အခွင့်အရေးအခြေအနေတွေကို ကိုင်တွယ်တဲ့အခါမှာ သက်ဆိုင်ရာနိုင်ငံရဲ့ ပြည်တွင်းရေးနဲ့ အချုပ်အခြာအာဏာဆိုတာကို ငဲ့ကွက်ရတဲ့အတွက် အဟန့်အတားတချို့ရှိပါတယ်။ ဒါအပြင် လူ့အခွင့်အရေး ချိုးဖေါက်မှုကို ခံစားနေရတဲ့ နိုင်ငံအသီးသီးက ပြည်သူတွေဟာ ဒေသဆိုင်ရာနဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်တွေကို တိုင်တန်းနိုင်ကြောင်း လမ်းဖွင့်ထားပေမဲ့ လက်တွေ့မှာ ထိရောက်မှု နည်းလှပါတယ်။ ဒါကြောင့် မိမိတို့နိုင်ငံနဲ့သာသက်ဆိုင်တဲ့ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တွေ တည်ထောင်ဖို့လိုအပ်ကြောင်း နိုင်ငံအတော်များများက လက်ခံလာကြပါတယ်။ ဒါကြောင့် အမျိုးသားလူ့အခွင့်အရေးကော်မရှင်တွေတည်ထောင်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတွင်း နေထိုင်သူတွေရဲ့ လူ့အခွင့်အရေးကို ထိထိရောက်ရောက် ကာအကွယ်မြှင့်တင်ပေးဖို့ပဲဖြစ်ပါတယ်။

နိုင်ငံအသီးသီးမှာ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တွေဖွဲ့စည်းရေးနဲ့ပတ်သက်လို့ ကမ္ဘာ့ကုလသမဂ္ဂ စီးပွါးရေးနဲ့လူမှုရေးကောင်စီက ၁၉၄၆ခုနှစ် ကတည်းက ကမ္ဘာ့နိုင်ငံတွေကို အကြံပြုတင်ပြခဲ့ပါတယ်။ ၁၉၇၀ ပြည့်လွန်နှစ်တွေမှာ ကျင်းပတဲ့ နိုင်ငံတကာအဆင့်ညီလာခံတွေမှာ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နဲ့ပတ်သက်တဲ့ လမ်းညွှန်ချက်တချို့ကို တင်ပြလာတာတွေရပါတယ်။ ၁၉၉၁ခုနှစ် ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာကျင်းပတဲ့ညီလာခံတခုမှာ လူ့အခွင့်အရေးကော်မရှင်တည်ထောင်ရေးနဲ့ ပတ်သက်လို့ ပြည့်စုံရမဲ့ အနိမ့်ဆုံးစံတချို့ကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီစံတွေကို ပဲရစ်စံသတ်မှတ် ချက်များ(Paris Principles)လို့ လူသိများပါတယ်။ ပဲရစ်စံသတ်မှတ်ချက်တွေကို ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်က ၁၉၉၂ခုနှစ်၊ အထွေထွေညီလာခံက ၁၉၉၃ခုနှစ်တွေမှာ ထပ်မံအတည်ပြုခဲ့ကြပါတယ်။ တဖန် ၁၉၉၃ခုနှစ်က ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့မှာကျင်းပတဲ့ ကမ္ဘာ့လူ့အခွင့်အရေးညီလာခံကြီးမှာလည်း ထပ်မံအတည်ပြုခဲ့ပါသေးတယ်။ ပဲရစ်စံသတ်မှတ်ချက်တွေဟာ အမျိုးသား လူ့အခွင့်အရေးတည်ထောင်တဲ့ နိုင်ငံတိုင်း မှီငြမ်းကိုးကားရမဲ့စံတွေအဖြစ် ဒီကနေ့ကမ္ဘာ့နိုင်ငံတွေက လက်ခံထားကြပါတယ်။

လူ့အခွင့်အရေးကော်မရှင်ကို ဥပဒေပြဋ္ဌာန်းချက်တွေနဲ့အညီ တည်ထောင်ရပါတယ်။ ဥပဒေဆိုတဲ့နေရာမှာ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ပါလီမန်ကပြဋ္ဌာန်းတဲ့ လူ့အခွင့်အရေးကော်မရှင်ဆိုင်ရာ သီးသန့်ဥပဒေ၊ အစိုးရစီမံခန့်ခွဲရေးအာဏာအရ ထုတ်ပြန်တဲ့ အမိန့်တမျိုးမျိုးဖြစ်နိုင်ပါတယ်။ ပါလီမန်ပြဋ္ဌာန်းဥပဒေအရ လူ့အခွင့်အရေးကော်မရှင်တည်ထောင်တဲ့နိုင်ငံတွေဟာ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲအတည်ပြုပြီးမှလူ့အခွင့်အရေးကော်မရှင်တည်ထောင်ဖို့ လိုအပ်ကြောင်း လက်ခံလာကြတဲ့နိုင်ငံတွေဖြစ်ပါတယ်။ အခြေခံဥပဒေရေးဆွဲနေဆဲကာလမှာ လူ့အခွင့်အရေးကော်မရှင် တည်ထောင်ဖို့လိုအပ်ကြောင်း လက်ခံတဲ့နိုင်ငံတွေကတော့ လူ့အခွင့်အရေးကော်မရှင်နဲ့ပတ်သက်တဲ့အချက်တွေကို အခြေခံဥပဒေပြဋ္ဌာန်းချက်တွေထဲမှာ ထည့်သွင်းပြဋ္ဌာန်းပြီး၊ အဲဒီပြဋ္ဌာန်းချက်တွေအရ တည်ထောင်ပါတယ်။

အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို တခြားအစိုးရအာဏာပိုင်အဖွဲ့တွေလို ဥပဒေနဲ့ တည်ထောင်ထားလို့ အစိုးရတပိုင်းအာဏာပိုင်အဖွဲ့လို့ သတ်မှတ်ပါတယ်။ ဒါပေမဲ့ အစိုးရလက်အောက်ခံ အဖွဲ့အစည်းမဟုတ်ပါဘူး။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို အစိုးရဝန်ကြီးဌာတခုခုနဲ့ တွဲထားတာမျိုး လုပ်လို့မရပါဘူး။ လူ့အခွင့်အရေးကော်မရှင်ဟာ အစိုးရရဲ့လုပ်ရပ်တွေကိုစောင့်ကြည့်ပြီး အစိုးရက လူ့အခွင့်အရေးချိုးဖေါက်နေပြီဆိုယင်၊ ဒါမှမဟုတ် အစိုးရလုပ်ရပ်ကြောင့် ပြည်သူလူထု လူ့အခွင့်အရေးကို ထိခိုက်နေပြီဆိုယင် အစိုးရကိုဝေဖန်ထောက်ပြရတဲ့ တာဝန်ထမ်းဆောင်မဲ့အဖွဲ့ဖြစ်လို့ လူ့အခွင့်အရေးကိစ္စနဲ့ပတ်သက်လာယင် အစိုးရရဲ့ အတိုက်အခံအဖွဲ့ အနေနဲ့တောင် ရပ်တည်ရပါတယ်။

## (၂) လူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းတာဝန်များ

အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရဲ့တာဝန်ရှိဟာ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ဖို့ ဖြစ်တယ်လို့ပြောတာဟာ ရေဘုံယျတာဝန်ကို ပြောခြင်းဖြစ်ပါတယ်။ လက်တွေ့မှာလုပ်ဆောင်ရမဲ့ လုပ်ငန်းစဉ်အများအပြားရှိပါတယ်။ လူ့အခွင့်အရေးကယကွယ်မြှင့်တင်ရေးအတွက် လူ့အခွင့်အရေးကော်မရှင်ရဲ့လုပ်ပိုင်ခွင့်နဲ့ တာဝန်တွေအကြောင်း တင်ပြပါ့မယ်။

### လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို စုံစမ်းဖေါ်ထုတ်ခြင်း

အစိုးရအာဏာပိုင်တွေနဲ့ တခြားလူပုဂ္ဂိုလ်တွေ ကျူးလွန်တဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို စုံစမ်းဖေါ်ထုတ်ဖို့ လူ့အခွင့်အရေးကော်မရှင်တွေမှာ တာဝန်နဲ့ လုပ်ပိုင်ခွင့်ရှိပါတယ်။ ဒီလိုစုံစမ်းစစ်ဆေးတဲ့အခါမှာ လူ့အခွင့်အရေးချိုးဖေါက်ခံရသူတွေဆီက တိုင်တန်းလွှာရရှိတဲ့အခါ လုပ်နိုင်သလို လူ့အခွင့်အရေးကော်မရှင်အနေနဲ့ မိမိဆုံးဖြတ်ချက်အရ စုံစမ်းစစ်ဆေးမှုတွေလည်း လုပ်နိုင်ပါတယ်။ လွတ်လပ်တဲ့ လူ့အခွင့်အရေးကော်မရှင်တရပ်ဟာ တိုင်းပြည်ထဲမှာ ဖြစ်ပေါ်နေတဲ့ လူ့အခွင့်အရေးအခြေအနေတွေကို အမှန်တိုင်း လူသိရှင်ကြား ထုတ်ဖေါ်တင်ပြရမှာဖြစ်ပါတယ်။

အစိုးရမျက်နှာ ပျက်ရမှာကို စိုးရိမ်တဲ့အတွက် အမှန်အတိုင်း ထုတ်ဖော်မပြောရဲတာ၊ ဒါမှမဟုတ် လူ့ခွင့်အရေးကိစ္စမှာ ကောင်းမွန်စွာလုပ်ဆောင်နေကြောင်း နိုင်ငံတကာမှာ အစိုးရကို သိက္ခာတင်ပေးရတဲ့ အလုပ်မျိုးလုပ်တာတွေဟာ လူ့အခွင့်အရေးကော်မရှင်ရဲ့ တာဝန်ပျက်ကွက်မှု ဒါမှမဟုတ် တာဝန် တလွဲထမ်းဆောင်မှုသာဖြစ်ပါလိမ့်မယ်။

အင်ဒိုနီးရှားနိုင်ငံလူ့ခွင့်အရေးကော်မရှင်ဟာ စစ်တပ်ကကျူးလွန်ထားတဲ့ လူ့ခွင့်အရေးချိုးဖေါက်မှုတွေကို အမှန်အတိုင်းထုတ်ဖေါ်တင်ပြရဲတဲ့အတွက် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာလူ့အဖွဲ့စည်းရဲ့ ကောင်းချီးသြဘာပေးတာကို ခံရပါတယ်။ ဒီလိုမဟုတ်ပဲ အင်ဒိုနီးရှားလူ့အခွင့်အရေး ကော်မရှင်ဟာ အစိုးရကို သိက္ခာတင်ပေးရတဲ့အလုပ်တွေကိုသာ လုပ်နေမယ်ဆိုယင်တော့ ပြည်တွင်းပြည်ပအားလုံးရဲ့ ရှုတ်ချမှုကိုခံရမှာ မလွဲကေန်ဖြစ်ပါတယ်။ ဒါကြောင့် လူ့အခွင့်အရေးကော်မရှင်တရပ်ဟာ မိမိရဲ့အဓိကအကျဆုံး တာန်ကြီးဖြစ်တဲ့ တိုင်းပြည်အတွင်းက လူ့အခွင့်အရေး ချိုးဖေါက်မှုတွေကို အမှန်အတိုင်း ထုတ်ဖေါ်တင်ပြနေမှသာ ကော်မရှင်သိက္ခာရှိမှာဖြစ်သလို ပြည်သူလူထုရဲ့ လူ့အခွင့်အရေးကို တကယ်ကာကွယ်မြှင့်တင်ပေးတဲ့ လူ့အခွင့်အရေးကော်မရှင်တရပ်ဖြစ်လာမှာပါ။

လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို စုံစမ်းဖေါ်ထုတ်ရေးတာဝန်ကို ထမ်းဆောင်နိုင်ဖို့အတွက် လူ့အခွင့်အရေးကော်မရှင်မှာ အနည်းဆုံး အခုဆက်လက်တင်ပြမဲ့ အာဏာတွေ ရှိရပ့ါမယ်။

(၁) စုံစမ်းဖေါ်ထုတ်နေတဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေ လွတ်လပ်စွာရရှိနိုင်ခွင့်၊ အစိုးရဌာနတွေမှာ အဲဒီအချက်အလက်တွေရှိပါက အဲဒီအစိုးရဌာနရဲ့ သတင်းအချက်အလက် တွေကို ကြည့်ရှုစစ်ဆေးနိုင်ခွင့်၊ သို့မဟုတ် အစိုးရအရာရှိကြီးတဦးဦးက အဲဒီသတင်းအချက်အလက်တွေကို သိရှိနေပါက တင်ပြပေးဖို့ ဆင့်ခေါ်နိုင်ခွင့်အာဏာ၊

(၂) လိုအပ်ပါက စုံစမ်းစစ်ဆေးနေတဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုနဲ့ပတ်သက်လို့ မည်သူ့ကိုမဆို စာတမ်းအမှတ်အသားသက်သေခံချက်၊ နှုတ်သက်သေခံချက် ထုတ်ဖေါ်ပေးဖို့ တောင်းဆို နိုင်တဲ့ အခွင့်အာဏာ၊

(၃) လူ့အခွင့်အရေးချိုးဖေါက်မှု ဖြစ်ပွါးတဲ့နေရာတွေကို လွတ်လပ်စွာသွားလာ ကြည့်ရှု စစ်ဆေး နိုင်ခွင့်အာဏာ၊

(၄) လူ့အခွင့်အရေးချိုးဖေါက်မှု စစ်ဆေးနေတဲ့ ကြားနာပွဲတွေကို တက်ရောက်ဖို့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေကို ဖိအားပေးနိုင်တဲ့ အာဏာ၊

(၅) စုံစမ်းစစ်ဆေးနေတဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုနဲ့ပတ်က်လို့ သိရှိသူ ဒါမှမဟုတ် အဖြစ်မှန်ပေါ်ပေါက်အောင် ကူညီပေးနိုင်သူလို့ ယူဆရသူတွေရဲ့ ထွက်ချက်ကို နားထောင်ခွင့်ရအောင် လုပ်နိုင်တဲ့အခွင့်အာဏာ၊

(၆) စုံစမ်းစစ်ဆေးတွေ့ရှိချက်တွေကို လိုအပ်ပါက အများပြည်သူသိရှိနိုင်အောင် ထုတ်ပြန်ကြေ ညာနိုင်တဲ့ လုပ်ပိုင်ခွင့်၊

–စတဲ့ လုပ်ပိုင်ခွင့်အာဏာတွေရှိဖို့လိုအပ်ပါတယ်။

## အစီရင်ခံစာထုတ်ပြန်ခြင်း

အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရဲ့တာဝန်တွေထဲမှာ အစီရင်ခံစာထုတ်ပြန်ခြင်းဟာလည်း အရေးကြီးတဲ့ တာဝန်တရပ်ဖြစ်ပါတယ်။ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးနဲ့ပတ်သက်လို့ အရေးယူဆောင်ရွက်နိုင်ဖို့ အစီရင်ခံစာထုတ်ပြန်ကာ သက်ဆိုင်ရာအာဏာပိုင်တွေဆီပေးပို့ခြင်း၊ အများပြည်သူသိရှိနိုင်အောင် ထုတ်ပြန်ခြင်းအလုပ်တွေကို လူ့အခွင့်အရေးကော်မရှင်က လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ဖို့လိုပါတယ်။



**အရှေ့တီမောဒေသ၌ ၁၉၉၉ခုနှစ် ဩဂုတ်လက ကျင်းပသော လူထုဆန္ဒခံယူပွဲကာလ၌ ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖေါက်မှုများကို စုံစမ်းစစ်ဆေးဖေါ်ထုတ်ခဲ့သည့် ကော်မရှင်ကိုယ်စား အပ်ဒူ–ရာချ်မန် က ကော်မရှင် အစီရင်ခံစာတွင်ပါရှိသော လူ့အခွင့်အရေးချိုးဖေါက်မှုအတွက် တာဝန်ရှိသူ အင်ဒိုနီးရှားစစ်တပ်၊ ရဲနှင့် အစိုးရ အရာရှိ (၁၉)ဦးအမည်ကို စက်တင်လာလဆန်း သတင်းစရှင်းလင်းပွဲ၌ ဖေါ်ပြသွားသည်။**

အင်ဒိုနီးရှားလူ့အခွင့်အရေးကော်မရှင်က အရှေ့တီမောဒေသ နဲ့ အာချေးဒေသအပါအဝင် အင်ဒိုနီးရှားနိုင်ငံတဝှမ်းမှာ စစ်တပ်ကကျူးလွန်ခဲ့တဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုကို ရှာဖွေဖေါ်ထုတ်ပြီး၊ အစိုးရထံ တင်ပြတဲ့အတွက် အစိုးရက အဲဒီလူ့အခွင့်အရေးချိုးဖေါက်မှုမှာ တာဝန်ရှိတဲ့ စစ်ခေါင်းဆောင်တွေကို တရားစွဲဆိုအရေးယူတာမျိုးကို ဆက်လက်လုပ်ဆောင်နေတာတွေ့ရမှာဖြစ်ပါတယ်။ ဒီလိုပဲ သီရိလင်္ကာလူ့အခွင့်အရေးကော်မရှင်ကလည်း သီရိလင်္ကာစစ်တပ်နဲ့ အစိုးရအာဏာပိုင်တွေ ဂျာဖနာကွန်းစွယ်မှာ ကျူးလွန်ထားတဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို အများပြည်သူသိရှိနိုင်အောင် ထုတ်ဖေါ်တင်ပြနိုင်ခဲ့တဲ့အတွက် အလားတူလူ့အခွင့်အရေးချိုးဖေါက်မှုတွေကို လုံးဝမတားဆီးနိုင်သည့်တိုင်အောင် အစိုးရက လက်ရဲဇက်ရဲ လူ့အခွင့်အရေးချိုးဖေါက်ရဲတာတွေကို တန့်သွားစေပါတယ်။

## အစိုးရလုပ်ရပ်ကိုစောင့်ကြည့်ခြင်း

လူ့အခွင့်အရေး ချိုးဖေါက်ရာရောက်မရောက် အစိုးရရဲ့လုပ်ရပ်ကို စောင့်ကြည့်ခြင်းဟာလည်း အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရဲ့ အရေးကြီးတာဝန်တရပ်ဖြစ်ပါတယ်။ မိမိတို့နိုင်ငံက လက်မှတ်ရေးထိုးထားတဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်တွေမှာပါတဲ့ ပြဋ္ဌာန်းချက်တွေနဲ့အညီ အစိုးရအာဏာပိုင်တွေ လိုက်နာဆောင်ရွက်နေခြင်းရှိမရှိ၊ ပြည်တွင်းတည်ဆဲ ဥပဒေပြဋ္ဌာန်းချက် တွေ

က အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်ပါပြဋ္ဌာန်းချက်တွေနဲ့ကိုက် ညီခြင်းရှိမရှိ စိစစ်နိုင်တဲ့ အခွင့်အရေးနဲ့ အာဏာတွေ လူ့အခွင့်အရေးကော်မရှင်မှာ ရှိဖို့လိုအပ်ပါတယ်။ မြန်မာနိုင်ငံ ဟာ ၁၉၇၉ခုနှစ် အမျိုးသမီးများအားခွဲခြားဆက် ဆံခြင်း ပျောက်ဖျက်ရေးသဘောတူစာချုပ်နဲ့ ၁၉၈၉ခုနှစ် ခလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တွေကို လက်မှတ်ရေးထိုးထားပါတယ်။

နိုင်ငံအသီးသီးဟာ မိမိတို့နိုင်ငံ လက်မှတ်ရေးထိုးထားတဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်တွေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း လုပ်ဆောင်ချက် တွေအကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင် ဒါမှမဟုတ် သက်ဆိုင်ရာ သ ဘောတူစာချုပ်အတွက် သီးသန့်တည်ထောင်ထားတဲ့ ကော်မတီကို နှစ်စဉ်အစီရင် ခံစာတင်သွင်းရပါတယ်။ အစီရင်ခံစာတွေကို အစိုးရဌာနတခုခုက ရေးသားတယ် ဆိုယင် လူ့အခွင့်အရေးကိစ္စမှာ အစိုးရကောင်းကြောင်းကိုသာ ဦးစားပေးဖေါ်ပြလေ့ ရှိတဲ့အတွက် တကယ့်လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို ချန်လှပ်ထားလေ့ရှိပါ တယ်။ မြန်မာအစိုးရက တင်သွင်းတဲ့အစီရင်ခံစာတွေမှာ မြန်မာနိုင်ငံအတွင်း တ ကယ်ဖြစ်ပေါ်နေတဲ့ အမျိုးသမီးတွေကို စစ်တပ်က မုဒိမ်းကျင့်မှုတွေ၊ ခလေးတွေကို စစ်သားအဖြစ် အတင်းအကြပ်စုဆောင်းမှုတွေ ပါဝင်ခြင်းမရှိပါဘူး။ ၂၀၀၀ ပြည့်နှစ် ဧပြီလ(၁၈)ရက်နေ့က ချမှတ်တဲ့ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်ဆုံး ဖြတ်ချက်မှာလည်း မြန်မာနိုင်ငံဟာ လူ့အခွင့်အရေးသဘောတူစာချုပ်ပါ ပြဋ္ဌာန်း ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘူးလို့ ဖေါ်ပြထားပါတယ်။

လူ့အခွင့်အရေးကော်မရှင် ရှိလာပြီဆိုယင် လက်မှတ်ရေးထိုးထားတဲ့ လူ့အခွင့် အရေး သဘောတူစာချုပ်တွေအတွက် ကမ္ဘာ့ကုလသမဂ္ဂကို တင်သွင်းမဲ့အစီရင်ခံ စာတွေကို လူ့အခွင့်အရေးကော်မရှင် ကရေးသားခြင်း၊ တခြားအာဏာပိုင်အဖွဲ့က ရေးသားယင်လည်း မှန်ကန်မှုရှိမရှိစစ်ဆေးခြင်း လုပ်ရပါတယ်။ ဒီတာဝန် ထမ်း ဆောင်ခြင်းဟာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်ကို လက် မှတ်ရေးထိုးထားတဲ့ နိုင်ငံတခုအနေနဲ့ အဲဒီစာချုပ်ပါပြဋ္ဌာန်းချက်များတိုင်း အစိုးရက ဆောင်ရွက်မှု ရှိမရှိ စိစစ်ရန် လိုအပ်လို့ ဖြစ်ပါတယ်။

## လူ့အခွင့်အရေးပညာပေးခြင်း

မိမိနိုင်ငံထဲမှာရှိတဲ့ ပြည်သူတွေ လူ့အခွင့်အရေးသဘောတရားများ သိရှိသ ဘောပေါက်လာအောင် ပညာပေးရေးလုပ်ဖို့ အမျိုးသားလူ့အခွင့်အရေးကော် မရှင်မှာ တာဝန်ရှိပါတယ်။ ပြည်သူတွေဟာ ကိုယ့်ရဲ့အခွင့်အရေးကို သိရှိထားယင် တန်ဖိုးထား ကာကွယ်တတ်လာပါတယ်။ ဒါကြောင့် လူ့အခွင့်အရေးကာကွယ် မြှင့်တင်ရေးလုပ်တဲ့နေရာမှာ ပြည်သူတွေက ကိုယ့်အခွင့်အရေးကို ကိုယ်သိတတ် လာအောင် ပညာပေးဖို့လိုအပ်ပါတယ်။ နိုင်ငံအတော်များများမှာ အစိုးရအာဏာ ပိုင်လုပ်သူတွေဟာ ပြည်သူလူထုရဲ့ လူ့အခွင့်အရေးကို လေးစားလိုက်နာရ ကောင်း မှန်းမသိလို့ လူ့အခွင့်အရေး ချိုးဖေါက်မှုတွေ ကျူးလွန်တတ်ပါတယ်။ ဒါကြောင့် အ စိုးရအာဏာပိုင်တွေကိုလည်း လူ့အခွင့်အရေးသဘောတရား သိလာအောင် ပညာ ပေးဖို့ လိုအပ်ပါတယ်။ အစိုးရအာဏာပိုင်တွေကို လူ့အခွင့်အရေးပညာပေးခြင်း

ဟာ ပြည်သူတွေရဲ့ အခွင့်အရေးကို လေးစားလိုက်နာတတ်လာစေဖို့ဖြစ်ပြီး၊ ပြည်သူလူထုကို လူ့အခွင့်အရေးပညာပေးခြင်းဟာ ကိုယ့်အခွင့်အရေးကို ကိုယ်သိပြီး၊ ကာကွယ်တတ်ဖို့ ရရှိခံစားလာအောင် တိုက်ပွဲဝင်တတ်ဖို့ ဖြစ်ပါတယ်။မြန်မာနိုင်ငံမှာ အမျိုးသားလူ့အခွင့်အရေးကော်မရှင် တည်ထောင်ပေးမယ်လို့ ပြောတဲ့ ဩစတြေးလျအစိုးရဟာ နအဖ အစိုးရအာဏာပိုင်တွေကို လူ့အခွင့်အရေးသင်တန်းပေးနေပါပြီ။ ပြည်သူလူထုကိုလူ့အခွင့်အရေးသင်တန်းပေးမဲ့စကားကိုတော့ အခုထိ မပြောသေးပါဘူး။

တချို့နိုင်ငံတွေမှာ ဒီကနေ့အထိ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို နိုင်ငံသုံးဘာသာစကားနဲ့ ဘာသာပြန်ဆိုပြီး ပြည်သူလူထု သိရှိနိုင်အောင် ပညာပေးမှုမျိုးမရှိသေးပါဘူး။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းဟာ နိုင်ငံအတွင်းမှာ လူ့အခွင့်အရေးကော်မရှင် ရှိရှိမရှိရှိ ပြည်သူတွေလွတ်လွတ်လပ်လပ် လေ့လာခွင့်ရှိရမဲ့ လူ့အခွင့်အရေးပြဋ္ဌာန်းချက် တွေဖြစ်ပါတယ်။ အဲဒီလူ့ခွင့်အရေးတွေဟာ အနောက်နိုင်ငံတွေရဲ့ အယူအဆတွေဖြစ်တယ်ဆိုပြီး ငြင်းဆန်နေတဲ့နိုင်ငံတွေမှာ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တွေပေါ်လာယင် အစိုးရကခွင့်ပြုမှ လူ့အခွင့်အရေး ပညာပေးလုပ်ငန်း လုပ်ရတဲ့အစဉ်အလာဆိုးကိုတော့ ပယ်ဖျက်ပစ်ဖို့လိုအပ်ပါတယ်။

ဒ့ါအပြင် တချို့နိုင်ငံတွေမှာ လူ့အခွင့်အရေးပညာပေးစာအုပ်တွေအပါအဝင် ပြည်ပကတင်သွင်းလာတဲ့ စာအုပ်စာတမ်းတွေ ဥပဒေအမျိုးမျိုးထုတ်ကာ တရားမဝင်ဘူးလို့ ပိတ်ပင်ထားတာတွေလည်း ရှိနေပါတယ်။ အဲဒီစာအုပ်စာတမ်းတွေကို ဖတ်ရှုသူတွေကိုလည်း လိုယင်လိုသလို၊ မလိုယင် မလိုသလို အပြစ်ပေးအရေးယူတာ တွေလည်းရှိပါတယ်။ လူ့အခွင့်အရေးသဘောတရားပါဝင်တဲ့ စာအုပ်စာတမ်းတွေဟာ အဲဒီလိုမျိုးပိတ်ပင်ခံရတဲ့စာရင်းထဲမှာ မပါဖို့လိုပါတယ်။ ဘာကြောင့်လည်းဆိုတော့ လူ့အခွင့်အရေးလှုပ်ရှားမှုဟာ တကမ္ဘာလုံးအတိုင်းအတာနဲ့ဖြစ်ပေါ်နေတဲ့ လှုပ်ရှားမှုဖြစ်ပြီး၊ ကမ္ဘာ့ကုလသမဂ္ဂက ဦးဆောင်ပြီး လူ့အခွင့်အရေးပညာရေးစာတမ်းတွေကို ဖြန့်ဝေနေလို့ပါပဲ။ လူ့အခွင့်အရေး ပညာပေးစာအုပ်တွေကို တရားမဝင်ဘူးလို့ ပိတ်ပင်လိုက်ယင် စာအုပ်ထုတ်ဝေပေးတဲ့ ကမ္ဘာ့ကုလသမဂ္ဂကို တိုက်ရိုက်စော်ကားသလို ဖြစ်သွားပါလိမ့်မယ်။

လူ့အခွင့်အရေးကိစ္စ ပညာပေးမှုပြုလုပ်ပြီဆိုယင် လူ့အခွင့်အရေးချိုးဖေါက်မှုအကြောင်း ဥပမာ ပေးတာတွေ မဖြစ်မနေပါဝင်လာပါလိမ့်မယ်။ လူ့အခွင့်အရေး ချိုးဖေါက်မှုတွေရှိလို့ လူ့အခွင့်အရေး ကာကွယ်ဖို့လိုတယ်ဆိုတဲ့ သဘောတရားကို လူ့အခွင်အရေးချိုးဖေါက်တွေက သင်ခန်းစာတွေအဖြစ် လူ့အခွင့်အရေး ပညာပေးမှုမှာ ပိုမိုထိရောက်နေလို့ပါပဲ။ ဥပမာ ဒီကနေ့ လူ့အခွင့်အရေးလှုပ်ရှားမှုမှာ အများဆုံး ဥပမာပေးခံရတဲ့ နမူနာတွေထဲမှာ ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဂျာမန်တွေ ဂျူးလူမျိုးတွေအပေါ် ကျူးလွန်ခဲ့တဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုတွေဟာ မပါမပြီး ဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်းမှာ ဖေါ်ပြထားတဲ့ လူ့အခွင့်အရေးတွေဟာ အများအားဖြင့် ဖက်ဆစ်ဂျာမန်တွေရဲ့ ရက်ရက်စက်စက် လူ့အခွင့်အရေးချိုးဖေါက်မှုတွေအပေါ်အခြေခံပြီး ဖြစ်လာရပါတယ်။ ဥပမာ ဒုတိယ

ကမ္ဘာစစ်အတွင်း ဂျူးလူမျိုးတွေကို ဖက်ဆစ်ဂျာမန်တွေက အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့တာကို အကြောင်းပြုပြီး နောက်ဘယ်သူ့ကိုမှ အဲဒါမျိုး သတ်ဖြတ်ခြင်း မပြုနိုင်အောင် လူ့အခွင့်အရေး ကြေညာစာတမ်းအပိုဒ်(၃)မှာ အသက်ရှင်ရပ်တည် ခွင့်ဆိုတာကို ထည့်သွင်းဖော်ပြလာခြင်းဖြစ်ပါတယ်။ ဒါကြောင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပါ လူ့အခွင့်အရေးတွေအကြောင်း ပညာပေးဆွေး နွေးပြီဆိုယင် ဂျာမန်တွေရဲ့ ရက်စက်မှုက မပါမပြီးဖြစ်နေတာ တွေ့ရပါ လိမ့်မယ်။

သက်ဆိုင်ရာ နိုင်ငံတခုမှာ လူ့အခွင့်အရေးကိစ္စ ပညာပေးရေးလုပ်ငန်းလုပ် တော့မယ်ဆိုယင် ဒေသခံပြည်သူလူထု နားလည်လွယ်အောင် ပြည်တွင်းဖြစ် လူ့အ ခွင့်အရေးချိုးဖောက်မှု ဥပမာပေးပြီး ရှင်းပြရတာဟာ ရှောင်လွှဲလို့မရတဲ့ ကိစ္စဖြစ် လာနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ခလေးအခွင့်အရေးနဲ့ အမျိုးသမီးအခွင့်အရေးအ ကြောင်း ပညာပေးဆွေးနွေးတော့မယ်ဆိုယင် ပြည်တွင်းဖြစ်ဥပမာတွေဟာ ထုနဲ့ ဒေးပါပဲ။ အဲဒါမျိုးလုပ်တာကို အစိုးရက ငါတို့သိက္ခာချနေတာပဲ ယူဆပြီးကန့်သတ် ချက် လုပ်ဖို့မသင့်ပါဘူး။ တကမ္ဘာလုံးမှာ ဖက်ဆစ်ဂျာမန်တွေ ကျူးလွန်ခဲ့တဲ့ လူ့အ ခွင့်အရေးချိုးဖောက်မှုတွေကို ဥပမာပေးဆွေးနွေးနေကြတာဟာ ဂျမန်တွေကို သိက္ခာ ချတာပဲလို့ ဂျာမန်ပြည်သူတွေနဲ့ ဂျာမန်အစိုးရ မကန့်ကွက်ပါဘူး။ လူ့အခွင့်အရေး ပညာပေးလုပ်ငန်းတကယ်လုပ်တော့မယ်ဆိုယင် ပေးလာကြမဲ့ လူ့အခွင့်အ ရေးချိုး ဖေါက်မှု ဥပမာတွေနဲ့ပတ်သက်လို့ သက်ဆိုင်သူတွေက အမှန်အတိုင်း လက်ခံကြဖို့ လိုပါတယ်။

## အပြည်ပြည်မှ လူ့အခွင့်အရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

ဒီကနေ့ ကမ္ဘာမှာ ဖြစ်ပေါ်နေတဲ့လူ့အခွင့်အရေးလှုပ်ရှားမှုတွေဟာ နိုင်ငံတွေရဲ့ နယ်နမိတ်ကိုကျော်ဖြတ်ပြီး အခြားနိုင်ငံတွေကိုပါ ကူးစက်ပြန့်ပွါးနေတာ တွေ့ရပါ တယ်။ အာဖရိကတိုက် ဆီရီယာလာ ယွန်းနိုင်ငံမှာဖြစ်နေတဲ့ လူ့အခွင့်အရေးချိုး ဖေါက်မှုတွေကို တကမ္ဘာလုံးက တာဝန်တရပ်အနေနဲ့ အလေးအနက် စောင့်ကြည် အကဲခတ်ကာ လိုအပ်တဲ့ အရေးယူမှုတွေလုပ်နေသလို၊ ကမ္ဘာနဲ့အဆက်ဖြတ်ပြီး ပြည်သူတွေကို ထင်ရာစိုင်းလုပ်နေတဲ့ မြန်မာစစ်အစိုးရရဲ့ လူ့အခွင့်အရေးချိုးဖေါက် မှု တွေကိုလည်း တကမ္ဘာလုံးက နေ့စဉ်နဲ့အမျှအကဲခတ်နေကြပါတယ်။ ဒါဟာ လူ့ အခွင့်အရေးဆိုတာ လူသားတွေနဲ့ သက်ဆိုင်တဲ့အခွင့်အရေးဖြစ်ပြီး နိုင်ငံတခုက အချုပ်အခြာအာဏာဆိုတဲ့ ဘာလုပ်လုပ် တခြားနိုင်ငံတွေက မျက်စိမှိတ်လက်ခံ ပေးရမဲ့ ဖိနှိပ်မှုလိုင်စင်ကို ဖယ်ရှားပစ်မဲ့ အတွေးအခေါ်လက်နက်ကို လူ့အခွင့်အ ရေးလှုပ်ရှားမှုမှာ တပ်ဆင်ထားလို့ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတခုမှာ လူ့အခွင့်အရေးကို တကယ်ထိထိရောက်ရောက် ကာ ကွယ်မြှင့်တင်ရေးလုပ်နိုင်ဖို့အတွက် အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဟာ ကမ္ဘာ့ ကုလသမဂ္ဂလူ့အခွင့်အရေး ကော်မရှင်နဲ့ အခြားအာဏာပိုင်အဖွဲ့တွေ၊ ဒေ သဆိုင်ရာအဖွဲ့တွေ၊ အခြားနိုင်ငံတွေက အမျိုးသားလူ့ အခွင့်အရေးကော်မရှင်တွေ နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်လာပါလိမ့်မယ်။ အာရှပစိဖိတ်ဒေသ နိုင်ငံတွေက အမျိုးသားလူ့အခွင့်အရေးကော်မရှင်တွေဟာ အာရှပစိဖိတ်လူ့အခွင့်အရေး

ကော်မရှင်များညွန့်ပေါင်းအဖွဲ့ (Asia Pacific Forum of National Human Rights Institutions- AFP) ကို ဖွဲ့စည်းထားပြီး လူ့အခွင့်အရေးကိစ္စတွေမှာ ပူးပေါင်းဆောင်ရွက်နေတာ တွေ့ရပါတယ်။ ကမ္ဘာ့အခြားအရပ်ဒေသတွေ– ဥပမာ ဥရောပ၊ အမေရိက၊ အာဖရိက ဒေသကြီးတွေမှာ ဒေသလုံးဆိုင်ရာလူ့အခွင့်အရေးကော်မရှင်နဲ့ ဒေသလုံးဆိုင်ရာ လူ့အခွင့်ရေးသဘောတူစာချုပ်တွေသီးသန့် ရှိနေချိန်မှာ အာရှဒေသမှာ ဒေသလုံးဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်နဲ့ အာရှဒေသလူ့အခွင့်အရေးသဘောတူစာချုပ်မရှိသေးဘူး။ ဒေသလူ့အခွင့်အရေးကော်မရှင်တွေဟာ ဒေသခုလုံးမှာလူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးအတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်တွေချမှတ်ပြီး လုပ်ဆောင်ကြပါတယ်။ နိုင်ငံအသီးသီးက အမျိုးသားလူ့အခွင့်အရေးကော် မရှင်တွေဟာ ဒေသလူ့အခွင့်အရေးကော်မရှင်တွေနဲ့ပူးပေါင်းပြီး မိမိနိုင်ငံရော ဒေသတခုတခုလုံးပါ လူ့အခွင့်အရေးကာကွယ်မြှင့်တင်မှုမှာ ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်ပါတယ်။ မိမိနိုင်ငံမှာ ဆိုးဝါးနေတဲ့ လူ့အခွင့်အရေးအခြေအနေတွေကို နိုင်ငံတကာကဝေဖန်တာကို အကာအကွယ်ပေးနိုင်အောင် ဒေသလူ့ အခွင့်အရေးကော်မရှင်ရဲ့ အကူအညီကိုရယူလိုတဲ့ရည်ရွယ်ချက်နဲ့ အမျိုးသားလူ့အခွင့် အရေးကော်မရှင်တွေက လုပ်လာယင်တော့ ဒေသအတွင်းက လူ့အခွင့်အရေးကော်မရှင်နဲ့ လူ့အခွင့်အရေးကိစ္စမှာပူးပေါင်းဆောင်ရွက်ရာ မရောက်တော့ပဲ မိမိအရေးအတွက် သူများကိုအသုံးချတဲ့ သဘောဖြစ်သွားပါလိမ့်မယ်။ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်မှာ အဖွဲ့ဝင်အဖြစ် ကျိုးပမ်းပြီး မိမိနိုင်ငံလူ့အခွင့်အရေးကိုဝေဖန်တဲ့ ဆုံးဖြတ်ချက်တွေမချမှတ်နိုင်အောင် တားဆီးနေတဲ့ နိုင်ငံတချို့ကို အထင်အရှားတွေ့ရတဲ့အတွက် အမျိုးသားလူ့အခွင့်အရေးကော်မရှင်တွေဟာလည်း ဒေသလုံးဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်မှာ အဲဒါမျိုးမလုပ်ဖူးလို့မပြောနိုင်ပါဘူး။ ဒေသလုံးဆိုင်ရာလူ့အခွင့်အရေးကော်မရှင်မှာ ပူးပေါင်းဆောင်ရွက်တာဟာ လူသားတွေရဲ့အခွင့်အရေးကို တကယ်ကာကွယ် မြှင့်တင်လို့တဲ့ ရည်ရွယ်ချက် သန့်သန့်နဲ့ လုပ်ဖို့လိုအပ်ပါတယ်။

## (၃) လူ့အခွင့်အရေးကော်မရှင် လက်တွေ့ လုပ်ငန်းလည်ပတ်မှုနည်းနာများ

လူ့အခွင့်အရေးကော်မရှင်က ပြည်သူလူထု လူ့အခွင့်အရေးချိုးဖေါက်ခံရမှုကို အမှန်တကယ် စုံစမ်းဖေါ်ထုတ်ပေးနိုင်ဖို့နဲ့ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးကို ထိထိရောက်ရောက် လုပ်ဆောင်ပေးနိုင်ဖို့အတွက် လိုအပ်တဲ့အရေးကြီးအချက်တွေထဲမှာ သာမန်အောက်ခြေလူတန်းစား ပြည်သူတိုင်း လူ့အခွင့်အရေးကော်မရှင်ဆီကို လွယ်လင့်တကူအခက်အခဲမရှိ ဝင်ထွက်သွားလာ ဆက်ဆံနိုင်ခွင့် ရဖို့လိုအပ်ပါတယ်။ လူ့အခွင့်အရေးကော်မရှင်တရပ် ထိထိရောက်လုပ်ငန်းဆောင်ရွက်နိုင်ရေးမှာ အောက်မှာ ဆက်လက်ဖေါ်ပြမဲ့ လုပ်ဟန်တွေကို အနည်းဆုံး ကျင့်သုံးနိုင်ဖို့ လိုအပ်ပါတယ်။

## လူထုနှင့်ထိစပ်ခြင်း

လူ့အခွင့်အရေးကော်မရှင်ရဲ့ ရည်ရွယ်ချက်တွေကကောင်းပါလျက်နဲ့ တကယ့်လူ့အခွင့်အရေးချိုးဖေါက်မှုကို ခံစားရနေတဲ့ သာမန်အောက်ခြေလူတန်းစား ပြည်သူတိုင်းက လွယ်လင့်တကူ ဆက်ဆံမှု မလုပ်နိုင်ဘူးဆိုယင် လူထုအဖို့ ပေးကားပေး၏–မရဆိုတဲ့ စကားပုံလို ဖြစ်နေမှာပါ။ အောက်ခြေပြည်သူလူထု တရပ်လုံး လူ့အခွင့်အရေးကော်မရှင်ကို လွတ်လွတ်လပ်လပ် အလွယ်တကူ ထိတွေ့ဆက်ဆံနိုင်အောင် ကျေးလက်ဒေသတွေအထိ လူ့အခွင့်အရေးကော်မရှင်ရုံးခန်းတွေ ဖွင့်လှစ်ထားဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် လူ့အခွင့်အရေးကော်မရှင်နဲ့ ထိတွေ့ပြီး လူ့အခွင့်အရေးချိုးဖေါက်မှုပြသနာ တွေဆွေးနွေးတိုင်ပင်တဲ့ ပြည်သူတွေကို အစိုးရအာဏာပိုင်တွေက ဟန့်တားတာမျိုးတွေ၊ အန္တရယ်ပြုတာမျိုးတွေ မလုပ်ဖို့လည်း လိုအပ်ပါတယ်။ တချို့နိုင်ငံတွေမှာ နိုင်ငံတကာမျက်နှာပန်းလှဖို့ ကမ္ဘာမှာခေတ်စားနေတဲ့ ယန္တယားတွေကိုဟန်ပြမျှလုပ်ပြထားပြီး အခြားတဖက်မှာတော့ အဲဒီယန္တယားတွေ မလည်ပတ်နိုင်အောင် ကန့်သတ်မှုတွေ လုပ်ထားတတ်ပါတယ်။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို မျက်နှာပန်းလှစေဖို့သက်သက်တည်ထောင်ထားပြီး လူထုနဲ့အဆက်ဖြတ်ထားတာဟာလည်း အဲဒါမျိုးလုပ်ဟန်တခု ဖြစ်ပါတယ်။ လူ့အခွင့်အရေးကို ထိထိရောက်ရောက် ကာကွယ်မြှင့်တင်ပေးမဲ့ လူ့အခွင့်အရေးကော်မရှင်တည်ထောင်မယ်လို့ စိတ်ပိုင်းဖြတ်ထားယင် အဲဒါမျိုးလုပ်ရပ်မှန်သမျှကို ဖယ်ရှားပစ်ဖို့ လိုပါတယ်။

## တသီးပုဂ္ဂလအဖွဲ့များနှင့် လက်တွဲဆောင်ရွက်ခြင်း

လူထုနဲ့ ထိတွေနီးစပ်ရေးမှာ လူထုအတွက် ဆောင်ရွက်နေတဲ့ (Non-Governmental Organization) လို့ခေါ်တဲ့ စိုးရနဲ့မပတ်သက်တဲ့ တသီးပုဂ္ဂလအဖွဲ့အစည်းတွေနဲ့ ထိတွေ့ဆက်ဆံ အလုပ်လုပ်ခြင်းဟာ ထိရောက်မှုများစွာရှိပါတယ်။ တသီးပုဂ္ဂလအဖွဲ့အစည်းတွေဟာ အစိုးရအာဏာပိုင်တွေရဲ့လုပ်ရပ်ကြောင့် လူ့အခွင့်အရေးချိုးဖေါက်ခံရတဲ့ ပြည်သူတွေနဲ့အနီးကပ်ဆုံး ရပ်တည်ဆောင်ရွက်နေတဲ့ အဖွဲ့တွေဖြစ်လို့ပါပဲ။ တသီးပုဂ္ဂအဖွဲ့အတော်တွေဟာ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးကိစ္စမှာ အစိုးရတွေထက် ထိထိရောက်ရောက်လုပ်နိုင်တဲ့ ကမ္ဘာ့သမိုင်းအတွေ့အကြုံတွေကလည်းရှိထားပါတယ်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုနိုင်ခြင်းအပါအဝင် ကမ္ဘာ့လူ့အခွင့်အရေးလှုပ်ရှားမှုဟာ တသီးပုဂ္ဂလအဖွဲ့တွေရဲ့ စေ့ဆောင်မှုနဲ့လုပ်အားမပါပဲ ဖြစ်လာမှာမဟုတ်ဘူးလို့ လူ့အခွင့်အရေးလှုပ်ရှားမှု သမိုင်းမှတ်တမ်းမှာကဗ္ဗည်းထိုးထားပြီးဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတခုအတွင်းမှာ အမျိုးသားလူ့အခွင့်အရေးကော်မရှင်လုပ်ငန်းလည်ပတ်ယင်လည်း တသီးပုဂ္ဂလအဖွဲ့အစည်းတွေနဲ့ တွဲလုပ်တာဟာ အထိရောက်ဆုံးဖြစ်တယ်ဆိုတာ အငြင်းပွါးဖွယ်မရှိပါဘူး။ မော်ရိုကိုနိုင်ငံမှာ ၂၀၀၀ပြည့်နှစ် ဧပြီလ (၁၃)ရက် ကနေ(၁၅)ရက်အထိ မော်ရိုကိုဘုရင်မင်းမြတ်နဲ့ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးမဟာမင်းကြီးတို့ ပူးပေါင်းပြီးကျင်းပခဲ့တဲ့ ကမ္ဘာ့လုံးဆိုင်ရာအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွေရဲ့ အလုပ်ရုံဆွေးနွေးပွဲ ဆုံးဖြတ်ချက်မှာ တသီးပုဂ္ဂလအ

ဖွဲ့အစည်းတွေနဲ့ပူးတွဲ လုပ်ငန်းဆောင်ရွက်ဖို့ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်တွေကို တိုက်တွန်းထား တွေ့ရပါတယ်။

## ဥပဒေစိုးမိုးရေးရှိသော လူ့အဖွဲ့အစည်း

လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးလုပ်ငန်းလုပ်တဲ့အခါ တိုင်းပြည်အတွင်းက တရားစီရင်ရေးစနစ်ကို အဓိက မှီခိုအားထား လုပ်သွားရပါတယ်။ လူ့အခွင့်အရေးချိုးဖေါက်ရာ ရောက်မရောက် အငြင်းပွါးတာကစလို့ လူ့အခွင့်အရေးချိုးဖေါက်ခံရလို့ နစ်နာတဲ့အတွက် ဘယ်လိုကုစားပေးရမလဲ ဆုံးဖြတ်တဲ့အထိ တရားစီရင်ရေးဌာနရဲ့ ပတ်သက်မှုတွေလိုပါတယ်။ လူ့အခွင့်အရေးကော်မရှင်ဟာ တရားစီရင်ရေးအာဏာကျင့်သုံးနိုင်တဲ့ အာဏာပိုင်အဖွဲ့မဟုတ်ပဲ လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို စုံစမ်းဖေါ်ထုတ်တဲ့ အာဏာပိုင်အဖွဲ့သာ ဖြစ်ပါတယ်။ တွေ့ရှိတဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုတွေနဲ့ပတ်သက်လို့ ဆက်လက်အရေးယူဆောင်ရွက်ရေးဟာ တရားစီရင်ရေးဌာနရဲ့ တာဝန်ဖြစ်လာပါတယ်။ လူ့အခွင့်အရေးကော်မရှင်ကတော့ လူ့အခွင့်အရေးချိုးဖေါက်မှုတွေ စုံစမ်းဖေါ်ထုတ်တာ တာဝန်ဝန်ကျေပါလျက် တရားစီရင်ရေးအပိုင်းမှာ တာဝန်ပျက်ကွက်နေယင်လည်း အဲဒီလူ့အခွင့်အရေး ချိုးဖေါက်မှုကျူးလွန်သူတွေကို အရေးယူခြင်းမပြုနိုင်သလို နစ်နာသူတွေအတွက်လည်း ကုစားနိုင်မဲ့နည်းလမ်း ပျောက်သွားပါတယ်။ ဒါကြောင့် လူ့အခွင့်အရေးကော်မရှင် တာဝန်ကျေဖို့ လိုသလို ထိထိရောက်ရောက်တရားစီရင်နိုင်တဲ့ တရားရေးဌာနတွေနဲ့ ဥပဒေတွေလည်း လိုအပ်ပါတယ်။ အဲဒီတရားရေးဌာနနဲ့ ဥပဒေစနစ်ဟာ လူ့အခွင့်အရေးချိုးဖေါက်သူ ဘယ်သူ့ကိုမဆို စစ်ဆေးတရားစီရင်နိုင်တဲ့ အာဏာရှိဖို့လိုပါတယ်။ အားလုံးဟာ ဥပဒေရှေ့မှောက်မှာ တပြေးညီ တန်းညီတူ အခွင့်အရေးနဲ့တာဝန်ခံမှုရှိရပ့ါမယ်။ အစိုးရ အာဏာပိုင်များအားလုံးဟာလည်း တခြားနိုင်ငံသားတွေလိုပဲ ဥပဒေရှေ့မှောက်မှာ တန်းတူညီတူရှိရပ့ါမယ်။ တနည်းအားဖြင့် တရားဥပဒေစိုးမိုးရေး ရှိရပါမယ်။ ဥပဒေစိုးမိုးရေးရဲ့ အတိုချုပ်အဓိပ္ပါယ်ဖွင့်ဆို ချက်ကတော့ အစိုးရအာဏာပိုင်အားလုံးဟာ မိမိတို့လုပ်ရပ်တိုင်းအတွက် တာဝန်ခံမှုရှိရမှာ ဖြစ်ပြီး၊ ဥပဒေရဲ့ အုပ်ချုပ်မှုကို ခံယူရေးပဲဖြစ်ပါတယ်။ တခြားသာမန်ပြည်သူတွေအတွက်က ဥပဒေတမျိုး အစိုးရအာဏာပိုင်တွေအတွက်ကဥပဒေတမျိုး ဖြစ်လို့မရပါဘူး။ တရားဥပဒေတွေနဲ့ တရားစီရင်ရေးစနစ် ရှိယုံနဲ့ တရားဥပဒေစိုးမိုးရေး ရရှိတာမဟုတ်ပါဘူး။ မတရားတဲ့ဥပဒေတွေနဲ့ နိုင်ငံရေးအရလွှမ်းမိုးတဲ့ တရားစီရင်ရေးစနစ်ဖြစ်ယင် အဲဒီဥပဒေတွေနဲ့ တရားစီရင်ရေးစနစ်ဟာ တရားဥပဒေစိုးမိုးရေးကို အထောက်အကူ မဖြစ်တဲ့အပြင် ဆန့်ကျင်ဘက်အရာတွေအနေနဲ့တောင် ရောက်သွားတတ်ပါတယ်။ ပြည်သူတွေက မတရားတဲ့ဥပဒေတွေကို လိုက်နာနေရပြီး တုံးအောက်ဖါးလို ပြားပြားဝပ်နေရတာဟာလည်း တရားဥပဒေစိုးမိုးရေးမဟုတ်ပါဘူး။ ကြောက်ရွံ့ ငြိမ်ဝပ်ပိပြားမှုစိုးမိုးရေးပဲ ဖြစ်ပါတယ်။ လူတိုင်း ဥပဒေရဲ့တန်ဖိုးကို လက်ခံအသိအမှတ်ပြုပြီး အားလုံးဟာလည်း ဥပဒေအောက်မှာ တန်းတူညီတူ အခွင့်အရေးနဲ့တာဝန်ခံမှု ရှိနေမှ စစ်မှန်တဲ့ တရားဥပဒေစိုးမိုးရေး ရနိုင်ပါတယ်။

တရားဥပဒေစိုးမိုးတဲ့ တရားစီရင်ရေးစနစ်မရှိဘူးဆိုယင် ပြည်တွင်းလူ့အခွင့်

အရေးချိုးဖေါက်မှုတွေမှာ နိုင်ငံတကာက ဝင်ရောက်ကိုင်တွယ်ဖြေရှင်းတာတွေ ဖြစ်လာနိုင်ပါတယ်။ ဒီလိုမျိုးသာဓကတွေ ကမ္ဘာမှာအမြောက်အများရှိခဲ့ပြီးဖြစ်ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံက ပြည်သူနှစ်သန်း သတ်ဖြတ်မှုမှာ တာဝန်ရှိတဲ့ ခမာနီခေါင်းဆောင်တွေကို တရားစီရင်ဖို့ ကမ္ဘောဒီးယား တရားဥပဒေစနစ်က မစွမ်းဆောင်နိုင်တဲ့အခါ ကုလသမဂ္ဂဦးဆောင်ပြီး အပြည်ပြည်ဆိုင်ရာက ဝင်ရောက်ကိုင်တွယ်ဖြေရှင်းနေရတာ အားလုံးအသိပါပဲ။ ကမ္ဘောဒီးယားနိုင်ငံမှာအပြစ်ကျူးလွန်သူတွေဟာ ပုံစံတမျိုးမဟုတ်တမျိုးနဲ့ ကင်းလွတ်ခွင့်ရနေတတ်ကြပါတယ်။ ဆိုလိုတာက ကမ္ဘောဒီးယားတရားဥပဒေစနစ်ဟာ လူ့အခွင့်အရေးချိုးဖေါက်သူတွေကို အရေးယူနိုင်လောက်အောင် အင်အားမရှိပါဘူး။ အထူးသဖြင့် အစိုးရအာဏာပိုင်တွေ ကျူးလွန်တဲ့အမှုတွေမှာ အရေးယူနိုင်မှု ပိုလို့မရှိပါဘူး။ ဒါဟာ တရားဥပဒေစိုးမိုးရေးကင်မဲ့ခြင်းပါပဲ။ ဒါကြောင့်ခမာနီခေါင်းဆောင်တွေကို တရားစီရင်တဲ့အခါ ကမ္ဘောဒီးယား တရားရေးစနစ်ကို ကမ္ဘာက အယုံအကြည်မရှိတဲ့အတွက် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာက အဲဒီတရားစီရင်ရေးမှာ ပါဝင်ပတ်သက်ဖို့ တောင်းဆိုရတာပါ။

ပြည်တွင်းမှာ တရားဥပဒေစိုးမိုးရေး တကယ်ကျင့်သုံးနိုင်တဲ့ တရားဥပဒေစနစ်မရှိဘူးဆိုယင် ပြည်ပစွက်ဖက်မှုတွေ ဝင်လာနိုင်ပါတယ်။ ပြည်ပကဝင် ရောက်စွက်ဖက်တာကို မခံချင်ဘူးဆိုယင် ပြည်တွင်းလူ့အခွင့်အရေးချိုးဖေါက်မှုကို ထိထိရောက်ရောက် ကိုင်တွယ်ပေးနိုင်မဲ့ တရားဥပဒေစိုးမိုးမှုရှိတဲ့ တရားစီရင်ရေးစနစ် လိုအပ်ပါတယ်။ အဲဒီစနစ်အောက်မှာ လူ့အခွင့်အရေးကော်မရှင် လည်ပတ်မှသာ လူ့ခွင့်အရေးကာကွယ်မြှင့်တင်ခြင်းကို တကယ်လုပ်ဆောင်နိုင်ပါတယ်။

## (၄) လူ့အခွင့်အရေးကော်မရှင်ရဲ့ လွတ်လပ်မှု

လူ့အခွင့်အရေးကော်မရှင်တရပ် ထိထိရောက်ရောက် လုပ်ငန်းဆောင်ရွက်ရေးဟာ အဲဒီလူ့အခွင့်အရေးကော်မရှင် လွတ်လပ်မှု ဘယ်လောက်ရှိသလဲဆိုတဲ့အပေါ်မှာ များစွာမူတည်ပါတယ်။

လူ့အခွင့်အရေးကော်မရှင်ရဲ့လွတ်လပ်မှုနဲ့ပတ်သက်လို့ ပဲရစ်စံသတ်မှတ်ချက်ထဲမှာ အလွန်အရေးကြီးတဲ့စံအဖြစ် ဖေါ်ပြထားပါတယ်။ လွတ်လပ်မှုဆိုတဲ့နေရာမှာ လူ့အခွင့်အရေးကော်မရှင်တွေဟာ မိမိတို့လုပ်ငန်းတာဝန်ကို ဆောင်ရွက်တဲ့နေရာမှာ အစိုးရ၊ စစ်တပ်၊ နိုင်ငံရေးပါတီတခုခု၊ အဖွဲ့အစည်းတခုခု၊ လူပုဂ္ဂိုလ်စတာတွေရဲ့ စွက်ဖက်မှုလည်းမရှိ၊ အဲဒါတွေရဲ့ စိတ်နေသဘောထားကိုလည်း ငဲ့နေစရာမလိုပဲ လွတ်လပ်စွာ လုပ်ငန်းဆောင်ရွက်နိုင်မှုရှိတဲ့အခြေအနေကို ဆိုလိုတာဖြစ်ပါတယ်။ အများအားဖြင့် ကမ္ဘာ့နိုင်ငံတွေမှာ– အထူးသဖြင့် စစ်အစိုးရအုပ်ချုပ်တဲ့နိုင်ငံ၊ အာဏာရှင်နိုင်ငံတွေမှာ လူ့အခွင့်အရေး အများဆုံးချိုးဖေါက်သူတွေဟာ အစိုးရကိုယ်တိုင်ဖြစ်တဲ့အတွက် အစိုးရသြဇာလွှမ်းမိုးမှုမရှိပဲ လူ့အခွင့်အရေးကော်မရှင်က လုပ်ငန်းဆောင်ရွက်နိုင်ပါမှ ပြည်သူတွေတွက် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးကို လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

လူ့အခွင့်အရေးကော်မရှင်တရပ် လွတ်လပ်မှုရှိရေးနဲ့ပတ်သက်လို့ တိုင်းတာနိုင်တဲ့ စံသတ်မှတ်ချက်တချို့ကို ဆက်လက်တင်ပြပါမယ်။

**ပထမအချက်က** လူ့အခွင့်အရေးကော်မရှင်ရဲ့ လုပ်ပိုင်ခွင့်တွေကို ဥပဒေပြဌာန်းထားပြီး အဲဒီဥပဒေပြဌာန်းချက်များအတိုင်း လုပ်ပိုင်ခွင့်ရှိရေးဖြစ်ပါတယ်။ ဥပဒေမရှိပဲ လူ့အခွင့်အရေးကော်မရှင် တည်ထောင်ထားတယ်ဆိုယင် လူ့အခွင့်အရေးကော်မရှင်ရဲ့ လုပ်ပိုင်ခွင့်တွေကို အစိုးရဒါမှမဟုတ် အခြားအာဏာပိုင်အဖွဲ့တွေက ဝင်ရောက်စွက်ဖက်နိုင်တဲ့အတွက် လူ့အခွင့်အရေးကော်မရှင်ရဲ့ လွတ်လပ်မှု ထိခိုက်ပါတယ်။

**ဒုတိယအချက်အနေနဲ့** ဘဏ္ဍာငွေသုံးစွဲမှု လွတ်လပ်ခွင့်ရှိဖို့လိုအပ်ပါတယ်။ လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်တွေအတွက် လစာငွေအပါအဝင် လူ့အခွင့်အရေးကော်မရှင်တွေ နှစ်စဉ်အသုံးပြုနိုင်တဲ့ငွေကြေးကို နိုင်ငံတော်ရဲ့ ဥပဒေပြုပါလီမန်က ဥပဒေနဲ့ရေးဆွဲပြဌာန်းပြီး သတ်မှတ်ပေးဖို့လိုပါတယ်။ အစိုးရက ခွဲတမ်းချပေးတာမျိုး မဖြစ်သင့်ပါဘူး။ အစိုးရက ခွဲတမ်းချပေးတာမျိုးဖြစ်ယင် အစိုးရတွေဟာ လူ့အခွင့်အရေးကော်မရှင် အလုပ်မလုပ်နိုင်အောင် ငွေကြေးကိုဖြတ်တောက်တာတွေ၊ ငွေကြေးထောက်ပံ့မှုကြောင့်ဖြစ်ရတဲ့ လွှမ်းမိုးမှုတွေမျိုး ဖြစ်လာနိုင်တဲ့အတွက် ပါလီမန်က ဥပဒေပြဌာန်းပြီး သတ်မှတ်ဖို့ လိုအပ်ခြင်းဖြစ်ပါတယ်။ ပါလီမန်ပြဌာန်းဥပဒေအရ လူ့အခွင့်အရေးကော်မရှင်တွေမှာ သတ်သတ်မှတ်မှတ် ဘတ်ဂျက်ငွေရှိယင် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးအတွက် တနှစ်တာ လုပ်ငန်းစဉ်တွေကို လူ့အခွင့်အရေးကော်မရှင်က လွတ်လပ်စွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

**တတိယအချက်အနေနဲ့** လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်တွေနဲ့ လူ့အခွင့်အရေးကော်မရှင်ရဲ့ ထိပ်တန်း ဝန်ထမ်းတွေခန့်အပ်တဲ့နေရာမှာ နိုင်ငံရေးသြဇာလွှမ်းမိုးမှုမရှိပဲ လွတ်လပ်ဖို့ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတွေရဲ့အတွေ့အကြုံအရ ရာထူးခန့်အပ်မှုတွေမှာ ခန့်အပ်သူတွေက ခန့်အပ်ခံရသူတွေကို သြဇာလွှမ်းမိုးတာမျိုးတွေ တွေ့ရပါတယ်။ တရားစီရင်ရေးနဲ့၊ လူ့အခွင့်အရေးကော်မရှင်တွေဟာ ခန့်အပ်သူတွေရဲ့အကျိုးစီးပွါးကို ကာကွယ်ဖို့မဟုတ်ပဲ ပြည်သူလူထုတရပ်လုံးရဲ့ လူ့အခွင့်အရေးကို ကာကွယ်ပေးရတဲ့ တာဝန်ရှိတဲ့အတွက် အဲဒီခန့်အပ်မှုတွေမှာ ခန့်အပ်သူတွေက သြဇာလွှမ်းမိုးလို့မရတဲ့ နည်းလမ်းကို ကျင့်သုံးရေးဟာ အလွန်အရေးကြီးပါတယ်။ တနည်းအားဖြင့် လူ့အခွင့်အရေးကော်မရှင်မှာ တာဝန်ထမ်းဆောင်ဖို့ ခန့်အပ်ခံရသူတွေဟာ ခန့်အပ်သူတွေကို ငဲ့ကွက်စရာမလိုပဲ၊ ခန့်အပ်သူတွေက လူ့အခွင့်အရေးချိုးဖေါက်နေယင် ချိုးဖေါက်နေတဲ့အတိုင်း ပြောနိုင်မဲ့ လွတ်လပ်မှုမျိုး ဖြစ်ဖို့လိုအပ်ပါ တယ်။

လူ့အခွင့်အရေးကော်မရှင်ခန့်အပ်ရေးနဲ့ပတ်သက်လို့ ထိုင်းနိုင်ငံအတွေ့အကြုံကို တင်ပြလိုပါတယ်။ ထိုင်းနိုင်ငံလူ့အခွင့်အရေးကော်မရှင်တည်ထောင်ရေးနဲ့ ပတ်သက်လို့ ၁၉၉၇ခုနှစ်မှာအတည်ပြုတဲ့ အခြေခံဥပဒေမှာ ပြဌာန်းထားပါတယ်။ အသေးစိတ်ကိစ္စတွေကိုတော့ ပါလီမန်က သီးသန့်ဥပဒေတရပ်ပြဌာန်းပါတယ်။ ထိုင်းလူ့အခွင့်အရေးကော်မရှင်မှာအဖွဲ့ဝင်(၁၁)ဦးပါဝင်ပါတယ်။ တက္ကသိုလ်ပါမောက္ခတွေ၊ တသီးပုဂ္ဂလအဖွဲ့ကိုယ်

စားလှယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ လူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်လောင်းရွေးချယ်ရေးအဖွဲ့က ကိုယ်စားလှယ်လောင်း (၂၂)ဦးကို သင့်တော်တဲ့နိုင်ငံသား တတ်သိပညာ ရှင်တွေထဲက ရွေးချယ်တင်ပြရပါတယ်။ အဲဒီ (၂၂)ဦးထဲက (၁၁)ဦးကို လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်တွေအဖြစ် ထိုင်းပါလီမန် အထက်လွှတ်တော် ဆီးနိတ်က မဲပေးရွေးချယ်ပြီး ထိုင်းဘုရင်မင်းမြတ်က ခန့်အပ်ပါတယ်။ ထိုင်းလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ရွေးချယ်ခန့်အပ်မှုဖြစ်စဉ်မှာ အစိုးရ၊ စစ်တပ်၊ နိုင်ငံရေးပါတီ၊ လူပုဂ္ဂိုလ်စတာတွေက ဩဇာလွှမ်းမိုးလို့မရတာကို အထင်အရှားတွေ့နိုင်ပါတယ်။ အဲဒီနည်းနဲ့ ဖွဲ့စည်းထားတဲ့ လူ့အခွင့်အရေးကော်မရှင်မျိုးကသာ လူ့အခွင့်အရေး အများဆုံးချိုးဖေါက်တဲ့ အစိုးရနဲ့ စစ်တပ်တွေရဲ့ လုပ်ရပ်တွေကို လွတ်လွတ်လပ်လပ် ဖေါ်ထုတ်နိုင်မှာဖြစ်ပါတယ်။ မှတ်သားစရာကောင်းတဲ့အချက်က ပြည်သူလူထုဘက်က ရပ်တည်တဲ့ တတ်သိပညာရှင်တွေနဲ့ NGO တသီးပုဂ္ဂလ အဖွဲ့တွေကို လုပ်ပိုင်ခွင့်ပေးထားတဲ့ အချက်ပဲဖြစ်ပါတယ်။

## (၅) လူ့အခွင့်အရေးကော်မရှင်၏ ဖွဲ့စည်းပုံ

လူ့အခွင့်အရေးကော်မရှင်ကိုဖွဲ့စည်းတဲ့အခါ သက်ဆိုင်ရာနိုင်ငံရဲ့ လူ့အဖွဲ့အစည်းရှိ လူတန်စား အားလုံးကို ထင်ဟပ်နိုင်တဲ့ ဖွဲ့စည်းမှုမျိုးဖြစ်ယင် လူ့အဖွဲ့အစည်းတခုလုံးမှာရှိတဲ့ ပြည်သူအားလုံးရဲ့ အခွင့်အရေးကို အကောင်းဆုံး ကာကွယ်မြှင့်တင်ပေးနိုင်တယ်ဆိုတဲ့ အယူအဆကို ပိုပြီးလက်ခံလာတာတွေ့ရပါတယ်။ လူ့အခွင့်အရေးကော်မရှင်မှာ ပါဝင်သူအားလုံးဟာ လူတန်းစားတခုတည်းကိုသာ ကိုယ်စားပြုခြင်းထက် တိုင်းပြည်ထဲမှာရှိတဲ့ လူ့အဖွဲ့အစည်းအလွှာအသီးသီးကို ကိုယ်စားပြုမှုရှိယင် အလွှာအားလုံးက အမြင်တွေ၊ အယူအဆတွေ လူ့အခွင့်အရေးကော်မရှင် လုပ်ငန်းလည်ပတ်မှုမှာ ထင်ဟပ်နေပြီး၊ လူ့အဖွဲ့အစည်းတခုလုံးရဲ့ အခွင့်အရေးကို အကောင်းဆုံးကာကွယ်နိုင်တယ်ဆိုတဲ့ သဘောပါပဲ။

တိုင်းပြည်တခုမှာ လူ့အခွင့်အရေးကော်မရှင်တည်ထောင်လိုက်ယုံနဲ့ အဲဒီနိုင်ငံက ပြည်သူတွေရဲ့ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်မပေးနိုင်ပါဘူး။ လူ့အခွင့်အရေးကော်မရှင် လက်တွေ့လုပ်ငန်းလည်ပတ်နိုင်မှုအပေါ်မှာ များစွာမူတည်ပါတယ်။ ဒါ့အပြင် အဲဒီနိုင်ငံမှာရှိနေတဲ့ ယန္တယားတွေက လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးကို ဟန့်တားနေတာမျိုး၊ လူ့အခွင့်အရေးကို ချိုးဖေါက်နေတာမျိုးတွေဖြစ်နေယင် အဲဒါတွေကို အယင် ပြုပြင်ဖို့လိုအပ်ပါတယ်။ အရေးအကြီးဆုံးကတော့ လူ့အခွင့်အရေးကိစ္စ လွတ်လွတ်လပ်လပ် ဆွေးနွေးနိုင်တဲ့ အခြေခံလွတ်လပ်မှုအခွင့်အရေး ပြည်သူတွေမှာ ရှိနေဖို့လိုအပ်ပါတယ်။ လူ့အခွင့်အရေးကော်မရှင် အလုပ်လုပ်နိုင်ရေးအတွက် အခြေအနေကောင်းတွေရှိလာအောင် လုပ်သွားမဲ့အစီအစဉ်မရှိပဲ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တည်ထောင်တာဟာ ပြည်သူတွေရဲ့ အခွင့်အရေးကို ကာကွယ်ဖို့ဆိုတာ သံသယဖြစ်စရာပါပဲ။ ။

ဦးခင်မောင်ဝင်း

### အခြေခံဥပဒေရေးရာ

# ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးတာဝန်

ဦးဝင်းမောင်

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ၏ဂုဏ်သိက္ခာတစ်ရပ်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံတိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရှိကြသည်။ အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ ရုရှား၊ ကနေဒါ၊ အိန္ဒိယ စသောနိုင်ငံကြီးများတွင်လည်းကောင်း၊ စည်းမျဉ်းခံဘုရင်စနစ်နှင့်အုပ်ချုပ်သောထိုင်း၊ ဂျပန်၊ မလေးရှား၊ ကမ္ဘောဒီးယား အစရှိသောနိုင်ငံများတွင်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေရှိကြသည်။ လူဦးရေရှစ်သိန်းမျှသာရှိသော သေးငယ်သည့် ဖီဂျီကဲ့သို့သောကျွန်းနိုင်ငံကလေး၌ပင် ဖွဲ့စည်းပုံအခြေခံဥပဒေရှိသည်။ သို့သော် မြန်မာနိုင်ငံမှာကားမရှိပေ။ နိုင်ငံ၏အထွဋ်အထိပ်ဥပဒေဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေမရှိလျှင်တရားဥပဒေစိုးမိုးမှုရှိနိုင်မည်မဟုတ်ပါ။ ဒီမိုကရေစီဖြစ်ထွန်းပေါ်ပေါက်နိုင်မည်မဟုတ်ပါ။ တရားဥပဒေစိုးမိုးရေးရှိရန်၊ ဒီမိုကရေစီဖြစ်ထွန်းကားရန် မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် မရှိမဖြစ် လိုအပ်လျက်ရှိသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် သဘောထားအစုသုံးစု၊

မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်ပြီး သဘောထားမတူသောလူစုသုံးမျိုးရှိသည်ကို လေ့လာမိသည်။ ပထမအစုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ တကယ့်ကိုအရေးတကြီးလိုအပ်နေပြီဟုသဘောထားသောအစုဖြစ်သည်။ ဤအစုက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်လည်း စိုင်းပြင်းနေကြသည်။ အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် ပါဝင်သင့်သောအချက်များကိုလည်း စဉ်းစားထားကြပြီးဖြစ်သည်။ ဒုတိယအစုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ မပေါ်ပေါက်သေးလေလေကြိုက်လေလေဟု သဘောထားရှိသောအစုဖြစ်သည်။ တတိယအစုမှာ လူများစု၊ အခြေခံလူစုဖြစ်သည်။ ဤလူစုက ဖွဲ့စည်းပုံအခြေခံဥပဒေရှိခြင်း၊ မရှိခြင်းကို သိပ်စိတ်ဝင်စားပုံမပေါ်ပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေ

ရေးဆွဲရေးအလုပ်သည် နိုင်ငံရေးခေါင်းဆောင်များ၊ ဥပဒေပညာရှင်များ၏အလုပ်ဟုသာ သဘောထားကြသည်။ ထိုအစုအနက် အချို့က "ဖွဲ့စည်းပုံအခြေခံဥပဒေမရှိခြင်းက ဘာဆန်းသလဲ၊ ဘာထူးသလဲ။ ရှိတော့ကော ဘာထူးခြားမလဲ။ ၁၉၇၄ကနေ ၁၉၈၈ ခုနှစ်အထိ အခြေခံဥပဒေရှိခဲ့တာဘဲ။ ဘာထူးခြားလို့လဲ" ဟုသဘောထားသည်။ ဤသို့ သဘောထားရကောင်းလားဟု အပြစ်မဆိုလိုပေ။ ၎င်းတို့၏ ဖြတ်သန်းမှုအတွေ့အကြုံအရ ပြောခြင်းသာဖြစ်ပေသည်။

၁၉၆၂ခုနှစ်နောက်ပိုင်းမှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် အရေးယူခံရသည်ဟုလည်းကောင်း (သို့မဟုတ်) ဖွဲ့စည်းပုံအခြေခံဥပဒေ၏အကာအကွယ် ပေးထားချက်များကိုချိုးဖောက်ခြင်းကြောင့် အရေးယူခံရသည်ဟုလည်းကောင်း ကြားဖူးခြင်းမရှိခဲ့ပေ။ တရားရုံးများတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုင်စွဲအသုံးချ၍မရကြပေ။ ရှေ့နေများသည်ပင်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေကို မေ့ကောင်းမေ့နေလောက်ပေပြီ။ ထို့အပြင် ပြင်ပနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ လက်တွေ့ကျင့်သုံးနေမှုများကိုလည်း မြန်မာပြည်သူများ လေ့လာခွင့်မရရှိကြပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသုံးချခွင့်မရှိ ၊ အခြားနိုင်ငံများ၏ကျင့်သုံးမှုကိုလည်း လေ့လာခွင့်မရရှိခြင်းတို့မှာ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီပေါ်ပေါက်ဖြစ်ထွန်းမှု၊ တရားဥပဒေစိုးမိုးမှုပေါ်ပေါက်ခြင်း အဟန့်အတားဖြစ်စေသည်။

## ထူးဆန်းချက် မဟုတ်သောထူးဆန်းချက်

မိမိတို့နိုင်ငံတွင် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရန် လိုအပ်နေပေသည်။ ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေ ရှိလျှင် –

- ကိုယ်ကြိုက်သည့်အစိုးရကိုဆန္ဒမဲပေးပြီး ရွေးချယ်တင်မြှောက်နိုင်သည်။
- အခြေခံဥပဒေနှင့်အညီ အစိုးရကို အနည်းဆုံး (၄)နှစ်တစ်ကြိမ် အပြောင်းအလဲလုပ်နိုင်သည်။ (လူထုက ကြိုက်နှစ်သက်နေလျှင်တော့ နှစ်ကြိမ်သုံးကြိမ်ဆက်တိုက်အစိုးရဖြစ်နိုင်သည်။ )
- အစိုးရတစ်ရပ်၏လက်အောက်တွင် လူထုကနစ်နာနေသည်ဆိုလျှင် ထိုနစ်နာချက်များ၊ မကျေနပ်ချက်များကိုဖြေရှင်းပေးရန် အစိုးရအား တိုက်ရိုက်စာရေးနိုင်ခွင့်၊ လူ့အဖွဲ့အစည်းက ငြိမ်းချမ်းစွာဆန္ဒပြနိုင်ခွင့် ရှိသည်။
- တစ်ဦးတစ်ယောက်အဖမ်းခံပြီဆိုလျှင် ဘာကြောင့်အဖမ်းခံရသည်ဆိုသည်ကို သိအောင် တောင်းဆိုခွင့် ရှိသည်။
- အစိုးရအဖွဲ့၏လုပ်ငန်းဆောင်ရွက်ချက်၊ အစီရင်ခံချက်များကို လူထုအနေနှင့် သတင်းဌာနများမှတဆင့် သိခွင့်ရှိသည်။
- အစိုးရကိုလည်း သတင်းဌာနများမှတဆင့် ဝေဖန်နိုင်ခွင့်ရှိသည်။
- ဥပဒေအရမဟုတ်လျှင် ပြည်သူ၏ပိုင်ဆိုင်ပစ္စည်းများကို အစိုးရမှသိမ်းယူခွင့် မရှိရပါ။ ဥပဒေအရသိမ်းခဲ့သည်ရှိသော် (ပေါက်ဈေးအတိုင်း (သို့မဟုတ်) ရာဖြတ်တန်ဖိုးအရလုံလောက်သော) လျော်ကြေးပေး သိမ်းယူရမည်ဖြစ်သည်။

အစိုးရမှ ဥပဒေနှင့်အညီမဟုတ်ဘဲသိမ်းယူပါက အစိုးရအားတရားစွဲဆိုနိုင်သည်။

- တရားသူကြီးများသည် အစိုးရ၏လွှမ်းမိုးမှုကင်းလွတ်ပြီး လွတ်လပ်စွာတရားစီရင်နိုင်သည်။

ဤအချက်များကို လူထုက ကျင့်သုံးဆောင်ရွက်နိုင်စေရန် ခိုင်မာသောအခြေခံဥပဒေက အာမခံထားပေးရသည်။ အမှန်အားဖြင့်မူ ဤအချက်များသည် ထူးခြားဆန်းပြားချက်များမဟုတ်ပါ။ မိမိတို့တိုင်းပြည်တွင် ဤအချက်များကိုသုံးခွင့်လည်းမရ၊ သုံးခွင့်လည်းမရှိခဲ့ပါ။ အိမ်နားနီးချင်းထိုင်းနိုင်ငံသို့ရောက်လာသူ မိမိတို့နိုင်ငံသားများအနေဖြင့် ထိုင်းလူထုက ၎င်းတို့ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များကို ကျင့်သုံးနေသည်ကိုတွေ့မြင်ကြရသောအခါ အထူးအဆန်းသဖွယ်ဖြစ်နေပေသည်။ အခြားသော ဒီမိုကရေစီနိုင်ငံများသို့ရောက်ဖူးသူ မြန်မာများလည်း ထိုသို့တွေ့မြင်ကြရမည်မှာမလွဲပါ။ အထက်ပါအချက်များကို မြန်မာလူထုအနေနှင့် လက်တွေ့ကျင့်သုံးခွင့်ရရှိပါက ဖွဲ့စည်းပုံ အခြေခံဥပဒေရှိလို့ကော ဘာထူးခြားမလဲဆိုသည့်တွေးဆချက်များ ပျောက်ကွယ်သွားမည်ဖြစ်ပေသည်။

## ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ကျင့်သုံးမှု လတ်တလော ဖြစ်ရပ်များ

ယခုအခါ ထိုင်းနိုင်ငံတွင် ၁၉၉၇ခုနှစ်က နောက်ဆုံးရေးဆွဲထားသော အခြေခံဥပဒေကို လက်တွေ့ကျင့်သုံးနေပြီဖြစ်သည်။ ထိုအခြေခံဥပဒေရေးဆွဲစဉ်က လူထု၏ဆန္ဒကို အလေးထားပြီးရေးဆွဲခဲ့ခြင်းဖြစ်သည်။ ထိုအခြေခံဥပဒေရေးဆွဲသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာစာစောင်များတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ထိုင်းနိုင်ငံတွင် ၁၉၉၇ ခုနှစ် အခြေခံဥပဒေကိုလက်တွေ့ကျင့်သုံးမှုနှင့်ပတ်သက်ပြီး လတ်တလောအခြေအနေကို ဖော်ပြလိုပါသည်။

ဇူလိုင်လအစောပိုင်းကစပြီး ထိုင်းနိုင်ငံမြောက်ပိုင်းမှ ရွာသားများက ဘန်ကောက်မြို့ အစိုးရအိမ်တော်ရှေ့ တွင်ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြရခြင်းအကြောင်းရင်းမှာ ၁၉၉၁ခုနှစ် ထိုင်းနိုင်ငံစစ်အစိုးရလက်ထက်တွင် နိုင်ငံအရှေ့ မြောက်ပိုင်း အူဘွန်ရာ့ချဋ္ဌာနီ (Ubon Ratchatani)ပြည်နယ်ရှိ မိုးမြစ်ပေါ်တွင် ပတ်မိုးရေကာတာကို တည်ဆောက်ခဲ့သည်။

ရေကာတာစတင်တည်ဆောက်ရန်စီမံကိန်းရေးဆွဲစဉ် ရွာသားများနှင့်တိုင်ပင်ခြင်းလည်းမရှိခဲ့။ ရွာသားများက ရေကာတာမတည်ဆောက်ရန် အစိုးရနှင့်၊ ငွေချေးပေးသည့် ကမ္ဘာ့ဘဏ်ကို မေတ္တာရပ်ခံသော်လည်း လျစ်လျူရှုခြင်းခံခဲ့ရသည်။ ရေကာတာတည်ဆောက်ခြင်းကြောင့် မိုးမြစ်ကိုမှီခိုနေကြရသောရွာသားအများအပြားတို့ ရွာများ ပြောင်းရွှေ့ခံခဲ့ရသည်။ မြေယာများအသိမ်းခံခဲ့ရသည်။ ငါးဖမ်းလုပ်ငန်းပျက်စီးသွားသည်။ စီးပွားရေးပျက်သွားကြသောကြောင့် ဘဝထိခိုက်နစ်နာသွားခဲ့ကြရသည်။ မိသားစုအဖွဲ့ဝင်များ မြို့တက်အလုပ်လုပ်ကြ၍ ကျေးလက်လူ့အဖွဲ့အစည်းပြိုကွဲကြရသည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအရမူ ငါးအမျိုးများပြုန်းတီးကုန်သည်။ လူတွေ ရေလှောင်တမံကြောင့် ရော

ဂါဘယတိုးလာကြသည်။ အစိုးရ၏ဖွံ့ဖြိုးရေးစီမံကိန်းအောက်တွင် လူထုက တိုးတက်ဖွံ့ဖြိုးမလာဘဲ ပို၍နစ်နာခဲ့ရသည်။ ထို့အတွက်ကြောင့် ရွာသားများက လာရောက်ဆန္ဒပြနေကြခြင်းဖြစ်သည်။ စီမံကိန်းစတင်သော စစ်အစိုးရအုပ်ချုပ်သည့်ကာလတွင်လည်း လူထုကကန့်ကွက်ခဲ့သေးသည်။ စစ်အစိုးရပြုတ်ကျပြီးနောက်ပိုင်းတွင်လည်း အခြေအနေပေးလျှင်ပေးသလိုဆန္ဒပြကြသည်။ နောက်တက်လာသောအစိုးရများကလည်း နစ်နာသူရွာသားများကိစ္စကို ပြေလည်အောင်ဖြေရှင်းပေးနိုင်ခြင်းမရှိခဲ့ပေ။

၁၉၉၉ မတ်လ(၂၃)ရက်နေ့တွင် ပတ်မိုးရေကာတာပတ်ဝန်းကျင်ရှိရွာသားများက ရေကာတာကို သိမ်းပိုက်ထားလိုက်ကြသည်။ ရွာသားများ၏တောင်းဆိုဆန္ဒပြမှုကို အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင် ဆိုင်ရာအဖွဲ့များ၊ ပညာရှင်များက ထောက်ခံခဲ့ကြသည်။ အစိုးရကလည်း ရဲတပ်ဖွဲ့များ ရာနှင့်ချီ၍စေလွှတ်ဝိုင်းရံစေခဲ့ သေးသည်။ နိုင်ငံတကာအဖွဲ့အစည်းများ၏မေတ္တာရပ်ခံမှုကြောင့် ရဲတပ်ဖွဲ့ပြန်လည်ယုတ်သိမ်းခဲ့သည်။ ရွာသားများက ရေကာတာကိုဆက်လက်သိမ်းပိုက်ထားပြီး ရေတံခါးများကို လေးလဖွင့်ပေးရန်တောင်းဆိုထားသည်။ ဇူလိုင်လအစောပိုင်းတွင် Ubon Ratchathani ပြည်နယ်မှ ဆန္ဒပြသူ(၅၀၀)ကျော်တို့သည် ဘန်ကောက်မြို့သို့ ချီတက်လာကြပြီး အစိုးရရုံးရှေ့တွင်ဆန္ဒပြကြသည်။ ၎င်းတို့နှင့်အတူ အခြားသော ရေကာတာစီမံကိန်းများကြောင့် နစ်နာခဲ့ကြသော အခြားဒေသမှရွာသား (၂၅၀၀)ကျော်ခန့်တို့ လာရောက်ပူးပေါင်းကြသည်။ ယခုအခါ ၂လခန့်ရှိပြီဖြစ်သည်။ ၎င်းတို့၏ဆန္ဒပြမှုကို အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများကလည်းထောက်ခံခဲ့ကြသည်။ ဆန္ဒပြကြသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃၉)နှင့်ပုဒ်မ(၄၄) ပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒပြကြခြင်းဖြစ်သည်။ ဇူလိုင်လ ၁၆– ၁၇ ရက်နေ့တွင် ထိုင်းနိုင်ငံတက္ကသိုလ်(၂၁)ခုမှ ပညာရှင်(၂၀၀)ခန့်က ထိုဆန္ဒပြမှုနှင့်ပတ်သက်၍ အစိုးရအား တိုက်တွန်းချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ ထိုတိုက်တွန်းချက်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ(၇၈)နှင့်အညီ ရွာသားများ၏တောင်းဆိုချက်များကို အစိုးရမှကူညီဖြေရှင်းပေးရန်ဖော်ပြထားသည်။ ထိုင်းအစိုးရအနေဖြင့် ယခုအခါ ရွာသားများ၏တောင်းဆိုချက်အတော်များများကို လိုက်လျောပေးခဲ့ရသည်။ တည်ဆောက်လက်စရေကာ တာများကိုလည်း ရပ်ဆိုင်းထားရန် ဆုံးဖြတ်ချက်ချလိုက်ရပါတော့သည်။ ဆန္ဒပြမှုကိုဦးဆောင်နေသော ပုဂ္ဂိုလ်များနှင့် အစိုးရကိုယ်စားလှယ်များ တွေ့ဆုံစကားဝိုင်းတစ်ရပ်ဖန်တီးကာ ပြဿနာရပ်များကိုဆွေးနွေးကြရသည်။ ရေကာတာပြဿနာသာမက မြေယာပေါ်လစီကြောင့်နစ်နာသောရွာသားများကိစ္စ၊ သစ်တောပေါ်လစီကြောင့် နစ်နာသောရွာသားများကိစ္စ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အစိုးရစီမံကိန်းများတွင် သက်ဆိုင်ရာဒေသခံများနှင့်ညှိနှိုင်းပြီး ဒေသခံများပူးပေါင်းပါဝင်နိုင်ရေးကိစ္စတို့ကိုပါဆွေးနွေးကြသည်။ သို့သော် အစိုးရအိမ်တော်ရှေ့တွင်ဆန္ဒပြနေမှုမှာ ယခုထိမပြီးဆုံးသေးပေ။ ဤသည်မှာ ထိုင်းနိုင်ငံ လူမှုအပြောင်းအလဲ၏ ပြောင်မြောက်သောသမိုင်းဝင်ဖြစ်ရပ်တစ်ခုအဖြစ် လေ့လာသူများက မှတ်ချက်ချကြသည်။

နောက်အချက်တစ်ခုမှာ အခြေခံဥပဒေအရ ထိုင်းလွှတ်တော်အမတ်များ၊ အစိုးရအဖွဲ့ဝင်များနှင့် ထိပ်တန်းအရာရှိများသည် ၎င်းတို့တာဝန်စတင်ထမ်းဆောင်စဉ်မှ တာဝန်ပြီးဆုံးချိန်အထိ ၎င်းတို့ပိုင်ဆိုင်ပစ္စည်းများနှင့် ပေးရန်တာဝန်များကို စာရင်းပြုစုပြီး အ

မျိုးသားချစားမှုတိုက်ဖျက်ရေးကော်မရှင်ထံသို့ တင်ပြရသည်။ ထိုစာရင်းများကို ချစားမှုတိုက်ဖျက်ရေးကော်မရှင်ကစစ်ဆေးရသည်။ စာရင်းများမမှန်မကန်တင်ပြထားပါက သို့မဟုတ် တာဝန်ပြီးဆုံး၍ ပြန်တင်သောအခါ ဝင်ငွေများမမှန်မကန်ရရှိကြောင်းတွေ့ရှိရပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးယူခြင်းကို ခံရမည်ဖြစ်သည်။ မကြာမီက အတိုက်အခံအဖွဲ့အစည်းတစ်ဖွဲ့သည် အစိုးရအဖွဲ့ဝင် ထင်ရှားသည့် နိုင်ငံရေးခေါင်းဆောင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဆနန်ကပရာချွန်၏ စာရင်းတင်ပြမှုများမှာ မမှန်ကန်ကြောင်းစွပ်စွဲသည့်အတွက် အမျိုးသားချစားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးခဲ့သည်။ စစ်ဆေးချက်များအရ စာရင်းတင်ပြထားမှုများမှာ မမှန်မကန်ကြောင်းတွေ့ရသည်။ ထို့ကြောင့် ထိုကိစ္စကို အခြေခံဥပဒေတရားရုံးသို့ တင်ခဲ့သည်။ ထိုပုဂ္ဂိုလ်မှာလည်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးရာထူးများမှ ယာယီနုတ်ထွက်ပေးခဲ့ရသည်။ အခြေခံဥပဒေတရားရုံးကလဲ သက်သေများစစ်ဆေးပြီးသည့်အခါ ထိုပုဂ္ဂိုလ်သည် မမှန်မကန်စာရင်းတင်ထားတာတွေ့ရကြောင်း ဆုံးဖြတ်လိုက်ပါသည်။ သို့ဖြစ်၍ ထိုထင်ရှားသောနိုင်ငံရေးသမား ဒုဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးမှာ ရာထူးမှထွက်ပေးလိုက်ရသည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံရေးတွင် တာဝန်ထမ်းဆောင်ခြင်း (၅)နှစ် ရပ်နားပေးခဲ့ရပါတော့သည်။

နောက်ထပ်သိကောင်းစရာအချက်တစ်ခုရှိပါသေးသည်။ ဤအချက်သည် ဖြစ်ရပ်မဟုတ်ဘဲ တဆက်တစပ်တည်းသိသင့်သောကြောင့်တင်ပြလိုခြင်းဖြစ်ပါသည်။ လွတ်လပ်သောတရားရေးကိစ္စဖြစ်ပါသည်။ ထိုင်းနိုင်ငံ၏အခြေခံဥပဒေအရ တရားရုံးများကို တရားရေးဝန်ကြီးဌာနလက်အောက်တွင်မထားရှိတော့ဘဲ သီးခြားလွတ်လပ်သောအဖွဲ့အစည်းတစ်ခုဖြစ်ထားရှိသည်။ ထို့ကြောင့် တရားစီရင်ဆုံးဖြတ်သည့်နေရာတွင် အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုအာဏာ ယူထားကြသည့် နိုင်ငံရေးသမားပုဂ္ဂိုလ်ကြီးများ၏ စွက်ဖက်မှုမှလုံးဝကင်းလွတ်သွားပြီး လွတ်လွတ်လပ်လပ် တရားစီရင်ခွင့်ရှိလာသည်။ ဗိုလ်ချုပ်ကြီးများမျက်နှာလည်း ထောက်စရာမလို။ နိုင်ငံရေးဩဇာရှိသူမျက်နှာလည်း ကြည့်စရာမလိုပေ။ ဥပဒေကိုသာထောက်ရှုပြီး တရားစီရင်နိုင်ခွင့်ရှိလာသည်။ တရားဥပဒေစိုးမိုးမှုအရိပ်အာဝါသအောက်တွင် ထိုင်းလူထုသည် ဥပဒေကလွဲလျှင် မည်သည့် အရှိန်အဝါကိုမှကြောက်စရာမလိုတော့သောအခြေအနေသို့ ရောက်လာနေပေသည်။

ထိုင်းနိုင်ငံ၏လတ်တလောအခြေအနေသည် အခြေခံဥပဒေကျင့်သုံးနေမှု၊ လက်တွေ့အကောင်ထည်ဖေါ်မှု အားကောင်းလာနေကိုလည်းကောင်း၊ တရားဥပဒေစိုးမိုးမှုအုတ်မြစ်အခြေခိုင်လာနေသည်ကိုလည်းကောင်း ပြသလျက်ရှိသည်။

## ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေ

အချိန်တိုတိုအတွင်းရေးဆွဲထား၍ ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေမဖြစ်ဟု မဆိုနိုင်သကဲ့သို့ သုံးလေးနှစ်ကြာအောင်အချိန်ယူရေးဆွဲမှ ခိုင်မာသောအခြေခံဥပဒေမည်ဟုလည်းမဆိုနိုင်ပါ။ ခိုင်မာ၏၊ မခိုင်မာ၏ဆိုသည်မှာ ဖွဲ့ စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် မည်မျှပွင့်လင်းမှုရှိသည် လူထုသဘောဆန္ဒမည်မျှပါသည်တို့အပေါ်တွင်လည်း များစွာမူ

တည်သည်။

ဖွဲ့စည်းပုံခြေခံဥပဒေကို Top-down ဟုခေါ်သော အထက်မှအောက်သို့စီးဆင်းစေသည့်ပုံစံ၊ အထက်မှချပြသည်များကို လိုက်နာဆောင်ရွက်စေရသောပုံစံနှင့်သာ ရေးဆွဲစေပါကလည်း ခိုင်မာသောအခြေခံဥပဒေတစ်ရပ်ဖြစ် နိုင်မည်မဟုတ်ပေ။ Bottom- up ဟုခေါ်သော အောက်ခြေမှတင်ပြသည့်၊ လူထုဆန္ဒကိုအခြေခံသည့်ပုံစံနှင့်ရေးဆွဲ မှသာ ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေကို ရရှိနိုင်ပေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးသည် လျှို့ဝှက်ရသောလုပ်ငန်းမဟုတ်ပါ။ ပညာရှင်များ၊ လူထုကိုယ်စားလှယ်များပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့်အဖွဲ့ကို ရွေးချယ်ပေးရမည်။ ထိုအဖွဲ့က တင်ပြလာသောအချက်များကို ညီလာခံတွင် မိမိအမြင်၊ အခြားသူများ၏အမြင်များကို အလေးအနက်ထား ဆွေးနွေးငြင်းခုံကြပြီးမှရရှိလာသောအချက်အလက်များကို ပြည်သူများသို့ပေးပို့ပြီး သဘောထားရယူကြရမည်။ ဆွေးနွေးငြင်းခုံချက်များကိုလည်း ပြည်သူများသိအောင်ဆောင်ရွက်ပေးရမည်။ သို့မှသာ ပြည်တို့အနေဖြင့် မှန်ကန်သောသဘောထားကို ပေးနိုင်ကြမည်ဖြစ်ပြီး ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေရရှိလာမည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကို လူတစ်ဦးတစ်ယောက် (သို့) အဖွဲ့တစ်ဖွဲ့ကမျှ ချုပ်ကိုင်ထား၍လည်းမရပါ။ ဥပမာအားဖြင့်ပြရသော် ထိုင်းနိုင်ငံ၌ ၁၉၉၁ခုနှစ်တွင် အာဏာသိမ်း၍ အစိုးရဖြစ်လာသော ဗိုလ်ချုပ်ကြီး ဆူးချင်းဒါးကပရားယွန်း ဦးဆောင်သော အမျိုးသားငြိမ်းချမ်းမှုထိန်းသိမ်းကောင်စီ(NPKC)၏ချုပ်ကိုင်မှုနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုရေးဆွဲခဲ့ဖူးသည်။ လူထု၏ဆန္ဒများကိုလျစ်လျူရှုကာ စစ်တပ်က အာဏာများကို ကြိုးကိုင်ထိန်းချုပ်ထားနိုင်ရေး ရှေ့ရှုရေးဆွဲထားသည့်အတွက် မကြာမီတွင်လူထု၏ဆန့်ကျင်ခြင်းကိုခံရပြီး ထိုဖွဲ့စည်းပုံအခြေခံဥပဒေကို အသုံးပင်မပြုလိုက်ရပေ။

## ချုပ်ကိုင်မှုလွန်ကဲခြင်း

နဝတ အမျိုးသားညီလာခံတွင် အခြေခံဥပဒေရေးဆွဲနေသည့်ပုံစံသည် သာမန် Top- down ပုံစံထက် လွန်ကဲသည့် Rigid Top- down ပုံစံဟုဆိုရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ချုပ်ကိုင်မှုများပြီး ညီလာခံ၏ လုပ်ထုံးလုပ်နည်းဥပဒေများမှာ တင်းကြပ်လွန်း၍ဖြစ်သည်။ ထို့အပြင် ပြည်သူတို့၏ဆန္ဒသဘောထားကိုရယူရန်မဆိုထားနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ဆန္ဒကိုပင် အလေးမထားကြောင်းလည်း သိရှိရသည်။ ထိုင်းနိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်နေသူနှစ်ဦးနှင့် လွန်ခဲ့သည့်လက ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းပြောမိကြရာ ၎င်းတို့က "ကျနော်တို့ နိုင်ငံမှာလဲ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၉၃ခုနှစ် ဇန္နဝါရီလကတည်းက အခြေခံဥပဒေရေးဆွဲဖို့ ညီလာခံခေါ်ပြီးကြိုးစားခဲ့သားဘဲ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်တွေက အမျိုးသားညီလာခံကိုသပိတ်မှောက်ထွက်သွားလို့ အခုလို ကြာနေတာဖြစ်မှာပါ"ဟု တဘက်သတ်အပြစ်တင်သည့်သဘောပြောလာသည်။ လေ့လာခွင့်မရရှာသူများဖြစ်၍ ၎င်းတို့ကိုတော့ အပြစ်မဆိုလိုပေ။ မြန်မာလူထုကြီးက

လည်း လေ့လာခွင့်ရကြမည်မဟုတ်ပါ။

နဝတ/နအဖ အမျိုးသားညီလာခံ၏ တင်းကြပ်မှုများနှင့်ပတ်သက်၍ ၁၉၉၄ နိုဝင်ဘာလတွင် မာနယ်ပလော၌ကျင်းပခဲ့သော အခြေခံဥပဒေရေးရာဆွေးနွေးပွဲတွင် နဝတ အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့ သော ဦးဒယ်နီရယ်အောင်၏ ဆွေးနွေးတင်ပြချက်များကို ကောက်နုတ်ဖော်ပြလိုပေသည်။

သဘာပတိကြီးခင်ဗျား–

၁၉၉၃ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှာ အမျိုးသားညီလာခံ ဒုတိယ အကြိမ်ပြန်လည်ကျင်းပတဲ့အ ခါ ..... လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက အခန်းအလိုက်ခေါင်းစဉ်တွေနဲ့ပတ်သက်ပြီး နိုင်ငံပေါင်း (၁၅၀)မှ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကိုလေ့လာထားပြီး၊ မြန်မာနိုင်ငံနဲ့သင့်တော်မယ်ထင်တဲ့ ကောင်းနိုးရာရာ ခေါင်းစဉ်တွေကို နမူနာအဖြစ်တင်ပြပါတယ်။ ကြိုက်ရင်ယူနိုင်တယ်။ မကြိုက်ရင်လည်းပယ်နိုင်တယ်။ တခြားရှိရင်လည်း အကြံပြု တင်ပြနိုင်တယ်ဆိုပြီး အကျယ်တဝင့်ရှင်းလင်းသွားပါတယ်။.......။

အဲဒီနောက်မှာတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါဝင်သင့်တဲ့ အခန်းအလိုက်ခေါင်းစဉ်တွေနဲ့ပတ်သက်ပြီး အစုအဖွဲ့အားလုံးက တသီးတခြားစီအကြံပြုကြပါတယ်။ အဲဒီအချိန်တုံးက စာတမ်းများကို အစုအဖွဲ့အသီးသီးမှာ တိုက်ရိုက်ဖတ်ကြားပြီးမှ သက်ဆိုင်ရာသဘာပတိမှတဆင့် လုပ်ငန်းကော်မတီမှ ပေးပို့ရပါတယ်။ လုပ်ငန်းကော်မတီကတည်းဖြတ်ပြီး ပြန်ချပေးလိုက်တဲ့စာတမ်းတွေကို အစုအဖွဲ့ရဲ့စာတမ်းအဖြစ် တစုတစည်းတည်းရရှိရေးအတွက် သဘာပတိကကြီးကြပ်ဆောင်ရွက်ရပါတယ်။ ...အဲဒီလို ပြန်လည် စုစည်းထားသောစာတမ်းများကို အစုအဖွဲ့အသီးသီးဖတ်ကြားပြီးတဲ့အခါ စုံညီအစည်းအဝေးမှာ ဖတ်ကြားမဲ့လူအမည်စာရင်းနဲ့တကွ စာတမ်းများကို လုပ်ငန်းကော်မတီထံသို့ ပေးပို့ရပါတယ်။ အဲဒီပေးပို့ ထားတဲ့စာတမ်းများအတိုင်း စုံညီအစည်းအဝေးမှာ ဖတ်ကြားတင်သွင်းရပါတယ်။

ပထမဆုံးစုံညီအစည်းအဝေးမှာတင်သွင်းတဲ့ အခန်းအလိုက်ခေါင်းစဉ်ပေါင်း (၁၃၀)ကျော်ရှိတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ခေါင်းစဉ်တွေ နည်းနိုင်သမျှနည်းသွားအောင် အစုအဖွဲ့အသီးသီးမှာ ပြန်ပြီးတော့စာတမ်းပြင်ဆင်တင်သွင်းရပါတယ်။ ပြီးရင်တခါ စုံညီမှာပြန်တင်ရပါတယ်။ အဲဒီလိုအကြိမ်ပေါင်းများစွာပြုလုပ်ပြီး၊ နောက်ဆုံးမှာတော့ လုပ်ငန်းကော်မတီက မိမိလိုချင် ရည်ရွယ်ထားတဲ့ခေါင်းစဉ်(၁၅)ခုကို အတည်ပြုချမှတ်လိုက်ပါတယ်။ အဲဒီခေါင်းစဉ်တွေကတော့ ....။

အဲဒီလိုအခန်းအလိုက်ခေါင်းစဉ်တွေချမှတ်လိုက်တဲ့အခါ ပြည်သူ့ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ပင်ပင်ပန်းပန်းရှာဖွေပြုစုအကြံပေးချက်တွေကို ဂရုမစိုက်၊ လျစ်လျူရှုခံလိုက်ရသည့်အတွက် လုံးဝမကြေနပ်ကြပါဘူး။ စိတ်ဓာတ်လည်းအတော်ကျကြပါတယ်။ ဒါနဲ့လုပ်ငန်းကော်မတီဥက္ကဋ္ဌဦးအောင်တိုးက

"အခုတော့ ဒီခေါင်းစဉ်တွေအတိုင်းဘဲထားပါ။ နောက်အခန်းအလိုက်ခေါင်းစဉ်တွေကို ဆွေးနွေးတဲ့အခါ အားပါးတရဆွေးနွေးကြပါ။ အဲဒီအခါကျရင်အခြားခေါင်းစဉ်တွေထည့်သင့်တယ်ဆိုရင်လည်း ထည့်ကြတာပေါ့။" လို့ ပျားရည်နဲ့ ဝမ်းချသွားပါတယ်။ ဒါနဲ့ညီလာခံကိုဧပြီလ (၇)ရက်နေ့မှာရပ်နားလိုက်ပါတယ်။

သဘာပတိကြီးခင်ဗျား–

၁၉၉၃ခုနှစ်၊ ဇွန်လ(၆)ရက်နေ့ အမျိုးသားညီလာခံ တတိယအကြိမ် ပြန်ကျင်းပသည့်အခါမှာတော့ ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်(၁၇–၃–၉၃တွင်ရာထူးတိုး)က "တပ်မတော်ဟာနိုင်ငံတော်တစ်ခုလုံး ချောက်ထဲကျခါနီးဆဲဆဲ အချိန်မှာ အကြိမ်ကြိမ်ကယ်တင်ခဲ့တဲ့ နိုင်ငံတော်အပေါ်သစ္စာအရှိဆုံး တစ်ခုတည်းသော ကျေးဇူးရှင်တပ်မတော်ဖြစ်တဲ့အတွက် အနာဂါတ်အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍမှာ ထိုက်ထိုက်တန်တန် ပါဝင်ထမ်းဆောင်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အတိအလင်းရေးဆွဲချမှတ်ပေးထားရမှာဖြစ်ကြောင်း" အကျယ်တဝင့်ပြောကြားသွားပါတယ်။

အဲဒီနောက်ကိုယ်စားလှယ်အစုအဖွဲ့အသီးသီးက ကျိုက္ကဆံကွင်းရှိ သတ်မှတ်ထားတဲ့ခန်းမဆောင်တွေမှာအစည်းအဝေးပြုလုပ်ကြပါတယ်။ အဲဒီအကြိမ်မှာတော့ စာတမ်းများကို အရင်ကလို တိုက်ရိုက်ဖတ်ကြားတင်သွင်းခွင့်မပြုတော့ဘဲ ပထမဆုံးစာတမ်းအားလုံးကို အစုအဖွဲ့သဘာပတိထံအပ်နှံ၊ သဘာပတိအဖွဲ့ကဖတ်ရှုတည်းဖြတ်၊ လုပ်ငန်းကော်မတီထံပို့၊ လုပ်ငန်းကော်မတီကတည်းဖြတ်အတည်ပြုပြီးပြန်ချပေးမှသာ အစုအဖွဲ့မှာဖတ်ကြားတင်သွင်းခွင့်ပြုပါတယ်။

ဒီအကြိမ်မှာတော့ ကိုယ်စားလှယ်များအနေနဲ့ အခန်းအလိုက်ခေါင်းစဉ်(၁၅) ခုစလုံး ခြုံမိအောင် အခြေခံမူများရှာဖွေနွေးဆွေး အကြံပြုကြဖို့ သိပ်အားမရှိကြတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အတွေ့အကြုံအရ ခေါင်းစဉ်(၁၅)ခုချမှတ်စဉ်အခါကကဲ့သို့ ပင်ပင်ပန်းပန်းရှာဖွေတင်ပြ အကြံပြုကြတဲ့မူတွေကို ဂရုမစိုက် လျစ်လျူရှုခံရမှာစိုးလို့ဖြစ်ပါတယ်။

သဘာပတိခင်ကြီးခင်ဗျား–

"အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ" စာအုပ်အခန်း(၁)၊ အပိုဒ်(၁)မှာ "ခိုင်မာသည့်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ အခြေခံရမည့်မူများချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံတွင် အောက်ပါဦးတည်ချက်ဘောင်အတွင်း ဆွေးနွေးညှိနှိုင်း ဖော်ထုတ်ကြရန်ဖြစ်သည်။

......(၆) အနာဂတ်နိုင်ငံတော်၏ ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ကပါဝင်ဆောင်ရွက်နိုင်ရေး" လို့ပါရှိပါတယ်။ ...နိုင်ငံရေးပါတီအများစုနဲ့ ရွေး

ချယ်ခံကိုယ်စားလှယ်အများစုကတော့ "အနာဂတ် နိုင်ငံတော်၏ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်ကပါဝင်ဆောင်ရွက်နိုင်ရေး" ဆိုတဲ့အချက်ကို မကြိုက်မနှစ်သက်ကြောင်း အရိပ်အမြွက်ပြ၍တစ်မျိုး၊ သွယ်ဝိုက်တဲ့နည်း (သို့မဟုတ်) တိုက်ရိုက်ဝေဖန်၍တဖုံ တိုက်ခိုက်ဆွေးနွေးတင် ပြကြတာ တွေ့ရပါတယ်။

သဘာပတိကြီးခင်ဗျား–

ကိုယ်စားလှယ်များအနေနဲ့ ဘယ်လိုဘဲအကြံပြုဆွေးနွေး၊ လုပ်ငန်းကော်မတီကတော့ ထင်ထားတဲ့အတိုင်း ဂရုမစိုက်လျစ်လျူရှုပြီး မိမိကြိုတင်ပြင်ဆင်ထားတဲ့မူတွေကိုသာ ပြောင်ပြောင်တင်းတင်း ချမှတ်သွား ပါတယ်။ အခြေခံမူ (၁၀၄) ချက်ချမှတ်ပြီးတဲ့အခါမှာတော့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုကရင်အမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနဲ့ "ဝ"အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က မကျေနပ်ကြတဲ့အကြောင်း လုပ်ထုံးလုပ်နည်း(၃၈)မှာ"တင်ပြသည့်အကြံပြုချက်များအနက် သဘောထားကွဲလွဲချက်ရှိပါက ယင်းတို့ကို တတ်နိုင်သမျှကျေလည်စေရေးအတွက် ပြန်လည်အကြံပြုသဘောထားပေးနိုင်ကြစေရန် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက လိုအပ်သလိုစီစဉ်ပေးရမည်" လို့ဆိုထားတဲ့အတိုင်း မကျေလည်သေးတဲ့အချက်တွေကို ပြေပြေလည်လည်ဖြစ်အောင် ပြန်လည်စီစဉ်ဆောင်ရွက်ပေးဖို့ လုပ်ငန်းကော်မတီထံ မေတ္တာရပ်ခံစာတင်သွင်းခဲ့ကြပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ်တို့ နှစ်ပါတီကိုခေါ်ယူ သတိပေးတယ်လို့သိရပါတယ်။ အဲဒီနောက်စက်–တင်ဘာလ(၈)ရက်နေ့မှာ ညီလာခံကို(၄)လ ရပ်နားတယ်လို့ ကြေညာလိုက်တဲ့အတွက် တအံ့တသြဖြစ်ကုန်ကြတာတွေ့ရပါတယ်။ ဒါပေမဲ့ မကြာပါဘူး။ နဝတ က "ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (USDA)ကို ဖွဲ့စည်းပြီး တစ်နိုင်ငံလုံးမှာ လူထုအစည်းအဝေးပွဲကြီးတွေကျင်းပ၊ ပြည်သူတို့ကို အတင်းအဓမ္မတက်ခိုင်းပြီး အခြေခံမူ(၁၀၄)ချက်ကို တခဲနက်ထောက်ခံကြတယ်လို့ကြေညာလိုက်တော့မှ ညီလာခံ (၄)လ ရပ်နားရတဲ့ရည်ရွယ်ချက်ကို သိရပါတယ်။

သဘာပတိကြီးခင်ဗျား–

၁၉၉၄ခု ဇန္နဝါရီလ (၃)ရက်နေ့ အမျိုးသားညီလာခံ စတုတ္ထအကြိမ် ပြန်လည်ကျင်းပတဲ့အခါမှာတော့ လုပ်ငန်းကော်မတီဥက္ကဋ္ဌဦးအောင်တိုးက အခန်းခေါင်းစဉ်နိဒါန်းကို ခေတ္တချန်လပ်ထားပြီး နိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲ စတဲ့အခန်းခေါင်းစဉ်သုံးခုကို ဆွေးနွေးကြ ရ

မှာဖြစ်ကြောင်း ထုံးစံအတိုင်း နမူနာ“မှု” များချပြရှင်းလင်းပြောကြားသွားပါတယ်။

သဘာပတိခင်ကြီးခင်ဗျား–

ချမှတ်လိုက်တဲ့အခြေခံမူတွေ၊ အသေးစိတ်မူတွေနဲ့ပတ်သက်ပြီး ကိုယ်စားလှယ်များနေနဲ့ တော်တော်ကို မကျေမနပ်ဖြစ်ရတာတွေ့ရပါတယ်။ ညီလာခံဦးတည်ချက်များအနက် အချက်တစ်ချက်က “စစ်မှန်သောပါတီစုံဒီမိုကရေစီထွန်းကားရေး”ဆိုပြီးပါရှိသော်လည်း “မှု”တွေကတော့ အာဏာရှင်စနစ်တည်တံ့ ခိုင်မြဲရေးအတွက် ဖြစ်လာနေတာကိုတွေ့ရပါတယ်။ ဒါပေမဲ့ တင်းကြပ်တဲ့လုပ်ထုံးလုပ်နည်းဥပဒေတွေကြောင့် ဘယ်သူကမှမကျေနပ်ကြောင်း ပွင့်ပွင့်လင်းလင်း ဆန္ဒမပြရဲကြပါဘူး။ လုပ်ထုံးလုပ်နည်း ဥပဒေပုဒ်မ ၄၅ (ဠ)မှာ ညီလာခံအစည်းအဝေး (သို့မဟုတ်) ကိုယ်စားလှယ်အစည်းအဝေးပြုလုပ်နေစဉ် အစုအဖွဲ့အလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်ကောင်း ဆန္ဒပြထွက်ခွာခြင်းမပြုရ” လို့ဆိုထားပါတယ်။ ဒါကြောင့်မို့လို့ မကျေနပ်ကြတဲ့ကိုယ်စားလည်တွေဟာ အိမ်သာထဲသွားပြီး ယောင်လည်လည်လုပ်ခြင်းဖြင့်သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးပြပြီးခွင့်ယူခြင်းဖြင့်သော်လည်းကောင်း၊ ခန်းမအဆောင်အတွင်း အိပ်စက်အနားယူလိုက်ခြင်းဖြင့်သော်လည်းကောင်း အစည်းအဝေးကိုကြံဖန်ရှောင်ကြတာတွေ့ရပါတယ်။

သဘာပတိကြီးခင်ဗျား–

လုပ်ထုံးလုပ်နည်းဥပဒေ ပုဒ်မ ၄၅(ည) မှာတော့ “ညီလာခံကိုယ်စားလှယ်တစ်ဦးသည် မိမိကြိုတင်ပေးပို့ထားသော ဆွေးနွေးချက်စာတမ်းအတိုင်းဖတ်ကြားဆွေးနွေးရမည်။ ဆွေးနွေးချက်စာတမ်း တွင်မပါရှိသောအကြောင်းအရာများကိုမပြောဆိုရ”လို့ဆိုထားပါတယ်။ အဲဒါကြောင့်မို့လို့ ရှမ်းတိုင်း ရင်းသားဒီမိုကရေစီအဖွဲ့ချုပ်မှ စိုင်းညွန့်လွင်က စာတမ်းဖတ်တဲ့အခါ “သမိုင်းတရားခံမဖြစ်ဖို့အရေးကြီးပါတယ်”လို့ အပိုစကားပြောလိုက်မိလို့ ချက်ချင်းသတိပေးခြင်းခံရပါတယ်။ နောက်တခါ ကယားပြည် ဒီမော ဆိုးမှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ချိုကလည်း စာတမ်းထဲမပါတာတွေကို ပြောဆိုရင်ဖွင့်မိလို့ ပထမတော့ သဘာပတိကတားပြီးသတိပေးပါတယ်။ ဦးခင်မောင်ချိုက ခွင့်တောင်းပြီး ဆက်ပြောတဲ့အခါမှာတော့ ရှေ့ဆုံးတန်းမှာထိုင်နေတဲ့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဗိုလ်မှူးချုပ်သန်းဦးက မတ်တတ်ရပ်ပြီး ချက်ချင်းရပ်ခိုင်းဖို့ သဘာပတိနဲ့အခန်းအနားမှူးတို့ကို ကိုးယိုကားယား အမိန့်ပေးပါတယ်။ အဲဒါကိုမြင်တဲ့ဦးခင်မောင်ချိုခမျာ လန့်ဖြန့်ပြီး စာတမ်းကိုလှန်လှောတွေ့တဲ့နေရာက စဖတ်သွားပါတယ်။ နောက်တနေ့မှာတော့ ဦးခင်မောင်ချိုဟာ ညီလာခံစည်းကမ်းချိုးဖေါက်တဲ့အတွက် ညီ

လာခံကိုယ်စားလှယ်အဖြစ်မှရပ်စဲလိုက်ကြောင်း မြန်မာ့အသံရေဒီယို၊ ရုပ်မြင်သံကြားနဲ့ သတင်းစာတွေ မှာကြေညာလိုက်တာကိုတွေ့ရပါတယ်။

သဘာပတိကြီးခင်ဗျား–

ညီလာခံကာလအတွင်း လူမှုရေးပတ်ဝန်းကျင်အခြေအနေများနဲ့ ပတ်သက်လို့လည်း အကျဉ်းချုံးပြီးတင်ပြလိုပါတယ်။ နိုင်ငံရေးပါတီကိုယ်စားလှယ်များနဲ့ ရွေးချယ်ခံကိုယ်စားလှယ်များကလွဲပြီး တခြားအစုအဖွဲ့တွေဟာ အစုအဖွဲ့တစ်ခုနဲ့တစ်ခုအကြား ပေါင်းသင်းဆက်ဆံရေးမှာ ခပ်စိမ်းစိမ်းဖြစ် နေတာကိုတွေ့ရပါတယ်။ အထူးသဖြင့် နိုင်ငံ့ဝန်ထမ်းအစုအဖွဲ့မှာပါတဲ့ကိုယ်စားလှယ်များဟာဆိုရင် နိုင်ငံရေးအဖွဲ့အစည်းဝင်တွေနဲ့ မျက်နှာချင်းဆိုင်စကားပြောရမှာတောင် ဝန်လေးနေသလိုတွေ့ရပါတယ်။

အဲဒါကြောင့် အတုအယောင် နဝတ အမျိုးသားညီလာခံမှာ ပါဝင်တက်ရောက်နေကြတဲ့ ကိုယ်စားလှယ်များအနေနဲ့ ပြောဆိုနေကြ "သမိုင်းတရားခံမဖြစ်ရေး" ပြတ်ပြတ်သားသားဆုံးဖြတ်ဖို့ အချိန်တန်ပြီ ဖြစ်ပါတယ်။

အထက်ပါတို့မှာ ဦးဒယ်နီရယ်အောင်၏ ရှင်းလင်းပြောကြားချက်များဖြစ်ပါသည်။ အမျိုးသားညီလာခံမှာ တင်းကြပ်ထားတဲ့ဥပဒေတွေကိုချိုးဖေါက်တယ်ဆိုပြီး ဘဝပျက်လောက်အောင် အရေးယူခံလိုက်တာများလည်းရှိပါသေးသည်။ ညီလာခံကိုယ်စားလှယ်ဒေါက်တာအောင်ခင်ဆင့်သည် ကိုးကန့်တိုင်းရင်းသားကိုယ်စားလှယ်တို့တင်ပြသော စာမှာ စိတ်ဝင်စားစရာဖြစ်၍ လူထုသိသင့်သည်ဟုယူဆကာ ပုံနှိပ်ပြီးဖြန့်ဝေခိုင်းရာ ညီလာခံသတင်းများကိုလျှို့ဝှက်ထားရမည်ဟူသော စည်းမျဉ်းပုဒ်မ (ဂ) (ည) ချိုးဖောက်သည်ဟုစွပ်စွဲကာ ဒေါက်တာအောင်ခင်ဆင့်အပါအဝင် ၎င်းကိုကူညီသော ဦးခင်မြင့်၊ ဒေါက်တာမသီတာ၊ ဦးဆန်းမင်း၊ ဦးခင်မောင်၊ ကိုသက်၊ ဦးကိုကိုကြီးနှင့် သီရိမြိုင်ပုံနှိပ်လုပ်ငန်း ပိုင်ရှင် ကိုတင်မြင့်တို့အား ထောင်ဒဏ် အနှစ် ၂၀ စီချမှတ်ခဲ့သည်။

ထိုင်းနိုင်ငံတွင် ၁၉၉၇ အခြေခံဥပဒေရေးဆွဲရာတွင်မူ ညီလာခံအစည်းအဝေးအတွင်း အငြင်းပွားဆွေးနွေး ချက်များကိုသာမက ညီလာခံတက်ရောက်ခွင့်မရှိသော နိုင်ငံရေးပါတီများ၊ ထင်ရှားသောပုဂ္ဂိုလ်များ၏ ထင်မြင်ချက်၊ ဝေဖန်ချက်များကိုပါ နေ့စဉ်ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများတွင်ဖေါ်ပြ၍ ပြည်သူများကို အသိပေးနေသည် မှာ မိမိပြည်သူများကို မည်မျှတန်ဖိုးထားကြောင်း ထင်ဟပ်ပေါ်လွင်စေပါသည်။

## ဆောင်ပုဒ်နှင့်အမိန့်

နဝတ/နအဖ စစ်အစိုးရ၏ "နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အား လုံး၏ပဓာနကျသော တာဝန်ဖြစ်သည်" ဟူသော မက်လုံးပေးထားသည့်ဆောင်ပုဒ်ကို နေ့စဉ် မြန်မာ့ရုပ်မြင်သံကြား နှင့် ရေဒီယိုအသံလွှင့်ချက်များ

တွင်ရော၊ သတင်းစာများ၊ မဂ္ဂဇင်းများ၊ ဝတ္ထုများနှင့် ကလေးဖတ်ရုပ်ပြကာတွန်းများတွင် ပါမကျန် တွေ့ကြမည်ဖြစ်သည်။ ဤသည်မျှမက၊ လမ်းဘေးတွင် ပိုစတာဆိုင်း ဘုတ်ကြီးများချိတ်ဆွဲ၍ လှုပ်ဆော်ထားသည်ကိုလည်း တွေ့မြင်နိုင်ကြသည်။

ဤဆောင်ပုဒ်ပါတာဝန်ကို ပြည်သူများက ဝမ်းပန်းတသာထမ်းဆောင်လိုသောဆန္ဒ ပြင်းပြနေကြသည်။ တိုင်းပြည်၏ဂုဏ်သိက္ခာဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာရေးအတွက်ဖြစ်၍ မည်သူကဝမ်းမသာဘဲနေမည်နည်း။ ကိုယ်တိုင်ထမ်းဆောင်ရန် မတတ်နိုင်သော်လည်း ဤတာဝန်ကိုပြည်သူတို့ကိုယ်စား ထမ်းဆောင်ပေးမည့်သူများအတွက်လည်း ဝမ်းသာကြမည်။ ကျေးဇူးတင်ကြမည်သာ။ သို့သော် ဘက်တဘက်တွင်ကား ဤတာဝန်ထမ်းဆောင်သူမည်သူမဆို ထောင်ဒဏ် ၅နှစ်မှ အနှစ်၂၀ ကျခံစေရမည်ဟူသော ဥပဒေ အမှတ် ၅/၉၆သည် ဆောင်ပုဒ်နှင့် ဗီလာဆန့်ကျင်နေသည်။

မည်သို့ပင်ဖြစ်စေကာမူ ဆန့်ကျင်ဘက်နှစ်ခုကြားက ဒီမိုကရေစီထွန်းကားရေး၊ ဥပဒေစိုးမိုးရေးဖြစ်ထွန်းမှုအတွက် ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးတာဝန်သည် ပြည်သူအားလုံး၏ ပုခုံးပေါ်တွင်ကျရောက် လျက်ရှိသည်ဖြစ်၍ နည်းလမ်းရှာဖွေကြိုးစားအားထုတ်ရမည့် သမိုင်းပေးတာဝန် တစ်ရပ်ဖြစ်ပေသည်။ ။

ဦးဝင်းမောင်

**အခြေခံဥပဒေရေးရာ**

# အခြေခံဥပဒေရေးရာ သတင်းတိုလွှာများ

## သီရိလင်္ကာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကန့်ကွက်ဆန္ဒပြမှု

သီရိလင်္ကာနိုင်ငံသမတ မစ္စက်ချန်ဒရီကာ ကူမာရာတွန်ဂါး က သီရိလင်္ကာမြောက်ပိုင်းနှင့်အနောက်ပိုင်းတွင် နေထိုင်ကြသော တမီလ်လူမျိုးစုများအတွက် ကိုယ်ပိုင်အုပ်ချုပ်ရေးကျယ်ကျယ်ပြန့်ပြန့် ပေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းတရပ်ကို သြဂုတ်လ(၃) ရက်နေ့တွင်ပါလီမန်သို့တင်သွင်းခဲ့သည်။

၎င်းက ပါလီမန်တွင်အဆိုပါ ဥပဒေမူကြမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားနေစဉ် အတိုက်အခံပါတီ (ညီညွတ်သောအမျိုးသားပါတီ-UNP)ပါတီဝင်များ၏ မကျေမနပ် အော်ဟစ်ခြင်းကို မကြာခဏ ခံခဲ့ရသည်။ အတိုက်အခံများသည် အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းမိတ္တူကိုဆုတ်ဖြဲခဲ့ကြသည်။ သမတက ပါလီမန်မှထွက်ခွါသွား သောအခါ ထိုမူကြမ်းမိတ္တူများကို မီးရှို့ခဲ့ကြသည်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများကလည်း ပါလီမန်၏ အနီးတဝိုက်တွင်ဆန္ဒပြကာ အဆိုပါအခြေခံဥပဒေမူကြမ်းမိတ္တူကို မီးရှို့ခဲ့ကြသည်။ ထိုအခြေခံဥပဒေသစ် မူကြမ်းတွင် တမီလ်များ ကိုဆောင်ရွက်ပိုင်ခွင့်အများအပြား ပေးထားသည်ဟုဆိုကာ မကျေနပ်ဖြစ်ကြခြင်းဖြစ်သည်။

သီရိလင်္ကာ တရားရုံးချုပ်ကမူ ပါလီမန်တွင်မဲအများစု သုံးပုံနှစ်ပုံ မဲအများစုနှင့် အတည်ပြုခဲ့လျှင်တောင်မှ လူထု ဆန္ဒခံယူပွဲကျင်းပရဦးမည်ဟုဆုံးဖြတ်ခဲ့သည်ဟုဆိုသည်။

*(သြဂုတ်လ (၄) ရက်နေ့ထုတ် နေရှင်းသတင်းစာကို ကိုးကားဖေါ်ပြသည်။)*

## ဖီဂျီနိုင်ငံအာဏာသိမ်းမှု

ဖီဂျီနိုင်ငံတွင် စီးပွားရေးလုပ်ငန်း၌မအောင်မြင်သောအမျိုးသားရေးဝါဒီ မစ္စတာ ဂျော့စပိတ်(Gorge Speight)သည် ၎င်းအားထောက်ခံသူအချို့နှင့်အတူ ပါလီမန် အဆောက်အဦးကို မေလအတွင်းက ဝင်ရောက်သိမ်းပိုက်ကာ ဝန်ကြီးချုပ် မစ္စတာ မဟင်ဒရာ – ချောင်ဒရီ အ ပါအဝင် လူ (၃၀) ခန့်ကိုဓါးစာခံအဖြစ် ဖမ်းဆီးထား ခဲ့သည်။

၎င်းသည် လွန်ခဲ့သည့်တနှစ်ခန့်က ရွေးကောက်ပွဲတွင်မဲ အပြတ်အသတ်အနိုင်ရကာ ပထမဆုံးသော အိန္ဒိယ အနွယ်ဝင် ဝန်ကြီးချုပ်ဖြစ်လာခြင်းကိုမနှစ်သက်ပေ။ ၎င်း၏ အကြောင်းပြချက်မှာ ဖီဂျီနိုင်ငံကို ဖီဂျီတိုင်းရင်းသားများ အုပ်ချုပ်ရမည်။ ၁၉၉၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖီဂျီတိုင်ရင်းသားများ၏ အခွင့်အရေးကို လျော့နည်းစေသည်ဟုဆိုသည်။

ဓါးစာခံဖမ်းဆီးထားခြင်းကိစ္စ (၁၀) ရက်ခန့်ကြာလာသော်လည်း ညှိနိုင်းမရသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြဿနာအတွင်း စစ်တပ်ကဝင်လာခဲ့သည်။ မေလ(၃၀) ရက်နေ့တွင် စစ်ခေါင်းဆောင် ကိုမိုဒိုး ဖရက်ဘိုနာမာရမာ က အာဏာသိမ်းကြောင်း ကြေညာခဲ့သည်။ မာရှယ်လောအမိန့်ကိုထုတ်ပြန်ခဲ့သည်။ ထို့အပြင် ၁၉၉၀ ခုနှစ်က ပြဌာန်းထားသော ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုပြန်လည် ကျင့်သုံးမည်ဟုလည်းကြေညာခဲ့သည်။ ၁၉၉၀ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ဖီဂျီတိုင်းရင်းသား များအား အခွင့်အရေးအမြောက်အများပေးထားသည်။ စစ်ခေါင်းဆောင်သစ်အနေဖြင့် နောက်ထပ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်လာသည်အထိ သုံးနှစ်ခန့် အာဏာကိုဆက်လက်ကိုင်ထားမည် ဟုဆိုသည်။ ဓါးစာခံဖမ်းဆီးခြင်းကိုလည်း ပြစ်မှုကျူးလွန်ခြင်းဖြစ်သည်ဟုဆိုခဲ့သည်။

မစ္စတာစပိတ် ကမူ စစ်တပ်ကအာဏာကိုရေရှည်ကိုင်စွဲထားမည်ကိုမလိုလားပေ။ ၎င်းကအမည်စာရင်း တင်သွင်းသူများပါဝင်သော ကြားဖြတ်အစိုးရတရပ် ဖွဲ့စည်းပေးရန်တောင်းဆိုထားသည်။ ဇူလိုင်လ (၁၂) ရက်နေ့တွင် ၎င်းကိုယ်တိုင် ဝန်ကြီးချုပ်ဖြစ်ချင်ကြောင်းပြောဆိုခဲ့သည်။ ဓားစာခံများ နှစ်လနီးပါးမျှ ဖမ်းဆီးထားစဉ်အတွင်း စစ်ခေါင်းဆောင်နှင့် မစ္စတာစပိတ်တို့ ဓါးစာခံပြဿနာပြေလည်ရေးအတွက် အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြရာ နောက်ဆုံးတွင် အရပ်သားကြားဖြတ်အစိုးရ ဖွဲ့စည်းခြင်း၊ မစ္စတာစပိတ် နှင့်အဖွဲ့အား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ မစ္စတာ စပိတ်တို့ကိုင် ဆောင်ထားသောလက်နက်များကို စစ်တပ်သို့အပ်နှံခြင်း စသည့်သဘောတူညီချက်များဖြင့် ပါလီမန်တွင်ဓါးစာခံ ဖမ်းထားခြင်း ပြဿနာအဆုံးသတ်သွားသည်။ ဇူလိုင်လ (၁၂)ရက်နေ့နှင့် (၁၄) ရက်နေ့အတွင်း ဖမ်းဆီးထားသောဓါးစာခံများကိုလွှတ်ပေးခဲ့သည့်အတွက်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဿနာတစုံတရာပြေလည်သွားသည်။ သို့သော်ကြား ဖြတ်အစိုးရတွင် မစ္စတာစပိတ် နှင့်စစ်ခေါင်းဆောင်အကြား ကြားဖြတ်အစိုးရ တွင်ပါဝင် စေလိုသူများကို ခွဲတမ်းချ၍မရသေးဘဲ အခြေအနေတင်းမာလျက်ရှိသည်။ မစ္စတာစပိတ်ကလည်း ၎င်းလိုလားသူများ မပါဝင်ပါက တိုင်းပြည်တွင် ဆက်လက်မတည်ငြိမ်မှုများဖြစ်နေဦးမည်ဟု ခြိမ်းခြောက်လျက်ရှိသည်။ တဖက်တွင်လည်း မစ္စတာစပိတ် ၏ ဆောင်ရွက်မှုများကြောင့် ဩစတေးလျ၊ နယူးဇီလန်၊ အင်္ဂလန်နှင့် အမေရိကန်နိုင်ငံတို့၏ စီးပွားရေး၊ ကုန်သွယ်ရေး ပိတ်ဆို့အရေးယူမှုကိုခံနေရသည်။

ဇူလိုင်လ ၂၆ ရက်နေ့တွင် စစ်တပ်က မစ္စတာစပိတ်အား ဖမ်းဆီးကာ တိုင်းပြည်မငြိမ်မသက်ဖြစ်အောင်ခြိမ်း ခြောက်မှု၊ သစ္စာဖေါက်မှုတို့ဖြင့်တရားစွဲဆိုလိုက်ပေသည်။

*( မေလ၊ ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ထုတ် ဘန်ကောက်ပို့စ် နှင့် နေးရှင်းသတင်းစာများကို ကိုးကားဖေါ်ပြသည်။)*

## ရွေးကောက်ပွဲဥပဒေပြင်ဆင်ခြင်းအငြင်းပွားနေမှု အဆုံးသတ်သွားခြင်း

လက်ရှိကာလတွင် ထိုင်းနိုင်ငံအောက်လွှတ်တော်၌ ရွေးကောက်ပွဲဥပဒေ ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ အခြေအတင် အငြင်းပွားလျက်ရှိသည်။ လွန်ခဲ့သောမတ်လအတွင်းက အထက်လွှတ်တော်ရွေးကောက်ပွဲတွင် မဲလိမ်မှု၊ မဲဝယ်မှုများ ရှိခဲ့သောကြောင့် ရွေးကောက်ပွဲကို (၅)ကြိမ်ထက်မနဲ ပြန်ကျင်းပခဲ့ရသောအတွေ့အကြုံပေါ်တွင် ရွေးကောက်ပွဲဥပဒေ ပြင်ဆင်ရန် စဉ်းစားလာကြခြင်းဖြစ်သည်။ မကြာမီကျင်းပတော့မည့် အောက်လွှတ်တော်ရွေးကောက်ပွဲတွင် သန့်ရှင်းပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် ဥပဒေကိုပြင်ဆင်ကြခြင်းဖြစ်သည်။

ဥပဒေကိုပြင်ဆင်ရန်မူလတင်ပြထားသော အချက်များထဲ၌ မဲဝယ်မှု၊ မဲလိမ်မှု စသည့် အကြောင်းတခုခုကြောင့် ကိုယ်စားလှယ်တဦးအား ရွေးကောက်ပွဲကိုယ်စားလှယ်အရည်အချင်းမပြည့်မီဟု ဆုံးဖြတ်ရန် အခွင့်အာဏာကို ရွေးကောက်ပွဲကော်မရှင် အားပေးထားသည်။ ရွေးကောက်ပွဲကော်မရှင်က တရားရုံးချုပ်ဥက္ကဋ္ဌ၊ စီမံခန့်ခွဲမှုအထူး တရားရုံး ဥက္ကဋ္ဌ၊ ရှေ့နေချုပ်နှင့် လွှတ်တော်ခန့်အရာရှိ(ombusman) တို့ပါဝင်သော စစ်ဆေးရေးကော်မတီ၏ အကူအညီဖြင့် ဆုံးဖြတ်ရမည်ဖြစ်သည်။ ယခုမူ လွှတ်တော်တွင် ရွေးကောက်ပွဲကော်မရှင် ၏အပြည့်အဝဆုံးဖြတ်ခွင့် အာ ဏာကို တရားရုံးချုပ် သို့လွှဲပြောင်းပေးရန်တင်ပြလာသောကြောင့် အခြေအတင်အငြင်းအခုံ ဆွေးနွေးနေကြရသည်။ ရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ကိုယ်စားလှယ်အရည်အချင်းမပြည့်မီကြောင်းဆုံးဖြတ်နိုင်သည်။ သို့သော် တရားရုံးချုပ်က စစ်ဆေးပြီးနောက် အပြီးသတ်ဆုံးဖြတ်ပေးရမည်ဖြစ်သည်။

ဤသို့အာဏာကိုတရားရုံးချုပ်သို့အပ်နှင်းလိုက်ခြင်းအားဖြင့် ရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် တရားရုံးချုပ်၏ဆုံးဖြတ်ချက်တို့ ကွဲလွဲပါက ပဋိပက္ခ ဖြစ်လာနိုင်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့တို့ကအပြင်း အထံတင်ပြကြသည်။ လွှတ်တော်ဥက္ကဋ္ဌဟောင်းဖြစ်သူ မီချေးရှချူဖန် ကလည်း ရွေးကောက်ပွဲကော်မရှင်၏ဆုံးဖြတ်ချက်ကိုစစ်ဆေးရန် တရားရုံးချုပ်သို့အာဏာပေးခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်ဆန့်ကျင်နေကြောင်း သတိ ပေး ပြောကြားခဲ့သည်။

ဩဂုတ်လ (၃၁)ရက်နေ့တွင်မူ ကိုယ်စားလှယ်အရည်အချင်းမပြည့်မီကြောင်းဆုံးဖြတ်နိုင်ခွင့်ကို ရွေးကောက်ပွဲကော်မရှင်အားပေးရန်နှင့် ကော်မရှင်ဆုံးဖြတ်ချက်ကို စီစစ်ရန် ထိုဆုံးဖြတ်ချက်အား ဥပဒေရေးဆွဲရေးကော်မတီဥက္ကဋ္ဌ (၁၁) ဦးဖြင့်ဖွဲ့ စည်းထားသော ကောင်စီ(Council of State)ထံ ပေးပို့ရန် အဆိုပြုတင်ပြချက်တရပ်ကို အောက်လွှတ်တော်တွင် မဲပေးသဘောတူခဲ့ကြ၍ အောက်လွှတ်တော်၌ထိုကိစ္စအငြင်းပွားနေမှု အဆုံးသတ်သွားသည်။

ရွေးကောက်ပွဲဥပဒေပြင်ဆင်ချက်တစုံလုံးကို အထက်လွှတ်တော်ကိုယ်စားလှယ်များ စဉ်းစားဆွေးနွေးရန် အထက်လွှတ်တော်သို့တင်သွင်းထားသည်။

*(ဇူလိုင်လ ၂၈၊ ၂၉၊ ၃၁၊ နေ့ထုတ် ဘန်ကောက်ပို့နှင့်နေးရှင်းသတင်းစာများကိုကိုးကားဖော်ပြသည်။)*

## ဇင်ဘာဘွေ နိုင်ငံ မြေယာပြဿနာနှင့် ဖွဲ့စည်းပုံမအခြေခံဥပဒေ

လွန်ခဲ့သောဖေဖော်ဝါလက လူထုဆန္ဒခံယူပွဲတွင် (၅၄)ရာခိုင်နှုန်းကန့်ကွက်မဲဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပယ်ချခဲ့ပြီးသည့်နောက်ပိုင်း လွတ်လပ်ရေးရဲဘော်ဟောင်းများအုပ်စုက လူဖြူပိုင်လယ်ယာမြေများကို ဝင်ရောက်ကျူး ကျော်သိမ်းပိုက်ခဲ့ကြသည်။

လူနဲစုလူဖြူများသည် ဇင်ဘာဘွေနိုင်ငံ မြေသြဇာကောင်းသော လယ်ယာမြေများ၏ (၇၅) ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားကြသည်။ ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုပြင်ရာတွင် လယ်ယာမြေပြန်လည် ဝေခြမ်းရေးပြဋ္ဌာန်းချက် ကိုပြဋ္ဌာန်းခဲ့သည်။ သို့သော်ထိုဥပဒေ အကောင်အထည်ဖော်မှုမှာနှောင့်နှေးနေပဟန်ရှိခဲ့သည်။ လွန်ခဲ့သည့်နှစ်နှောင်းပိုင်းတွင် လယ်ယာမြေကို လျော်ကြေးမပေးဘဲ သိမ်းယူနိုင်သောပြဋ္ဌာန်းချက်ပါသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲခဲ့ကြသည်။

အမှန်အားဖြင့် နှစ်ပေါင်း၂၀ကြာ အုပ်ချုပ်လာသည့် သမတ ရောဘတ်မူဂါဘီသည် ၎င်းအားလူထုထောက်ခံ မှုကျဆင်းလာသည့်အတွက် အာဏာကိုပြန်လည် ထိန်းချုပ်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲစေခြင်းဖြစ်ကြောင်း သိသာလာသည်။ လူထုအနေနှင့် သမတ ကိုအာဏာအပြည့်အဝ ပေးထားသောစနစ်ထက်ဝန်ကြီးချုပ် စနစ်ကို ပို၍လိုလားသည်ဟုဆိုသည်။

ဖွဲ့စည်းပုံခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်၏နောက်ဆုံးအဆင့်တွင် အခြေခံဥပဒေမူကြမ်း၌ လူထု၏အမြင်သဘောထား အစီရင်ခံချက်များကို လစ်လျူရှုထားခြင်း၊ အခြေခံဥပဒေရေးဆွဲရေးလုပ်ထုံးလုပ်နည်းများနှင့် ဆန့်ကျင်နေခြင်းများနှင့်စပ်လျဉ်း၍ ရေးဆွဲသူများအကြား အကြီးအကျယ် အငြင်းပွားမှုဖြစ်ခဲ့ကြသည်။

ဆန္ဒခံယူပွဲတွင် လူများစုက အခြေခံဥပဒေမူကြမ်းကို ကန့်ကွက်လိုက်သောအခါ သမတ ရောဘတ်မူဂါဘီ ကိုထောက်ခံသောအုပ်စုက လူဖြူပိုင်လယ်ယာမြေများကို တစတစ ကျူးကျော်သိမ်းပိုက်ကြတော့သည်။ သမတ ကလည်း ထိုအကြမ်းဖက်သိမ်းပိုက်မှုကို ပြောင်ထောက်ခံအားပေးလျက်ရှိသည်။ လယ်ယာမြေပြုပြင်ပြောင်းလဲရေး အတွက် အထောက်အပံ့ပေးနေသော နိုင်ငံများက ထိုကိစ္စနှင့်ပတ်သက်၍ ရှုံ့ချကန့်ကွက်လျက်ရှိသည်။ ဇင်ဘာဘွေနိုင်ငံ၏ နိုင်ငံခြားဝင်ငွေ အများဆုံးရှာပေးနေသော လယ်ယာကဏ္ဍမှဝင်ငွေ လျော့ကျသွားနိုင်သည်ဟု အကဲခတ်များ ကဆိုသည်။

ဇင်ဘာဘွေ လယ်ယာမြေပြဿနာသည် ဖွဲ့စည်းပုံဥပဒေဆိုင်ရာ ပြဿနာရပ်ဖြစ်နေ၍ မကြာမီတွင်ဖွဲ့စည်းပုံ ခြေခံဥပဒေပြန်လည်ရေးဆွဲရန် တာစူလာကြမည်ဖြစ်သည်။

*(Zimbabwe standard online ( November,December 99) Bangkok Post 2000 သတင်းစာများကို ကိုးဖော်ပြသည်။)*

### လူ့အခွင့်အရေး

# လူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာ့လူ့အခွင့်အရေး

ဦးခင်မောင်ဝင်း

*ဇူလိုင်လ (၁၈)ရက်နေ့ထုတ် The Nation သတင်းစာတွင်ဦးခင်မောင်ဝင်းရေးသားသည့် Burma human -ights body is not all that is needed အမည်ရှိဆောင်းပါးကို ဘာသာပြန်ဆိုရှ် ပြန်လည်ဖော်ပြခြင်းဖြစ်သည်။ ။ အယ်ဒီတာ*

မြန်မာနိုင်ငံမှ အစိုးရအာဏာပိုင်များအား လူ့အခွင့်အရေးသင်တန်းပေးရေးကိစ္စအတွက် သြစတေးလျအစိုးရသည် နအဖ စစ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာစစ်အစိုးရအနေဖြင့် အမျိုးသားလူ့အခွင့်အရေးကော်မရှင် တည်ထောင်ရန် ပြင်ဆင်နေမှုအပေါ်အကြောင်းပြု၍ သြစတေးလျအစိုးရက ထိုသို့ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်ဟု ယူဆရသည်။ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ တိုးတက်ကောင်းမွန်အောင်လုပ်ရေးအတွက် မြန်မာစစ်အစိုးရနှင့် လက်တွဲလုပ်ဆောင်ရန်လိုအပ်သည်ဟုသြစတေးလျအစိုးရက တွေးခေါ်ယူဆထားသည်။

လတ်တလောအခြေအနေများအရ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးကော်မရှင်တည်ထောင်ရေးကိစ္စ ဆုံးဖြတ်ချက်ချမှတ်ရေးမှာ ကျင့်ဝတ်သိက္ခာပိုင်းနှင့် သက်ဆိုင်သောကိစ္စဖြစ်သည်။ ထိုဆုံးဖြတ်ချက်မှာ တိုင်းပြည်အုပ်ချုပ်ရန် နိုင်ငံရေးအရ တရားဝင်မှု အဆင့်အတန်းလုံးဝမရှိသော နအဖ အစိုးရထံမှ ဆင်းသက်လာခြင်းလည်းဖြစ်သည်။ အဆိုးဝါးဆုံးမှာ နှစ်စဉ် ကမ္ဘာ့ကုလသမဂ္ဂမှ မှတ်တမ်းတင်ပြစုလျက်ရှိသော ဆိုးရွားလှသည့်လူ့ အခွင်အရေးချိုးဖေါက်မှုများအတွက် တရားခံမှာ နအဖ ဖြစ်နေခြင်းပင်ဖြစ်သည်။

နိုင်ငံရေးတရားဝင်မှုရှိရေးကိစ္စ ငြင်းခုန်ခြင်းထက် ပြည်သူများ၏ လူ့အခွင့်အရေးအခြေအနေတိုးတက်အောင်လုပ်ရေးမှာ ပို၍အရေးကြီးသောကိစ္စဖြစ်သည်ဟု တချို့က စောဒကတက်ကောင်း တက်ပေလိမ့်မည်။ အမှန်တကယ် လူ့အခွင့်အရေး မြှင့်တင်ပေးနိုင်မည့် အရိပ်အယောင်ရှိလျှင် ထိုမျှ ကောင်းမွန်လှသည့် အယူအဆို မည်သူမျှ ငြင်းပယ်မည်မဟုတ်ပါ။ သို့သော် မြန်မာနိုင်ငံတွင် လူ့အခွင့်ရေးတိုးတက်ကောင်းမွန်လာအောင်လုပ်ရေးမှာ လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းရေးထက် ဦးစားပေး လုပ်ဆောင်ရမည့်

ကိစ္စများရှိနေသည်ကို သတိမူသင့်ပေသည်။

## ဥပဒေစိုးမိုးရေး

ဥပဒေစိုးမိုးရေး (rule of law)ကင်းမဲ့နေရခြင်းသည် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွါးနေသော လူ့အခွင့်အရေးချိုးဖေါက်မှုများ၏ အဓိကအကြောင်းတရားဖြစ်သည်။ အစိုးရအာဏာပိုင်များအနေဖြင့် ဥပဒေဘောင်ကျော်ပြီး အာဏာကျင့်သုံးမှုကြောင့် ဖြစ်ရသော လူ့အခွင့်အရေးချိုးဖေါက်မှုများအနက် ထင်ရှားသောသာဓကများထဲတွင် နအဖက သူတို့ကိုယ်တိုင် ပြဋ္ဌာန်းထားသော ရွေးကောက်ပွဲဥပဒေကို လစ်လျူရှုခြင်း၊ နိုင်ငံရေးနှင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများကို အရေးပေါ်စီမံမှုအက်ဥပဒေ ၅(ည)အရ ဖမ်းဆီးခြင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် ရွေးချယ်ခံပြည်သူ့ကိုယ်စားလှယ်များအပေါ် ကန့်သတ်ချက်များ ချမှတ်ခြင်းတို့ပါဝင်သည်။ စစ်တပ်နှင့် အစိုးရအာဏာပိုင်များ၏ အာဏာအလွန်အကျွံသုံးမှုစက်ကွင်းမှ အပြစ်မဲ့အရပ်သားများလည်း ကင်းလွတ်ခွင့်မရှိပေ။ အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခြင်း၊ နေရာပြောင်းရွှေ့ခြင်း၊ ရွာမီးရှို့ခြင်း၊ မုဒိန်းကျင့် ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ သတ်ဖြတ်ခြင်းများကို နေ့စဉ်နှင့်အမျှ ကျူးလွန်လျက်ရှိသည်။ ထိုသို့ဖြစ်နေရခြင်းမှာ ဥပဒေကိုနည်းမှန်လမ်းမှန်အတိုင်းကျင့်သုံးမှု (due process oflaw) မရှိခြင်းကြောင့် ဖြစ်သည်။ ၁၉၉၈ခုနှစ်က ဗဟိုတရားရုံး တရားသူကြီးများကို အစုလိုက်အပြုံလိုက် ရှင်းလင်းဖယ်ရှားလိုက်ခြင်းက မြန်မာနိုင်ငံတရားစီရင်ရေးစနစ်အဆင့်အားလုံးတွင် ဝင်ရောက်ကျူးကိုင်ချယ်လှယ်နိုင်ရေး တရားသူကြီးများအား ခန့်အပ်တာဝန်ပေးမှုကို နည်းလမ်းအဖြစ် အသုံးပြုသွားမည်ဆိုသည်ကို ဖေါ်ပြလျက်ရှိသည်။ စစ်တပ်မှ ကျူးလွန်ထားသော လူ့အခွင့်အရေးချိုးဖေါက်မှုများကို လွတ်လပ်စွာ တရားစီရင်နိုင်သော အခြေအနေလုံးဝမရှိပေ။ မြန်မာနိုင်ငံတရားစီရင်ရေးစနစ်တခုလုံးကို စစ်တပ်က လွှမ်းမိုးချုပ်ကိုင်ထားသည်ဆိုသော အချက်မှာ လုံးဝသံသယဖြစ်ဖွယ်မရှိပေ။

ဥပဒေကိုနည်းမှန်လမ်းမှန်အတိုင်းကျင့်သုံးမှုနှင့် တရားဥပဒေစိုးမိုးရေးစနစ် မြန်မာနိုင်ငံတွင် ရှိနေမည်ဆိုပါက လက်ရှိဖြစ်နေသော လူ့အခွင့်အရေးချိုးဖေါက်မှု အမြောက်အများ မူလကတည်းက ဖြစ်ပွါးမည်မဟုတ်ပေ။ လူ့အခွင့်အရေးကော်မရှင်ကို တည်ထောင်ပြီးနောက်တွင်လည်း ဥပဒေစိုးမိုးရေးနှင့် ဥပဒေနည်းမှန်လမ်းမှန်အတိုင်း ကျင့်သုံးမှုကို တိုးတက်ကောင်းမွန်လာအောင် လုပ်နိုင်မည့် နည်းလမ်း အာမခံချက် လုံးဝမရှိသေးပေ။

လက်ရှိမြန်မာနိုင်ငံရင်ဆိုင်နေရသော လူ့ခွင့်အရေးချိုးဖေါက်မှုများကို လျှော့ချနိုင်ရေးအတွက် လိုအပ်နေသည်မှာ လူ့အခွင့်အရေးဆိုင်ရာ ယန္တရားသစ်များတည်ထောင်ရေးမဟုတ်ပဲ ဥပဒေကိုနည်းမှန်လမ်းအတိုင်းကျင့်သုံးရေးမှု ပြန်လည်သွတ်သွင်းရေးသာဖြစ်သည်။ မြန်မာနိုင်ငံဥပဒေစနစ်သည် ဗြိတိသျှ ဓနသဟာယ ဥပဒေစနစ်ကို မှီငြမ်းထားသောစနစ်ဖြစ်ပြီး ပြည်သူများ၏အခွင့်အရေးကို မျှမျှတတ အာမခံထားသော ပြဋ္ဌာန်းချက်များ ပါဝင်နေခြင်းကြောင့်ဖြစ်သည်။

## စစ်တပ်၏စိတ်နေသဘောထား

ဒုတိယအနေဖြင့် စစ်ဗိုလ်ချုပ်ကြီးများဖြင့် စုဖွဲ့ထားသော လက်ရှိအစိုးရက ပြည်သူများအပေါ်ထားရှိသော စစ်တပ်သဘောထား(military attitude)ကို ပြုပြင်ရန်လိုသည်။ စစ်အစိုးရနှင့် ၎င်း၏လက်အောက်ခံ ဌာနများသည် လူမျိုးစုံမြန်မာပြည်သူများအကြား စည်းလုံးညီညွတ်မှု ပျက်ပြားအောင်လုပ်ဆောင်ခြင်း၊ သွေးခွဲအုပ်ချုပ်ခြင်းများကို အားသွန်ခွန်စိုက် လုပ်ဆောင်ခြင်းဖြင့် အလွန်အလုပ်များလျက်ရှိသည်။ စစ်အစိုးရကို ဝေဖန်မှုကျဆင်းစေရန်နှင့် ကပ်ဖါးရပ်ဖါးလုပ်သူများကို အထူးအခွင့်အရေးပေးသောနည်းလမ်းကိုလည်း စစ်အစိုးရက အသုံးများသည်။ သာမန်ပြည်သူများအတွက် တက္ကသိုလ်၊ ကောလိပ်များပိတ်ထားချိန်တွင် စစ်တပ်သားသမီးများအတွက် သီးသန့်တည်ထောင်ထားသော တက္ကသိုလ်၊ ကောလိပ်များကို ဖွင့်လှစ်ထားခဲ့သည်။ သို့ဖြင့် မြန်မာ့လူ့အဖွဲ့အစည်းကြီးသည် စစ်တပ်၏ထောက်ခံအားပေးမှု ရရှိသောအတန်းအစားနှင့် သာမန်ပြည်သူပြည်သူများ အတန်းအစားအဖြစ် ခွဲခြမ်းခံလိုက်ရသည်။

ဘာသာရေး၊ လူမှုရေး၊ လူမျိုးရေး နိုင်ငံရေးယုံကြည်ချက်များကြောင့် ဖြစ်ရသော နိုင်ငံသားများအပေါ် ခွဲခြားဆက်ဆံမှု (discrimination) မှာလည်း စစ်အစိုးရ၏ ပြည်သူများအပေါ် ထားရှိသောသဘောထားကို ဖော်ညွှန်းလျက်ရှိသည်။ စစ်ဗိုလ်ချုပ်ကြီးများ အများဆုံး ကိုးကွယ်သော ဗုဒ္ဓဘာသာကိုအခြေခံ၍ ဗမာအမျိုးသားရေး ဝါဒစိုက်ထူရန် စစ်အစိုးရက စနစ်တကျလုပ်ဆောင်လာသောအခါ အဆိုပါခွဲခြားဆက်ဆံမှုမှာ အထွတ်အထိပ်သို့ ရောက်ရှိသွားသည်။

ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများ ကျေးရွာများကို အတင်းအကြပ်ရွှေ့ပြောင်းမှုမှာ တိုင်းရင်းသာလူမျိုးများအပေါ် ခွဲခြားဆက်ဆံမှုနှင့်ဆိုင်ပြီး၊ ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓဘာသာ မဟုတ်သူများအကြား ရန်လိုမုန်းတီးမှုများကို ဖန်တီးခြင်းမှာ ဘာသာရေးအရ ခွဲခြားဆက်ဆံမှုက ဆင်းသက်လာသည်။ ဒီမိုကရေစီတော်လှန်ရေးတွင် ပါဝင်နေသူတဦးဦး၏ ဆွေမျိုးသားခြင်းများ နိုင်ငံကူးလက်မှတ် ထုတ်ပေးရန် ငြင်းဆန်းခြင်းခံကြရသည်။ အဆိုးဆုံးမှာ နအဖ အာဏာရယူထားမှုကို စိန်ခေါ်နိုင်သူများဟု ယူဆခံရသူများကို ရန်သူသဖွယ် သဘောထားခြင်းဖြစ်သည်။

ပြည်သူများအပေါ်ထားရှိသော စစ်တပ်၏ ထိုသဘောထားများကို မပြုပြင်ပဲနှင့် ရေရှည်တွင် လူ့အခွင့်အရေးကို ကာကွယ်ထိမ်းသိမ်းထားနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ရေရှည် လူ့အခွင့်အရေးကာကွယ်ထိမ်းသိမ်းနိုင်ရေးအတွက် စစ်အစိုးရ၏ ပြည်သူများအပေါ် သဘောထားကို ပြောင်းလဲပစ်ရန် လိုအပ်လျက်ရှိသည်။

## အခြေခံလွတ်လပ်မှု အခွင့်အရေးများ

တတိယအချက်အနေနှင့် အရေးတကြီး ထည့်သွင်းစဉ်းစားရမည့်ကိစ္စမှာ အခြေခံလွတ်လပ်မှုအခွင့်အရေးများ(fundamental freedom) ဖြစ်သည်။ လူ့အခွင့်အရေးနှင့်

ပတ်သက်သော သတင်းအချက်အလက်များကို ဆွေးနွေးမှု၊ ဖြန့်ဝေမှုသည် ပြည်သူများ ကျင့်သုံးနိုင်သည့် အခြေခံလွတ်လပ်မှုအခွင့်အရေးဖြစ်ရမည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို မြန်မာဘာသာသို့ ပြန်ဆိုပြီး မြန်မာပြည်သူများအတွင်း တရားဝင် ဖြန့်ဝေမှုမျိုး မရှိသေးပေ။ လူ့အခွင့်အရေး ပညာပေးစာအုပ်များအပါအဝင် အစိုးရက ခွင့်မပြုသော စာအုပ်စာတမ်းများ ရိုက်နှိပ်ဖြန့်ဝေသူများကို ၁၉၆၂ခုနှစ် စာပုံနှိပ်တိုက်နှင့်ထုတ်ဝေသူများအက်ဥပဒေအရ အပြစ်ပေးအရေးယူလျက်ရှိသည်။ နိုင်ငံအတော်များများ၏ အခြေခံဥပဒေတွင် ထည့်သွင်းဖေါ်ပြလေ့ရှိသော လူ့အခွင့်အရေးပြဋ္ဌာန်းချက်များကို ဆွေးနွေးမှုပြုလျှင် ဥပဒေအမှတ် ၅–၉၆ အရ ပြစ်ပေးအရေးယူနိုင်သည်။ လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များကို အင်တာနက် ပေါ်တွင်ရှာဖွေစုဆောင်း၊ လေ့လာသူများကိုလည်း ကွန်ပျူတာဥပဒေအရ အပြစ်ပေး အရေးယူနိုင်သည်။

အခြေခံလွတ်လပ်မှုအခွင့်အရေးများ ဆိတ်သုဉ်းနေခြင်းကြောင့် မြန်မာပြည်သူများအနေဖြင့် မိမိတို့လူ့အခွင့်အရေးကို ကာကွယ်ရာတွင် အာနည်းနေရသည့်အပြင် လူ့အခွင့်အရေးချိုးဖေါက်မှုများ ဆက်တိုက်ဖြစ်ပွါးနေမှုကို တားဆီးနိုင်ခြင်းလည်းမရှိပေ။ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်လျက်ရှိသည်မှာ အခြေခံလွတ်လပ်မှုအခွင့်အရေးများ ပြန်လည် ဖေါ်ဆောင်ရေးဖြစ်သည်။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး တိုးတက်ကောင်းမွန်အောင် လုပ်ရေးမှာ အမျိုးသားလူ့အခွင့်အရေးကော်မရှင် တည်ထောင်ခြင်းအပေါ်တွင် မူမတည်ပေ။ ထိုလူ့အခွင့်အရေး ကော်မရှင်တည်ထောင်မှုမှာ အထက်ပါ အချက်ကြီးသုံးချက်ကို တိုးတက်အောင်လုပ်ဆောင်ရန် အစီအစဉ်မရှိလျှင် မြန်မာပြည်သူများ၏ လူ့အခွင့်အရေးတိုးတက်ကောင်းမွန်အောင် လုပ်ရေးဆိုသည်မှာ အိမ်မက်မျှသာ ဖြစ်နေပေလိမ့်မည်။ လူ့အခွင့်အရေးကော်မရှင်တည်ထောင်ခြင်းမှာ မြန်မာနိုင်ငံလူ့အခွင့်အရေးပြသနာနှင့် လူ့အခွင့်အရေး တိုးတက်ကောင်းမွန်အောင်လုပ်ရေး၏ ထွက်ရပ်လမ်း မဟုတ်ပါ။ ။

ဦးခင်မောင်ဝင်း

## လူ့အခွင့်အရေး

# ဩစတြေးလျပေါ်လစီနှင့် မြန်မာ့လူ့အခွင့်အရေး

ဦးရဲထွတ်

*စက်တင်ဘာလ (၁၂)ရက်နေ့ ဩစတြေးလျနိုင်ငံတွင် ထုတ်ဝေသော The Syndey Morning Herlad သတင်းစာတွင် ဦးရဲထွတ်ရေးသားသည့် ဆောင်းပါးကို ဘာသာပြန်ဆိုဖော်ပြခြင်းဖြစ်သည်။*

အတိတ်ကာလများက အလွန်အကျွံ ဖြောက်ပင့်ရေးပေါ်လစီများကို အသုံးပြုကာ အာဏာရှင်စနစ်စိုက်ထူသူများမှာ အရုပ်ဆိုးညစ်ပတ်လှသည့် အမေရိကန်လူမျိုးများ ဖြစ်သည်။ သို့သော် အမေရိကန်များသည် သူတို့၏အမှားများကို ရဲရဲတင်းတင်း သင်ခန်းစာထုတ်နိုင်ခဲ့သည်။ သို့သော် ကင်ဗရာရှိ နိုင်ငံရေးသမားများအနေဖြင့် ထိုကိစ္စကို သတိမူဟန် မတွေ့ရပေ။

တချိန်က ဩစတြေးလျနိုင်ငံကို ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ထွန်းကားရာ အာရှ၏မီးရှူးတန်ဆောင်အဖြစ် မြန်မာနိုင်ငံတွင် သိထားကြသည်။ ဩစတြေးလျနိုင်ငံ၏ ဂုဏ်သတင်းကို ဖေါ်ဆောင်ရန်အတွက် လူထုစည်းရုံးလှုံ့ဆော်မှုများလုပ်ရန် မလိုအပ်ခဲ့ပေ။ မြန်မာနိုင်ငံမှ ထွက်ပြေးလွတ်မြောက်လာသူများအနေဖြင့် ကနေဒါ၊ အမေရိကန်ပြည်ထောင်စု နိုင်ငံများထက် ဩစတြေးလျနိုင်ငံတွင်ခိုလှုံရေးကို ပထမဦးစားပေး ရွေးချယ်ခဲ့ကြသည်။

ဝန်ကြီးချုပ် ဟားဝါ့(ဒ) အစိုးရက ထိုကောင်းခြင်း လက္ခဏာများကို ဖျက်ဆီးပစ်လိုက်လေပြီ။ ယခုအခါ ဩစတြေးလျနိုင်ငံတွင်ခိုလှုံရန် ဘန်ကောက်မှ ထွက်ခွါလာကြသော မြန်မာများ ပို၍အခက်အခဲကြုံလာရသည်။ ဒုက္ခသည်လျှောက်ထားမှုများကို ဩစတြေးလျအစိုးရက မကြာခဏဆိုသလို ပယ်ချလေ့ရှိသည်။

မြန်မာနိုင်ငံ၌ လူ့အခွင့်အရေး တိုးတက်ကောင်းမွန်လာစေရန်ဟုဆိုကာ လုပ်ဆောင်နေသော ဩစတြေးလျနိုင်ငံ၏မူဝါဒများကို ကာကွယ်ပြောဆိုသည့်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီး အလက်စန်းဒါး–ဒေါင်းနား စက်တင်ဘာလ(၆)ရက်နေ့ Herald သတင်းစာတွင် ရေးသားသော ဆောင်းပါးကို ဖတ်ရသည်မှာ အလွန်ပင် စိတ်ဝင်စားဖွယ်ဖြစ်သည်။

သူက “ မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲများ ရရှိလာအောင် ဆယ်စုနှစ်ချီ၍ နည်းမျိုးစုံသုံးကာ ချီးကပ်လုပ်ဆောင်မှုများ ကျဆုံးပြီးနောက်၊ လူ့အခွင့်အရေး သင်တန်းများပို့ချပေးရန် ကျွန်ုပ်တို့၏ခြေလှမ်းများ စတင်ပြီးမကြာမီပင် ကျဆုံးနေပြီဟု ပြောသော ကောက်ချက်များမှာ အခြေအမြစ်မရှိစွပ်စွဲခြင်း သို့မဟုတ် မရိုးမသားစွပ်စွဲခြင်းသာ ဖြစ်သည်၊” ဟုဆိုသည်။ မြန်မာနိုင်ငံက အစိုးရ အရာရှိတစုကို ဩစတြေးလျနိုင်ငံ စာသင်ခန်းများအတွင်း လူ့အခွင့်အရေးသင်တန်းပေးရေးဆိုသော ထိုစီအစဉ်မှာ ရောမစိန်ခေါ်မှုကြီးပင်ဖြစ်သည်။ နည်းပြဆရာများ အောင်မြင်ပါစေကြောင်း ဆန္ဒပြုပါသော်လည်း အဆိုပါ သင်တန်းပို့ချမှုသည် နှစ်ပေါင်းများစွာခက်ထန်ဆုံးကာလများကို ကျော်ဖြတ်နေခြင်း သာဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

နယူးဇီလန်နိုင်ငံတွင် ကျင်းပသွားသော အာရှပစိဖိတ်နိုင်ငံများမှ အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ၏ ပဥ္စမမြောက် နှစ်ပတ်လည်ညီလာခံအကြောင်းကိုလည်း မစ္စတာဒေါင်းနား က ထည့်သွင်းပြောဆိုသွားသည်။ ကျွန်ုပ်တို့ ကိုယ်စားလှယ်တဦးမှာလည်း ထိုညီလာခံကို တက်ရောက်လျက်ရှိသည်။ ဩစတြေးလျအစိုးရက မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးကော်မရှင်တည်ထောင်ပေးရေးကို အကူအညီပေးနေကြောင်း ထိုညီလာခံတွင် ထပ်မံအတည်ပြုပြောကြားသွားသည်။ ထိုကိစ္စသည်လည်း အရှက်မရှိသော လုပ်ရပ်သာဖြစ်သည်။ လုံးဝ လွတ်လပ်မှုလည်းမရှိ၊ ပွင့်လင်းမှုလည်းမရှိသော အခြေအနေမျိုးတွင် မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးကော်မရှင် တည်ထောင်ရေးဆိုသည်မှာ ဖြစ်နိုင်ပါမည်လားဆိုသည်ကို အားလုံးက သံသယဖြစ်နေကြသည်။ လျှို့ဝှက်လုပ်ဆောင်နေသော လုပ်ရပ်သည် စင်စစ် နအဖ အစိုးရကို တရားဝင်အောင် သူကောင်း ပြုပေးသော လုပ်ရပ်သာဖြစ်သည်။ မစ္စတာ ဒေါင်းနား ကို အောင်မြင်ပါစေကြောင်း ဆန္ဒပြုလိုပါသော်လည်း သူ့လုပ်ဆောင်မည့်ကိစ္စမှာ အောင်မြင်မှုမရှိ ကျဆုံးမည်ဆိုသည်ကို ကြိုတွေးနိုင်ပါသည်။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးကော်မရှင် တည်ထောင်ရေးလုပ်ငန်းရပ်တိုင်းသည် အခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းခြင်းနှင့် အတူအကွ ယှဉ်တွဲဖြစ်ပေါ်ရမည့် ကိစ္စဖြစ်သည်။ ထို့အတူ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့သည်လည်း ထိုလုပ်ငန်းစဉ်တွင် တောက်လျှောက် ပါဝင်ခွင့်ရနေရန် လိုသည်။ ဒေါ်အောင်ဆန်းစုကြည် တယောက်တည်းကသာ ပြည်သူလူထု ထောက်ခံမှုရရှိထားပြီး၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ပြန်လည်တည်ဆောက်ရန် သံဓိဋ္ဌာန်ချထားသူဖြစ်သည်။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တည်ထောင်ရေး လုပ်ငန်းစဉ်အားလုံးတွင် မဖြစ်မနေ ပါဝင်ရမည့်သူများဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီပါတီကို ပါဝင်ခွင့်ပေးရန် ဩစတြေးလျအစိုးရနှင့် မြန်မာစစ်အစိုးရ နှစ်ခုစလုံးကို ကျနော်တို့ မေတ္တာရပ်ခံပြီးဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၁၉၉၀ခုနှစ် ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်နှင့် အနိုင်ရထားကြောင်း၊ သို့သော်စစ်အစိုးရက အာဏာလွှဲဖို့ ငြင်းဆန်နေကြောင်းတို့ကို မစ္စတာ ဒေါင်းနား အား ထပ်မံသတိပေးရန် လိုမည်မထင်ပါ။ ရွေးချယ်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ထောင်သွင်းအကျဉ်းချထားယုံမျှမက ဒေါ်အောင်ဆန်းစုကြည်ကိုလည်း နေအိမ်မှာ ခြောက်နှစ်တာ ဖမ်းဆီးထိမ်းသိမ်းထားလိုက်သေးသည်။ လူ့အခွင့်အရေးကိစ္စ အကြီးအကျယ် ဝေဖန် ရှုတ်ချ

နေချိန်မှာပင် မြန်မာစစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်ပြင်ပ ခရီးသွားလာခွင့်ကိုပင် ထပ်မံပိတ်ပင်တာဆီးလိုက်ပြန်သည်။ ငြိမ်းချမ်းရေး နိုဘယ်ဆုရှင်တဦးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်အား စက်တင်ဘာလ(၂)ရက်နေ့ကတည်းက နေအိမ်မှာ ထပ်မံဖမ်းဆီးထားပြီး၊ သံတမန်များနှင့် အဆက်ဖြတ်ထားသည်။ တယ်လီဖုန်း အဆက်အသွယ်များလည်း ဖြတ်တောက်ထားသည်။ ထိုမျှရိုင်းပြသောလုပ်ရပ်များကို အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံတို့က ရှုတ်ချနေချိန်တွင် သြစတြေးလျနိုင်ငံက ရေငုံနှုတ်ပိတ်နေခြင်းမှာ အံ့သြစရာ ဖြစ်သည်။ အမေရိကန်သမတ ဘေလ်–ကလင်တန်နှင့် ဗြိတိသျှဝန်ကြီးချုပ် တိုနီ–ဘလဲ တို့ ကုလသမဂ္ဂ ထောင်ပြည့်ညီလာခံ မိန့်ခွန်းများတွင် မြန်မာစစ်အစိုးရကို ရှုတ်ချသွားကြသည်။

အခုအချိန်အထိ မစ္စတာဒေါင်းနား၏ မူဝါဒများကို သုံးသပ်ရလျှင် မကြားချင်ယောင်ဆောင် နားပိတ်ထားရေးပေါ်လစီပင်ဖြစ်ကြောင်း ပေါ်လွင်လာပြီဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုင်တွယ်ပုံနှင့်ပတ်သက်၍ ဝေဖန်မှုများကို မြန်မာစစ်အစိုးရက ထိုကိစ္စသည် ပြည်တွင်းရေးသာဖြစ်ကြောင်းပြော၍ ပယ်ချခဲ့သည်။ တိုင်းပြည်ကို မင်းမဲ့အခြေအနေရောက်အောင် လုပ်ဆောင်နေသူများအတွက်ရယ်မှ ကြိုတင်ကာကွယ်ခြင်းသာဖြစ်ကြောင်းလည်း နအဖ နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်က ကုလသမဂ္ဂ ထောင်ပြည့် ညီလာခံတွင် ပြောကြားသွားသည်။

သြစတြေးလျအနေဖြင့် လူ့အခွင့်အရေးကော်မရှင်တည်ထောင်ရေးကိစ္စ နအဖ စစ်အစိုးရအား ပေးနေသောအကူအညီများအား မဆိုင်းမတွ လုံးဝရပ်ဆိုင်းပစ်ရပေမည်။ သို့မှသာ မြန်မာပြည်သူလူ၏ ထောက်ခံမှုနှင့် ယုံကြည်မှုများကို ပြန်လည်ရရှိနိုင်ပေမည်။ ထို့အပြင် မစ္စတာဒေါင်းနား အနေဖြင့် နအဖနှင့် ရရှိထားသော အဆက်အသွယ်များကို အသုံးချ၍ အမျိုးသားဒီမိုရေစီဖွဲ့ချုပ်ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များအား ချုပ်ချယ်တားမြစ်ထားမှုများနှင့် အစိတ်အပိုင်းအားဖြင့် အရေးအပေါ်အခြေအနေ ချမှတ်ထားမှုများ ရုတ်သိမ်းသွားအောင် လုပ်ဆောင်သင့်သည်။ အခုချက်ခြင်း ဆောင်ရွက်ရန်လိုသည်။ သြစတြေးလျ လုပ်ရပ်ကို မှတ်ကျောက်တင် အစမ်းသပ်ခံရမည့် အချိန်ရောက်နေပေပြီ။ ။

ဦးရဲထွတ်